
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

- ပုံနှိပ်သူ
ဦးကျော်ဌေးမင်း (၀၅၉၉၂)
အောင်သိန်းသန်းပုံနှိပ်တိုက်၊ အမှတ် ၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။

- ထုတ်ဝေသူ
ဦးအောင်မိုး(၀၄၆၇၆)
အမှတ်-၁၁၊ အောင်သပြေလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

- ဖြန့်ချိရေး
ရတနာသိုက်စာပေတိုက်
အမှတ်-၁၄၂(ပထမထပ်)၊ ၄၇လမ်း(အထက်)၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၀၀၆၉၉၉၊ ၀၉ ၅၅၀ ၆၁၉၈၊ ၀၉ ၅၁ ၉၆၁၂၃

- မျက်နှာဖုံးဒီဇိုင်း
အောင်မိုး

- ကွန်ပျူတာ
ဝေယံထက်

- CTP
ကမ္ဘာဦး

- စာအုပ်ချုပ်
ကိုတင်အေး(လှိုင်)

- ပုံနှိပ်ခြင်း
၂၀၁၅၊ ဩဂုတ်လ၊

- အုပ်ရေ
၁၀၀၀

- တန်ဖိုး
၁၈၀၀ ကျပ်

၈၉၅.၈၃

မင်းတာခေတ်၊ စာရေးဆရာ
Village
မင်းတာခေတ်။ ရန်ကုန်။
ရတနာသိုက် စာပေ၊ ၂၀၁၅
စာ - ၁၆၄၊ ၁၂.၅ × ၂၀ စင်တီမီတာ
Village

www.burmeseclassic.com




# THE VILLAGE

CONTENTS


| | |
|---|---|
| ၁။ အပြီးရွာ | ၁ |
| ၂။ ကလေးမမွေးတဲ့ရွာ | ၄၄ |
| ၃။ ပြောင်းပြန်ရွာ | ၇၈ |
| ၄။ အရှူးရွာ | ၁၀၆ |
| ၅။ အိပ်မက်ရွာ | ၁၂၀ |


www.burmeseclassic.com

www.burmeseclassic.com



# မင်းတခေတ်
# Min Ta Khit

## THE VILLAGE
## ရွာ

Strange
Love
Romance
Story

www.burmeseclassic.com

www.burmeseclassic.com



# အပြုံးရွာ

## (နိဒါန်း)

လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ခန့်က နိုင်ငံငယ်လေးတစ်ခုတွင် ထူးဆန်းသော ရွာတစ်ရွာ ရှိခဲ့ဖူးသည်။ ထိုရွာလေး၏ အမည်မှာ "အပြုံးရွာ" ဖြစ်၏။ သို့သော် ...

ထိုရွာကလေးသည် ယခုအချိန်တွင်မူ မှည့်ထားသောအမည်နှင့် လုံးဝမပတ်သက်၊ မအပ်စပ်လှတော့ပေ ...။

အဘယ့်ကြောင့်ဆိုသော် ထိုရွာကလေးရှိ လူသားအားလုံးတို့တွင် လွန်ခဲ့သော နှစ်ပေါင်း ၅၀ ခန့်မှစ၍ အပြုံး/အရယ်တို့ ပျောက်ဆုံးကုန်သောကြောင့်ပင် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



(၁)

အပြုံးရွာ ...။

အပြုံးရွာကလေးသည် လွန်ခဲ့သော အနှစ် ၅၀ ကျော်က အလွန်ပျော်ရွှင်ဖွယ်ကောင်းလှသော ရွာလေးတစ်ရွာဖြစ်သည်။ ရွာသူရွာသားအားလုံးတို့သည် ရွာအမည်နှင့် လိုက်ဖက်လှအောင်ပင် အပြုံးအရယ်များကြပြီး မျက်နှာထား ချိုကြည်ကြ၏။

လူနေမှုစရိုက်ကလည်း အင်မတန် ပွင့်လင်းရိုးရှင်းကြပါသည်။ အနှစ်ဆိုရသော် အပြုံးရွာကလေးရှိ လူသားအားလုံးတို့သည် စိတ်သဘောထား ဖြူစင်ကြသည်။ ရိုးသားကူညီတတ်ကြသည်။ တစ်ဦးနှင့်တစ်ဦး စကားမာမာပင် မပြောတတ်။ ခိုက်ရန်ဖြစ်ပွားမှုဆိုတာကိုတော့ ကြားပင်ကြားဖူးကြခြင်း မရှိ။



www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေးအခြေအနေဘက်တွင်လည်း ထိုရွာကလေးက စိုပြည်ပါ၏။ အသီးအနှံပေါများသည်။ ဈေးသည်ဈေးဝယ်များနှင့် အင်မတန် စည်ကားလှသော ရွာလေးတစ်ရွာအဖြစ် ထင်ရှားကျော်ကြား လှ၏။

သို့သော် ... အပြုံးရွာကလေး၏ ဂုဏ်သတင်းကျော်ကြားမှု တို့သည် လွန်ခဲ့သော အနှစ် ၅၀ မှစ၍ တစ်စစ တိမ်ကောပပျောက် သွားခဲ့ပြီ ဖြစ်လေ၏။

ယခုမူ အပြုံးရွာကလေးသည် ...။

■



www.burmeseclassic.com

www.burmeseclassic.com



(၂)

ယခုမူ အပြုံးရွာကလေးသည် လွန်ခဲ့သော နှစ်ပေါင်း ၅၀ ခန့်က အပြုံးရွာကလေးနှင့် မည်သို့မျှ ဆက်စပ်၍ မရနိုင်တော့လောက်အောင် ခြားနားမှုပြောင်းလဲသွားခဲ့ပြီ ဖြစ်၏။

ရွာကလေးသည် ပျော်စရာ မရှိတော့လောက်အောင်ကို ခြောက်သွေ့ပျက်ပြားလာခဲ့၏။ အသီးအနှံများလည်း ပေါပေါများများ မထွက်တော့သလို လူတစ်ဦးနှင့်တစ်ဦးတို့သည်လည်း တစ်ချိန်ကလို လှိုက်လှဲပျူငှာမှုတွေ မရှိတော့ချေ။

ရွာကလေးရှိ လူအားလုံးတို့၏ စိတ်ထဲတွင် စိုးရွံ့ကြောင့်ကြမှု၊ မယုံသင်္ကာဖြစ်မှု၊ အလိုလောဘ အတ္တစိတ်တို့သည် တဖြည်းဖြည်းနှင့် သိသိသာသာကြီး စိုးမိုးလာခဲ့ကြ၏။

တခြား မဆိုထားနှင့် ...။ သားအဖချင်း၊ လင်မယားချင်း၊ ဆွေမျိုးသားချင်း အချင်းချင်းတို့ပင် တစ်ဦးနှင့်တစ်ဦး ယုံကြည်မှု၊ မေတ္တာတရား၊ ကိုယ်ချင်းစာမှုတို့ မရှိကြတော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



ပရဟိတစိတ်ဓာတ်ဆိုသည်ကတော့ ဟိုးအဝေးဆုံးမှာပင် ဖြစ်နေလေပြီ ...။

တစ်ချိန်တုန်းက ခိုက်ရန်ပွားမှုဆိုသည့် စကားလုံးကို အဓိပ္ပာယ်ပင် ကောင်းကောင်းနားမလည်ခဲ့ကြသည့် အပြုံးရွာကလေးတွင် တစ်ကိုယ်ကောင်းဆန်စိတ်၊ အတ္တစိတ်တို့ ကြီးထွားလာမှုကြောင့် မကြာခဏဆိုသလို လူသတ်မှု၊ လူရိုက်မှု၊ အငြင်းပွားမှုများ ဖြစ်ပေါ်လာနေ၏။

■



www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့် ...

"အပြီးရွာ" ကလေးသည် ဤမျှလောက် ဆိုးဝါးစွာ ပြောင်းလဲခြားနားသွားခဲ့ရသနည်း ...။



www.burmeseclassic.com

www.burmeseclassic.com



(၃)

လွန်လေပြီးသော သက္ကရာဇ် (၂၀၀၀) ခန့်က ကမ္ဘာပေါ်ရှိ မထင်မရှားနိုင်ငံငယ်လေးတစ်ခုတွင် အပြုံးရွာ၊ ကလေးမမွေးတဲ့ရွာ၊ ပြောင်းပြန်ရွာ . . . စသည်ဖြင့် ထူးဆန်းသောရွာများ ရှိခဲ့ဖူး၏။

ထိုနိုင်ငံငယ်လေးအတွင်းမှ ရွာအားလုံးတို့သည် ဒီမိုကရေစီစနစ် မထွန်းကားခင် အချိန်ကတည်းကပင် ကိုယ်ပိုင်ရွာများ တည်ထောင်ပြီး ကိုယ်ပိုင်အုပ်ချုပ်ရေးစနစ်ဖြင့် နေထိုင်လာခဲ့ကြခြင်းဖြစ်သည်။ ကိုယ့်ရွာမှာပင် မွေးဖွား . . .၊ ကိုယ့်ရွာမှာပင် အရွယ်ရောက် . . .၊ ကိုယ့်ရွာမှာပင် လုပ်ကိုင် . . .၊ ကိုယ်ရွာမှာပင် အိမ်ထောင်ကျ . . .၊ ကိုယ့်ရွာမှာပင် အိုမင်း၊ ကိုယ့်ရွာမှာပင် သေဆုံးကြရ၏။

ထူးခြားသည်က ထိုနိုင်ငံငယ်လေးအတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ရေးရ ရွာအားလုံးတို့သည် နတ်ကိုသာ အလုံးစုံ ကိုးကွယ်ယုံကြည်အားထားကြသည်။

"Creater God of New Life"



www.burmeseclassic.com

www.burmeseclassic.com



ဘဝအသစ်တွေ၏ ဖန်ဆင်းရှင်ကို နတ်ဘုရားက စီစဉ်သည်ဟု စွဲစွဲမြဲမြဲ မှတ်ယူထားခဲ့ကြ၏။ ရွာသူရွာသားများအားလုံးတို့သည် ခါပရီ (Khepri) အမည်ရှိ နတ်ကို ကိုးကွယ်ကြသည်။ တစ်နည်းအားဖြင့် ခါပရီ (Khepri) သည် ချေးပိုးထိုးနတ်ကို ဆိုလိုထားခြင်းဖြစ်၏။

လွင်ပြင်ကျယ်တစ်ခုတွင် ခြောက်ပေခန့်မြင့်၍ လူကြီးတစ်ဖက်ခန့်ရှိသော ကျောက်တိုင်တစ်ခုပေါ်တွင် ချေးပိုးထိုးနတ်ရုပ်ပုံကို စနစ်တကျ ထုဆစ်ထား၏။ ရွာသူရွာသားတို့သည် မိမိတို့ အလိုရှိရာ ဆုတောင်းကို နတ်ရုပ်ရှိကျောက်တိုင်အား လက်ဝဲရစ် ၁၁ ပတ်ပတ်ပြီး ပူဇော်ဆုတောင်းကြရသည်။ ဆုတောင်းပြည့်သည်ဟုလည်း ယုံကြည်ကြသည်။

ခါပရီ (Khepri) နတ်ကို ကိုးကွယ်သော အပြုံးရွာကလေးသည် အစစအရာရာ ဝပြောစည်ပင်ခဲ့ပါ၏။ တစ်နေ့သောအခါတွင် အလွန်စုတ်ပြဲပေရေနေသော မိန်းမတစ်ဦးသည် အပြုံးရွာကလေးသို့ ရုတ်တရက် ရောက်ရှိလာခဲ့သည်။

ရွာသူရွာသားများက ရုပ်ဆင်းအင်္ဂါအားဖြင့်လည်းကောင်း၊ ဝတ်စားဆင်ယင်ထားမှုအားဖြင့်လည်းကောင်း ကြည့်ရှုသုံးသပ်ပြီး ထိုလူစိမ်းမိန်းမကို အရူးမ (စိတ်မနှံ့သူ)၊ စုန်းမ (မှော်အတတ် တတ်မြောက်ထားသူ) စသဖြင့် အမျိုးမျိုး သတ်မှတ်ပြောဆိုထားကြ၏။

စိတ်ထားကောင်းမွန်သည့် အပြုံးရွာသူရွာသားများက လူစိမ်းမိန်းမကို အစားအသောက်၊ အဝတ်အထည်များ လာရောက်ပေးကမ်းရင်း စပ်စုဖြစ်ကြသည်။

"အစ်မကြီးက ဘယ်ကလာတာလဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



"…"

လူစိမ်းမိန်းမကြီးက စိတ်မန္တြုဲ့ပဲလား မသိပါ။ ကောင်းကင်ကိုသာ လက်ညှိုးထိုးပြ၏။

"ဟာ … ဒါဆို ခင်ဗျားက ကောင်းကင်က လာတယ်ဆိုတော့ နတ်သမီးလား"

လူစိမ်းမိန်းမကြီးက မဖြေပါ။

"နတ်သမီးတော့ မဖြစ်နိုင်ပါဘူးဗျာ … ခင်ဗျားက စုန်းမကြီးဆိုရင် တော်သေးတယ်၊ ဒါမှမဟုတ် ခင်ဗျားက အရူးလား"

ထိုစကားကြောင့် ထိုမိန်းမကြီးက လာရောက်ဝိုင်းဝန်းကျီစားစနောက်ကြသည့် အပြုံးရွာသူရွာသားများကို အနားရှိ ခဲများနှင့်လိုက်ပေါက်ပြီး အော်ကြီးဟစ်ကျယ် ဆဲဆိုလွှတ်၏။

ရွာသူရွာသားများကတော့ သဘောတကျ ရယ်မောပျော်ရွှင်နေကြ၏။ နောက်တော့ ထိုလူစိမ်းမိန်းမကြီးသည် အပြုံးရွာသူရွာသားတို့၏ စနောက်စရာ ဖြစ်လာခဲ့၏။

သည်လိုနှင့်ပင် …။

အပြုံးရွာကလေးသည် လည်းကောင်း …။

လူစိမ်းမိန်းမကြီးသည် လည်းကောင်း …။

ရွာသူရွာသားများသည် လည်းကောင်း၊ ရက်ပေါင်းများစွာ … လပေါင်းများစွာတို့ကို အေးဆေးညင်သာစွာ ဖြတ်သန်းလာခဲ့ကြ၏။

■



www.burmeseclassic.com

www.burmeseclassic.com



(၄)

တစ်နေ့သော် ...။

အပြိုးရွာကလေးတွင် ပြဿနာတစ်ရပ်နှင့် ကြုံတွေ့ရင်ဆိုင်ခဲ့ရ၏။ ထိုပြဿနာမှာ လူစိမ်းမိန်းမထံမှ စတင်အစပျိုးခဲ့ခြင်း ဖြစ်သည်။

အကြောင်းအရင်းမှာ ထိုမိန်းမတွင် ကိုယ်ဝန်ရှိလာခဲ့ခြင်း ဖြစ်၏။

ထိုမိန်းမ၏ ကိုယ်ဝန်သည် မည်သူနှင့် ရလာခဲ့သနည်း။ အပြိုးရွာသားတစ်ယောက်၏ ပယောဂဆိုတာကိုတော့ အားလုံးနားလည်လက်ခံထားကြပါသည်။

ထိုမိန်းမကို မည်သူနှင့် ကိုယ်ဝန်ရခဲ့သလဲဆိုသည့် မေးခွန်းကိုလည်း အကြိမ်ကြိမ် သွားရောက်မေးမြန်းခဲ့ပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် တိပသော အဖြေတစ်စုံတစ်ရာကို မရကြပေ။

ညအချိန်မတော်တွင် လူတစ်ယောက်ရောက်လာပြီး သူမကို အဝတ်တစ်ခုနှင့် အုပ်ကာ သားမယားပြုကျင့်သွားခဲ့သည်ဟုသာ အကြမ်းဖျင်း သိကြရ၏။

အကျဉ်းချုပ်သော် ထိုလူစိမ်းမိန်းမ၊ အရူးမ၊ စုန်းမ၏ မိုက်ကိစ္စသည် ဘဲဥအစရှာမရသလို ဖြစ်နေလေတော့၏။

■



www.burmeseclassic.com

www.burmeseclassic.com



(၅)

ရွာအုပ်ချုပ်သူလူကြီးအိမ်ရှေ့တွင် ရွာသူ ရွာသားအများအပြား စုရုံးရောက်ရှိနေကြ၏။ အကြောင်းက ထိုဖိုက်ပြဿနာနှင့် ပတ်သက်၍ ရွာလူကြီးမှ တစ်ရွာလုံးကို ဆင့်ခေါ်ထားခြင်းကြောင့် ဖြစ်သည်။

"အဟမ်း . . . အဟမ်း . . . အခု အားလုံးကို ခေါ်တွေ့ရတဲ့ အကြောင်းကို အားလုံးလည်း သိရှိပြီး ဖြစ်မှာပါ။ ဘယ်သူ ဘယ်ဝါဆိုတာကိုလည်း တပ်အပ်မပြောနိုင်သေးပါဘူး . ."

လူကြီးစကားကို နားထောင်နေကြသော ရွာသူရွာသားများ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး တရားခံကို ခန့်မှန်းရှာဖွေ နေကြ၏။

သို့ပေမဲ့ မည်သူမျှ မခန့်မှန်းနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် အားလုံးက ပုံမှန်အတိုင်း ရွှင်ပျပြုံးကြည်နေကြသောကြောင့်ပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီပြဿနာက သိပ်အရေးမပါလှတဲ့ ပြဿနာတစ်ခုဆိုပေမဲ့လည်း ဒီရွာမှာ ဖြစ်ပျက်သွားတဲ့ကိစ္စတစ်ခုမို့ ရွာလူကြီးကျုပ်မှာ တာဝန်ရှိနေတယ်။ ပြီးတော့ ဒီပြဿနာက အပြီးရွာမှာ ရှိနေကြတဲ့ လူတွေအားလုံးရဲ့ ဂုဏ်သိက္ခာပိုင်းကိုလည်း ထိခိုက်စေနိုင်ပါတယ် ..."

"ဒါတော့ ဟုတ်တယ်ဗျို့"

"တစ်စုံတစ်ယောက်လုပ်ရပ်ကြောင့် ကျန်တဲ့လူတွေပါ သိက္ခာကျတယ်"

ရွာသားနှစ်ဦးက လူကြီးစကားကို ထောက်ခံသမှု ပြုနေ၏။

"အဲဒီတော့ လူကြီးတစ်ယောက်အနေနဲ့ ကျုပ်ပြောချင်တာကတော့ ဒီလူစိမ်းမိန်းမနဲ့ပတ်သက်ပြီး ဆက်ဆံရေး ထူးခြားမှု ရှိတဲ့သူ ... တစ်နည်းအားဖြင့် မသင်္ကာတဲ့လူရှိပါက အခုလို လူအများရှေ့မှာပဲ ပွင့်ပွင့်လင်းလင်း တင်ပြအကြံပြုဆွေးနွေးနိုင်ပါတယ်"

လူကြီးစကားအဆုံးမှာ ရွာသူရွာသားတွေ တခဏ ဆူညံသွားကြသည်။ သူတို့အထင်ရှိရာကို အချင်းချင်း တီးတိုးပြောဆိုနေကြ၍ ဖြစ်၏။

"ဒါဆိုလည်း ... မင်း ပြောလိုက်လေကွာ"

"တော်ကြာ ငါပြောတာမဟုတ်ရင် သူ့သိက္ခာကျသွားမှာပေါ့"

"ဒါဆိုရင် ငါတို့ကပါရောပြီး မဆီမဆိုင် အထင်ခံနေရမှာပေါ့ကွ၊ ရဲရဲသာ ထပြောလိုက်စမ်းပါ"

လူငယ်နှစ်ယောက် တီးတိုးငြင်းခုန်တာကို လူကြီးကြားသွားပြီး အားလုံးကို လက်ကာပြလိုက်၏။ ချက်ချင်းဆိုသလို အားလုံးလည်း



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သက်သွားကြ၏။ လူကြီးက ...

"မောင်ရင်လေး ... ပြောစရာရှိရင် ရဲရဲသာပြောပါ"

"ဟို ... အဲဒါက"

လူငယ်လေးက ထင်မြင်ချက်သက်သက်မို့ မပြောရဲ ဖြစ်နေ၏။ သူငယ်ချင်းဖြစ်ဟန်တူသည့် လူငယ်လေးတစ်ယောက်ကတော့ ရဲရဲ ပြောပြဖို့ မျက်နှာရိပ်ပြနေ၏။

"ပြောပါ မောင်ရင်လေး၊ ဘာမသင်္ကာစရာ တွေ့လို့လဲ"

"သိပ်မသေချာတော့ မပြောတော့ပါဘူးဗျာ"

"ပြောသာ ပြောပါ၊ ဒါမှလည်း တရားခံကို ဖော်ထုတ်နိုင်မှာ ပါ ... မဟုတ်ရင် အပြုံးရှာရဲ့ ဂုဏ်သိက္ခာကို ထာဝရထိခိုက် နေပါလိမ့်မယ်"

"ဟင်း !"

လူငယ်လေးက သက်ပြင်းတစ်ချက်ကို ပီပီပြင်ပြင် အရင်ချ၏။ နောက် ... လူအုပ်ထဲမှ လူလတ်ပိုင်းအရွယ်ရှိ လူတစ်ယောက်ကို ခဏကြည့်လိုက်သေးသည်။ ပြီးမှ ...

"ကျွန်တော့်အစ်ကိုကြီး ဖိုးလုံးကိုတော့ အဲဒီမိန်းမကြီးအနားမှာ မကြာခဏ တွေ့တွေ့နေရတယ်"

"ဟာ ..."

အားလုံး၏အကြည့်တွေက ဖိုးလုံးဆိုသူထံတွင် စုပုံကျရောက် နေခဲ့သည်။ သူ့မိန်းမ ဘုတ်ဆုံက ...

"ဘုတ်ဆုံ ... မဟုတ်ဘူးဟ၊ အရေးထဲ နင်ကတစ်မျိုး တိတ်တိတ်နေစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ လက်ရှိအနေအထားအရ ကိုဖိုးလုံး အကျပ်ရိုက်သွားသည်။ လူအများရှေ့မှာမို့ ရှက်ရွံ့စိတ်နှင့် မျက်နှာလည်း ပူနေမိ၏။ သို့ဖြင့် ...

"ဟိတ်ကောင် ကျော်ဇင်မိုး"

"ဗျာ ..."

"ငါ့ကို အဲဒီမိန်းမအနားမှာ မကြာခဏ တွေ့တယ်ဆိုတာက ငါက လူလူချင်း စာနာသနားလို့ စားစရာ၊ သောက်စရာတွေ ကြုံရင် ကြုံသလို ဝင်ပေးတာ။ ဒါနဲ့ပြုတာကွ ... မင်းစိတ်နဲ့ နှိုင်းယှဉ်ပြီး လျှောက်ပြောမနေနဲ့"

"ဟုတ် ... ကျွန်တော်ကလည်း လူကြီးက ပြောခိုင်းလို့ မြင်တာတွေ့တာကို တင်ပြတာပါ"

လူကြီးကတော့ အာရုံစိုက်နားထောင်နေ၏။

"အေး ... မင်းလို တင်ပြကြေးဆို ... ဟိုကောင် မျိုးကိုတို့၊ စိန်ဝင်းမော်တို့အုပ်စုလည်း အဲဒီမိန်းမနားမှာ ရစ်သီရစ်သီ လုပ်နေကြတာပဲလေ"

"ဟုတ်တယ် ... ကိုဖိုးလုံးပြောတာကို ကျွန်တော်လည်း လက်ခံတယ်။ ဒီကောင်တွေအုပ်စုကို ကျွန်တော်လည်း တွေ့ဖူးတယ်"

ဝင်းမော်ဦးအမည်ရ လူငယ်တစ်ဦး၏ ထပ်ဆင့်ထောက်ခံမှုကြောင့် ကိုဖိုးလုံး အသက်ရှူချောင်သွား၏။ သို့သော် ...

"ဟာဗျာ ... ကျုပ်တို့က သူ့ကို ပျော်စေပျက်စေ နောက်ပြောင် ရုံပါပဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"မျိုးကို ပြောတာဟုတ်ပါတယ်။ ကျွန်တော်တို့မှာ ဒီလို ယုတ်ညံ့တဲ့စိတ်သဘောထားမျိုး မရှိပါဘူး။ ဟိုတ်ကောင် ... ဝင်းမော်ဦး မင်းသာ မိန်းမသေသွားတာကြာလို့ မကြိုက်ကောင်းတာကို ကြိုက်တာမို့လား"

"ဘာကွ !"

"မင်းသာ တဏှာရူး"

"ကဲကွာ!"

"ဟာ ..."

"ဟင် .."

တစ်ယောက်တစ်ခွန်းအဆင့်မှ လက်ပါ ပါလာကြသဖြင့် ရွာလူကြီးမှာ အချိန်မီ ဟန့်တားလိုက်ရသည်။

"အာလုံးတော်ပြီ ... ငြိမ်နေကြစမ်း"

လူကြီးအသံကြောင့် ငြိမ်သက်သွားကြ၏။ သို့ပေမဲ့တစ်ယောက်နှင့် တစ်ယောက် အကြည့်တွေက ရန်လိုမုန်းထားမှုတို့ အပြည့်နှင့် ဖြစ်၏။

"ဘယ်နှယ့်ကွာ ... ပြဿနာကို ဖြေရှင်းဖို့ ဆွေးနွေးနိုင်ပါတယ် ... ဟွန့် !... မပြောလိုက်ချင်ဘူး .. ဒီရွာမှာ ရန်ဖြစ်ဖို့ နေနေသာသာ ဘယ်တုန်းကများ စကားမာမာ ပြောခဲ့ကြလို့လဲ"

အိမ်ထောင်ရှင်မိန်းမအချို့ကလည်း မိမိယောကျ်ားဖြစ်သူတို့ကို မယုံသလို အသာတိုးတိုးကြိတ်ကြိတ် မေးမြန်းနေကြပုံရ၏။

လူကြီးက ...





www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ငါ လူကြီးတစ်ယောက်အနေနဲ့ အမိန့်ထုတ်မယ်၊ ဒီတရားခံကို ဖော်ထုတ်နိုင်သူဖြစ်စေ .. သေချာတဲ့ သတင်းအကြံပေးနိုင်သူဖြစ်စေ ငါ့ကို လာတင်ပြပါ။ တရားခံကို ဖမ်းမိဖော်ထုတ်နိုင်ခဲ့ပါက ဆုငွေ ရွှေစ ၁၀၀ ကို ဆုချီးမြှင့်မယ်။ ဒီနေ့တော့ ဒီလောက်ပါပဲ .. ကဲ .. အားလုံးပဲ ပြန်နိုင်ကြပါပြီ ..."

လူအများ သက်ဆိုင်ရာအိမ်သို့ .. သက်ဆိုင်ရာလမ်း အသီးသီးမှ သက်ဆိုင်ရာ အပေါင်းအဖော်အချို့နှင့် ပြန်သွားကြသည်။

လူကြီးကတော့ ဤပြဿနာအတွက် ခေါင်းကိုသာ သွင်သွင်ကုတ်ရင်း ကျန်ခဲ့လေ၏။

■



www.burmeseclassic.com

www.burmeseclassic.com



(၆)

ထိုနေ့ ထိုအချိန်မှစ၍ အပျိုးရွာကလေးသည် တစ်စတစ်စနှင့် သိသိသာသာကြီး ပြောင်းလဲလာခဲ့လေ၏။

သူငယ်ချင်း အချင်းချင်းသော်လည်းကောင်း . . . ။

ချစ်သူနှစ်ဦးကြားတွင်သော်လည်းကောင်း . . . ။

မိသားစုတစ်စုတွင်သော်လည်းကောင်း . . . ။

လူအဖွဲ့အစည်းတစ်ခုတွင်သော်လည်းကောင်း . . . ။

တစ်ဦးကိုတစ်ဦး ယုံကြည်မှုကင်းမဲ့ပြီး သံသယစိတ်များ ဖြစ်တည်လာခဲ့ပါက တစ်စုံတစ်ရာကောင်းမွန်မှုကို မဖြစ်တည်နိုင်တော့ပါပေ။

အချင်းချင်း ယိုးစွပ်တတ်လာ၏။ သံသယ ဝင်တတ်လာ၏။

"ကိုယ့် အထင်မခံရပြီးရော" ဆိုသည့် သဘောနှင့် အခြားသူတို့ကို ပုတ်ခတ်စောင်းပါး ပြောဆိုလာကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြန်ကြားရ၍ မခံနိုင်၊ မကျေနပ်သောသူများနှင့် ပြဿနာများ ပေါက်ဖွားလာခဲ့၏။ အမုန်းတရားများ ကြီးထွားလာခဲ့၏။ တစ်ကိုယ်ကောင်းဆန်လိုသော အတ္တစိတ်တို့ သန္ဓေတည်လာခဲ့၏။

ရွာလူကြီး မက်လုံးပေးထားခဲ့သော ရွှေဆ ၁၀၀ ကြောင့်လည်း အလိုလောဘကြီးသူတို့က မဟုတ်မမှန် သတင်းပေးလာမှုတို့ကြောင့်လည်း ပြဿနာက ပိုမိုကြီးကျယ် တောက်လောင်လာခဲ့လေ၏။

ယခုတွင်မူ ...

အပြုံးရွာကလေးတွင် အရင်လို ရင်းနှီးဖော်ရွေမှုတို့ကို ပေါပေါများများ မမြင်မတွေ့ရတော့ချေ။

တစ်ဦးနှင့်တစ်ဦး လမ်းမှာ မျက်နှာချင်းဆိုင်တွေ့ရင်တောင် နှုတ်ဆက်ဖော်မရကြတော့။ အပြုံးအရယ်ဆိုသည်တို့ကလည်း အဓိပ္ပာယ်ကွဲလွဲလာခဲ့ရ၏။

ပြုံးပြသော်ငြားလည်း အပြုံးက မပီပြင်။ ခနဲ့တဲ့တဲ့အပြုံး၊ သရော်အပြုံးတို့ကိုသာ တွေ့နေရ၏။ သို့ဖြင့် အပြုံးရွာကလေးသည် ပျော်စရာမကောင်းတော့ဘဲ ခြောက်သွေ့စိတ်ပျက်ဖွယ် ဖြစ်လာခဲ့၏။

■



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ...

ကြီးမားသော ယုံမှားသံသယစိတ်သည်

များစွာ ကြောက်ရွံ့ဖွယ်ကောင်း၏။

သံသယစိတ်တွင် ...

ပျက်စီးယုတ်လျော့မှုတို့ သိပ်သည်းမှုများစွာ

ပါဝင်ပျော်ဝင်နေလေ၏။

■



www.burmeseclassic.com

www.burmeseclassic.com



(၇)

ပွဲတော်နေ့ ...

ဒီနေ့သည် အပြိုးရွာကလေးတွင် တစ်နှစ်တစ်ကြိမ် ပုံမှန်ကျင်းပလေ့ရှိသော ခါပရီ (Khepri) နတ်အား ပူဇော်ဆုတောင်းပွဲ ကျင်းပသည့် နေ့ဖြစ်သည်။

ရွာသူရွာသားအားလုံးတို့သည် နတ်ရုပ်တည်ရှိရာ လွင်ပြင်ကျယ်သို့ နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ စသဖြင့် အလျှိုအလျှိုသင့်သလို သွားနေကြ၏။

ထို ဆုတောင်းပွဲကျင်းပရာ ကွင်းပြင်နှင့် မလှမ်းမကမ်းတစ်နေရာတွင် ကိုယ်ဝန်အရင့်အမာကြီးနှင့် လူစိမ်းမိန်းမတစ်ယောက် ငုတ်တုတ်ထိုင်နေလေသည်။

ယောက်ျားသားများကတော့ ဗိုက်ပြသနာကြောင့် ထိုမိန်းမနှင့် ခပ်ဝေးဝေးမှ ရှောင်ကွင်းသွားကြ၏။ အရင်စနောက်နေကြယောက်ျားသားတို့ပင် မမြင်ဟန်ပြုသွားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမသားများကတော့ လူစိမ်းမိန်းမကို စနောက်သူရှိသလို စောင်းမြောင်းကဲ့ရဲ့သူတွေလည်း ရှိပါသည်။

"အရှုးမကြီး ... ယောက်ျားလေးလိုချင်လား ... မိန်းကလေး လိုချင်လား"

"ဘာမွေးမွေးပေါ့ .."

"ကလေးအဖေက ဘယ်သူလဲဟင် .."

"မသိဘူး .."

"ကလေးမွေးရင် ကျွန်မကို ပေးမှာလား"

"အိုတော် ... လိုချင်ရင် ကိုယ့်ဘာသာမွေးပေါ့"

ရွာသူမိန်းမများက သဘောတကျ ရယ်မောပြီး ထွက်သွားကြ၏။ တချို့မိန်းမများကတော့ ...

"အံ့ပါတော် ... လူကသာ ရူးနေတယ်၊ ဒီ တဏှာစိတ်တော့ သိသားပဲ"

" ... "

"ဘယ်လိုယောက်ျားနဲ့များ သွားကြုံခဲ့သလဲမသိဘူး"

" ... "

လူစိမ်းမိန်းမက ဘာစကားမှ ပြန်မပြောဘဲ ထိုမိန်းမအုပ်စု တို့ကိုသာ အငြိုးတကြီး စူးစိုက်ကြည့်နေ၏။ နောက် မိန်းမတစ်ဦးက ...

"အရူးမနဲ့ ပြောမနေပါနဲ့တော့ ... ဆုတောင်းပွဲသွားဖို့ နောက်ကျနေဦးမယ်။ အရူးမက ယောက်ျားတစ်ယောက် တည်းနဲ့ရတဲ့ဗိုက် ဟုတ်ချင်မှ ဟုတ်မှာလေ။ တွေ့သမျှ



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတကာနဲ့လည်း ဖြစ်ချင်ဖြစ်နေမှာလေ ..''

''ဟယ် ... ဟုတ်ပါရဲ့ နင်ပြောတာ ဖြစ်နိုင်တယ် .. ခစ်.. ခစ် ... ဒီလိုတော့လည်း အရူးမက စွံသားပဲ ... ခစ် .. ခစ်''

ပြောပြီး သဘောတကျ ရယ်မောထွက်ခွာစဉ် အရူးမအော်သံကြောင့် နောက်ပြန်လှည့်ကြည့်ကြ၏။

''ကောင်မတွေ ...''

''ဘာလဲ ... အရူးမ''

''နင်တို့တွေ လူတစ်ဖက်သား အခက်အခဲဖြစ်နေတာကို သိပ်သဘောကျကြတယ်ပေါ့လေ၊ ရယ်နိုင်ကြပါစေ ... ပြုံးနိုင်ကြပါစေ''

''ခစ် ... ခစ် ... ရယ်တယ်လေ .. ရယ်တယ်''

''အဟင်းဟင်း ... ဟင်း''

ထိုမိန်းမတွေ၏ ရယ်မောနေသော မျက်ဝန်းအစုံကို လူစိမ်းမိန်းမက ရွံရှာသလို တစ်ချက်ကြည့်ပြီး အော်ဟစ်နာကျင်စွာဖြင့် ကျိန်စာတစ်ခုကို ရွတ်ဆိုလိုက်၏။

''နင်တို့လို လူစိတ်မရှိတဲ့ အပြုံးရွာမှာ ငါမနေတော့ဘူး။ ငါ့ကလေးကိုလည်း ဒီရွာမှာ မမွေးဘူး ... ဟိုဘက်က ကလေးမမွေးတဲ့ရွာမှာ သွားပြီးမွေးမယ် ...''

''ကောင်းတာပေါ့ ... သွားပါ''

''သွားမှာပါ ... မသွားခင် ရှင်တို့ရွာကို ကျိန်စာထားခဲ့ဦးမယ် ... ဒီနေ့ဒီအချိန်ကစပြီး နင်တို့အပြုံးရွာတစ်ရွာလုံး မပြုံးမရယ်နိုင်ကြပါစေနဲ့''



www.burmeseclassic.com

www.burmeseclassic.com



"ခစ်ခစ် ... ခစ်"

လူစိမ်းမိန်းမကျိုန်စာကို ထိုမိန်းမတစ်အုပ်က အရေးမထားသလို ရယ်သွမ်းသွေးနေစဉ် ရွာလူကြီးတို့အုပ်စုရောက်လာကြသည်။

"ဟဲ့ ... ဘာလုပ်နေကြတာလဲ ... ဩော် .. ဒီကလေးတွေ ဗိုက်ကြီးသည်ကို စနေကြပြန်ပြီထင်တယ်၊ ကဲ ... လာလာ ... ဆုတောင်းပွဲကို သွားကြမှာမို့လား ... သွားရအောင်လေ"

အားလုံးထွက်ခွာသွားတော့ လူစိမ်းမိန်းမသည်လည်း ဆုတောင်းပွဲကွင်းပြင်နှင့် ဆန့်ကျင်ဘက်ရှိရာလမ်းသို့ တရွေ့ရွေ့ထွက်ခွာသွားလေ၏။

■



www.burmeseclassic.com

www.burmeseclassic.com



- ထိုနေ့မှစ၍ အပြုံးရွာကလေးတွင် ဗိုက်ကြီးသည့် လူစိမ်းမိန်းမကို မတွေ့မြင်ရတော့ပေ …။
- တချို့က ကလေးမမွေးတဲ့ရွာကို ထွက်သွားပြီဟု ပြောဆိုနေကြ၏။
- ထူးဆန်းသည်က ထိုနေ့မှစ၍ အပြုံးရွာကလေးတွင် ကံဆိုးမှုများ ဆက်တိုက်ဖြစ်ပေါ်လာခဲ့၏။

ဥပမာဆိုရသော်–

(၁) မိုးကြီးလေကြီး မကြာခဏ ကျရောက်မှု

(၂) ရေကြီးရေလျှံမှုများ

(၃) စီးပွားရေး ကျပ်တည်းလာမှုများ စသဖြင့် ဖြစ်၏။

အပြုံးရွာကလေးသည် တဖြည်းဖြည်းနှင့် အပြုံးအရယ်တို့ ပျောက်ဆုံးသွားပြီး လောဘ၊ ဒေါသ၊ မောဟတို့သာ တောက်လောင်ဖုံးလွှမ်းလာခဲ့လေ၏။

■



www.burmeseclassic.com

www.burmeseclassic.com



(၈)

တစ်နေ့သောအခါတွင် ...

အပြုံးရွာကလေးသို့ မြန်မာနိုင်ငံမှ ဘူမိဗေဒပညာရှင်တစ်ဦးသည် ထူးဆန်းသော ရေမြေသဘာဝအကြောင်းအရာများကို သုတေသနပြုရန်အတွက် ရောက်ရှိလာခဲ့၏။

သူ ရွာကလေးကိုရောက်တော့ များစွာ အံ့အားသင့်မိပါသည်။ အဘယ်ကြောင့်ဆိုသော် တွေ့တွေ့သမျှယောကျ်ား၊ မိန်းမ အားလုံးတို့သည် လွန်စွာမှ မျက်နှာထားတင်းမာနေသောကြောင့်ပင် ဖြစ်၏။

သူ နှုတ်ဆက်စကားပြောတော့လည်း အားလုံးက သူ့ကို မယုံသင်္ကာသလိုကြည့်ပြီး ထွက်သွားကြ၏။ မည်သူမျှ သူ့ကို အဖက်မလုပ်။

သို့နှင့် ရွာကလေးထဲကို သူလျှောက်လာခဲ့၏။ တစ်နေရာအရောက်တွင် ထူးဆန်းသော ဆိုင်တစ်ဆိုင်ကို တွေ့သည်ကြောင့် သူဝင်သွားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သူ ဝင်သွားသော ဆိုင်အမည်မှာ–

## အပြုံးဆိုင်

သူ အထဲကိုရောက်တော့ ခုံတစ်လုံးမှာ ဝင်ထိုင်လိုက်သည်။ လူအတော်များများ ရောက်နေသည်ကိုလည်း တွေ့ရ၏။ ဆိုင်ထဲကို အကဲခတ်ကြည့်တော့ စတိတ်စင်ဖြစ်ဟန်တူသော ခုံအမြင့်တစ်ခုကိုသာ တွေ့ရ၏။ ထူးထူးခြားခြား ဘာကိုမှတော့ မတွေ့ရပေ . . . ။

ခဏနေတော့ စင်မြင့်ပေါ်ကို လူတစ်ယောက် တက်လာ၏။ ထုံးစံအတိုင်း မျက်နှာထားခပ်တင်းတင်းကြီးနှင့်ပင် ဖြစ်၏။

သူလည်း စိတ်ဝင်တစား ငေးကြည့်နေမိ၏။ နောက် . . . စင့်မြင့်ပေါ်က ပုဂ္ဂိုလ်ကြီးသည် လက်ဟန်ခြေဟန်ဖြင့် ပုံပြင်လိုလို၊ ဇာတ်လမ်းလိုလို အကြောင်းအရာတစ်ခုကို ပျင်းရိဖွယ်ကောင်းအောင်ပင် ရုပ်တည်ကြီးနှင့် ပြောပြနေ၏။

"တစ်ခါတုန်းက ဒီကမ္ဘာကြီးပေါ်မှာ အလွန်အရယ်သန်တဲ့ မင်းသားလေးတစ်ပါးနဲ့ အင်မတန်အပြုံးချိုတဲ့ မင်းသမီးလေး တစ်ပါးတို့ ချစ်ကြိုက်ခဲ့ဖူးတယ်တဲ့ . . . ဟား ဟား ဟား"

ပြောရင်းဖြင့် အဆက်အစပ်မရှိစွာ မကြာခဏ ဟားတိုက် ရယ်မောနေသေးသည်။ ရုပ်တည်ကြီးနှင့် ရယ်မောနေပုံကို သူ တကယ် စိတ်ပျက်နေမိသည်။ နားမလည်နိုင်လည်း ဖြစ်နေရ၏။ သို့နှင့် အနားမှာ ရှိသည့် မျက်နှာထားခပ်တင်းတင်းလူတစ်ယောက်ကို သူမျက်နှာချိုသွေးပြီး မေးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ... ဒီလူက စင်ပေါ်တက်ပြီး ဘာလုပ်နေတာလဲဗျ"

" ...."

ထုံးစံအတိုင်း ထိုလူက သူ့မေးခွန်းကို မဖြေပါ ...။

"ဘာကြောင်တာလဲ" ဆိုသည့် မျက်ဝန်းတစ်ချက်ဖြင့် ခေတ္တငေးကြည့်ပြီး စင်ပေါ်ကလူ ပြောသမျှကို ပြန်ငေးကြည့်နေ၏။

"ဒီမယ် ... ကျုပ်မေးခွန်းတစ်ခုကို ဖြေပေးရင် ခင်ဗျားကို ငွေစ တစ်စ ပေးမယ်ဗျာ"

" ..."

သူ့ကို ထိုလူက မယုံသင်္ကာသလို ခြေဆုံးခေါင်းဆုံးကြည့်ပြီး ပြန်လှည့်သွား၏။ သူ့စကားကို မည်သို့ယုံနိုင်မည်နည်း။ အပြိုးရွာမှာ တစ်နေကုန် ပင်ပင်ပန်းပန်း အလုပ်လုပ်မှ ငွေစ တစ်စပဲ ရသည်ကိုး။ အခု လူစိမ်းက မေးခွန်းတစ်ခုဖြေပေးတိုင်း ငွေစ တစ်စ ရမည်ဆိုသည်ကို စိတ်ဝင်စားမိပေမဲ့ မယုံနိုင်ပါ။

"ဒီမှာ ကျုပ်တကယ်ပြောတာပါ ... ရော့ ဒီမှာ ငွေတစ်စ"

သူ ထိုသူ့လက်ထဲကို ငွေစ တစ်စ ထိုးပေးလိုက်၏။ ထိုလူက သူ့ကိုတစ်လှည့် ငွေကိုတစ်လှည့်ကြည့်ပြီး ...

"မေးဗျာ"

သူ အတော် အားတက်သွား၏။

"ဒီမှာ ... တကယ် မသိဘူးလား"

ထိုလူက မယုံကြည်နိုင်သလို ပြန်မေးတော့ သူ ခေါင်းယမ်းပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မသိလို့ ခင်ဗျားကို ငွေပေးပြီး မေးနေတာပေါ့ဗျ"

"ဟုတ်ပြီလေ ... ဒီဆိုင်က ဒီရွာရဲ့ တစ်ဆိုင်တည်းသော အပြုံးဆိုင်ပဲ။ လူတွေက ပြုံးချင်၊ ရယ်ချင်လို့ ဒီဆိုင်ကို ပိုက်ဆံအကုန်ခံပြီး လာကြရတာ ... ကျုပ်အပါအဝင်ပေါ့။ အဲဒီ စင်ပေါ်ကလူကတော့ လာတဲ့လူတွေကို ပြုံးရယ်ချင်အောင် ပုံပြင်ပြောရင်း သရုပ်ဆောင်ပြတာလေ ..."

"ဟင် ... ရယ်လည်း မရယ်ရဘဲနဲ့"

"ဟုတ်တယ် ... မရယ်ရဘူး။ ဒါပေမဲ့ ဒီအပြုံးဆိုင်ပိုင်ရှင်ကတော့ အတော်စီးပွားဖြစ်တယ်။ ဒီဆိုင်က အမြဲတမ်းလူပြည့်တယ် လေ၊ ပြီးတော့ ဒီဆိုင်ကိုလည်း ပိုက်ဆံအကုန်ခံနိုင်တဲ့ လူချမ်းသာတွေပဲ လာနိုင်ကြတာ ... ဈေးကြီးတယ်လေ"

"ဩော် ! .."

သူ အတော်အံ့အားသင့်နေမိသည်။ သို့ဖြင့် ...

"ဒါနဲ့ နေပါဦး ... ခင်ဗျားတို့က ဘာလို့ မပြုံးမရယ်နိုင်ကြတာလဲ"

"ကျိန်စာသင့်ပြီး အပြုံးအရယ်တွေ ပျောက်ဆုံးကုန်လို့ပါ"

"ဟင် ... အဓိပ္ပာယ်မရှိလိုက်တာဗျာ ... ဒါနဲ့ နေပါဦး။ ခင်ဗျားတို့က ဘယ်လိုကနေ ဘယ်လိုကျိန်စာသင့်နေကြတာလဲ"

"အင်း ... ဒီအကြောင်းပြောရရင်တော့ အရှည်ကြီးပဲဗျ ... ကျုပ်ကို ငွေ ၅ စပေးမှ ဖြေနိုင်မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ မဆိုင်းမတွပင် ငွေ ၅ စကို ထုတ်ပေးလိုက်၏။ သို့ဖြင့် ထိုလူက . . .

"လွန်ခဲ့တဲ့ အနှစ် ၅၀ လောက်ကပေါ့ဗျာ . . ." ဟု အစချီကာ ထိုလူက အပြုံးရွှာကလေးအကြောင်းကို ပြောပြလိုက်လေ၏။

■



www.burmeseclassic.com

www.burmeseclassic.com



(၉)

သူ အပြုံးရွာကလေးအကြောင်းကို စဉ်းစားပြီး အဖြေရှာမရ ဖြစ်နေသည်။ ကျိန်စာဆိုတာကိုလည်း သူ လက်မခံနိုင်ပါ။ သို့ပေမဲ့ လည်း ဒီရွာတစ်လုံးရှိ လူတွေအားလုံးတို့တွင် အပြုံးအရယ်မရှိတော့တာ ကိုလည်း သူကိုယ်တွေ့ဖြစ်နေပြန်၏။

သူ . . . ဒီ အပြုံးရွာကလေးကို ကူညီချင်သည်၊ ဟို တစ်ချိန် ကလို စည်ပင်ဝပြောပြီး ပျော်စရာကောင်းသော ရွာလေးတစ်ရွာ ပြန်ဖြစ် စေချင်ပါသည်။

သို့ကြောင့် ဒီရွာမှာ သူခေတ္တတည်းခိုရင်း အကြံထုတ်သည်၊ မထွက်။ တွေးတောသည် . . . မရ။

"ငါ . . . ဘယ်လိုလုပ်ရမလဲ။ ဟာ . . . ဟုတ်ပြီ . . . အကြံ ရပြီ"



www.burmeseclassic.com

www.burmeseclassic.com



(၇) ရက်မြောက်သောနေ့တွင် သူ အကြံတစ်ခုကို လင်းခနဲ ရှာတွေ့သွား၏။ အဆင်ပြေ၊ မပြေကိုတော့ သူလည်း မပြောတတ်ပါ။ သို့သော် ဤအကြံကို အကောင်အထည်ဖော်ဖို့ သူ ဆုံးဖြတ်လိုက်၏။ သို့နှင့် အပြုံးဆိုင်မှာ သူ တွေ့ခဲ့သောလူကို သူလိုက်ရှာပြီး . . .

"ကျုပ်မှာ အကြံတစ်ခုရှိတယ်"

"ဘာ . . . အကြံလဲ"

"ခင်ဗျားတို့တစ်ရွာလုံး နဂိုအတိုင်း ပြုံးပြုံးရယ်ရယ် ပြန်ဖြစ်သွားစေမယ့်အကြံ . . ."

"ဘယ်လို"

"ဒီလိုဗျာ . . . x...x...+...%..."

" . . . . . . . . "

"ဟုတ်ပြီ . . . ကျုပ် သဘောတူတယ်ဗျာ"

"ကောင်းတယ် . . . ဒါဆိုရင် ကျုပ်က မြန်မာနိုင်ငံကို ခဏ ပြန်ပြီး လိုအပ်တဲ့ပစ္စည်းတွေ သွားယူမယ်၊ ခင်ဗျားက ကျုပ် ပြန်လာရင် အဆင်သင့်ဖြစ်အောင် အားလုံးစီစဉ်ထား . . ."

■



www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံမှ သယ်ယူလာခဲ့သော ပစ္စည်းများမှာ . . .

(၁) SAMSUNG တံဆိပ် 32" Television တစ်လုံး

(၂) SAMSUNG တံဆိပ် EVD တစ်လုံး

(၃) SAGA တံဆိပ် Sound Box (Alplifire ပါ) နှစ်လုံး

နှင့် အခြားတိုလီမုတ်စပစ္စည်းများ ဖြစ်ပါတယ်။

■



www.burmeseclassic.com

www.burmeseclassic.com



## (၁၀)

သူ အားလုံးတပ်ဆင်ပြီးတော့ ထိုလူက ...

"ခင်ဗျားဟာက အဆင်ပြေလောက်ပါတယ်နော်"

"ပြောတော့ မပြောတတ်ဘူး။ ကျုပ်တို့ မြန်မာနိုင်ငံမှာတော့ လူတွေက ဒါတွေကြည့်ပြီး ပေါက်ကုန် ... အဲလေ ... ပြုံးရယ်ပြီး စိတ်အပန်းဖြေကြတာပဲ။ စမ်းပြီး လုပ်ကြည့်ပေါ့ဗျာ"

"အခု ... ခင်ဗျားက ဘယ်လဲ"

"ကျုပ်က ကျုပ်အလုပ်အတွက် ဟိုဘက်က 'ကလေးမမွေးတဲ့ရွာ'က ရေမြေသဘာဝကို သွားလေ့လာလိုက်ဦးမယ် ... တစ်လလောက်တော့ ကြာမယ်"

"အဆင်မပြေရင် ကျုပ်က ဘာဆက်လုပ်ရမလဲ"

"အဆင်ပြေဖို့ များပါတယ်၊ မပြေခဲ့ရင်လည်း ကျုပ်ပြန်လာမှ နောက်တစ်နည်း စဉ်းစားကြတာပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ ... ကျုပ် စမ်းပြီး လုပ်ကြည့်တာပေါ့ ... ဒါနဲ့ ကျုပ်ဘာယ်လိုလုပ်ရမလဲဆိုတာ သင်ပေးဦးလေဗျာ"

"ဟုတ်ပါရဲ့ ... ကျုပ်မေ့တော့မလို့၊ ဒီမှာ ဒါက ပါဝါလို့ ခေါ်တယ်၊ စက်ကို ပိတ်တာဖွင့်တာ၊ ဒါက (Open/Close) ဒီလိုလုပ်တာ ... ဒါက x x x x x x"

သူ အသေးစိတ်သင်ပြပြီး 'ကလေးမမွေးတဲ့ရွာ'ဘက်ကို ခရီးဆက်လာခဲ့၏။

"ပြီးနိုင်ပါစေ ... အပြီးရွာကလေးရေ"

■



www.burmeseclassic.com

www.burmeseclassic.com



တစ်လခန့်ကြာသော် …



www.burmeseclassic.com

www.burmeseclassic.com



(၁၁)

အပြီးရွာကလေးကို သူပြန်ရောက်တော့ ရင်တထိတ်ထိတ်နှင့်ပင် ဖြစ်၏။ ဒီနိုင်ငံငယ်လေးအတွင်းမှာရှိသည့် ရွာတွေသည် အတော်ကို ထူးဆန်းလှပါသည်။

'ကလေးမမွေးတဲ့ရွာ'မှာလည်း ပြဿနာအကြီးအကျယ်တစ်ခုကို ကူညီဖြေရှင်းပေးခဲ့ရသေး၏။ အခု အပြီးရွာအခြေအနေကတော့ မည်သို့ရှိမည် မသိပေ။ အပြီးရွာထဲကို ဝင်လျှင်ဝင်ခြင်း ထူးခြားသော အဖြစ်အပျက်တစ်ခုကို သူ အံ့သြဖွယ် တွေ့လိုက်ရသည်။ လူနှစ်ယောက် . . ဟုတ်ပါသည် . . လူနှစ်ယောက်။ စကားပြောရင်းနှင့် ရယ်မောပြုံးရွှင်နေကြ၏။

သူ လိုက်ခနဲ ပျော်သွားမိ၏။

"ဟာ . . ဒါဆို ငါ့အကြံ အောင်မြင်ပြီပေါ့ . ."



www.burmeseclassic.com

www.burmeseclassic.com



သူ ခြေလှမ်းတို့ကို speed တင်လိုက်သည်။

"ဝါး ‥ ဟားဟား ‥"

"ခွီး ‥"

"ခစ်ခစ် ‥ ခစ်"

"ဟီးဟီး ‥"

ထိုလူနေထိုင်ရာနေရာနှင့် နီးကပ်လာလေလေ သာယာနာပျော်ဖွယ်ကောင်းသော ရယ်သံတို့ကို ပိုမိုကျယ်လောင်စွာ ကြားရလေလေ ဖြစ်၏။

အခု အပြုံးရွာကလေးက တစ်လအတွင်းမှာ မယုံနိုင်အောင်ပြောင်းလဲသွားခဲ့၏။ ပျောက်ဆုံးသွားသော အပြုံးအရယ်တို့ကို ပြန်လည် ရရှိသွားကြ၏။

ထိုလူက သူ့ကိုတွေ့တော့ တဟားဟားအော်ရယ်ပြီး ဆီးကြိုနှုတ်ဆက်၏။

"ဟားဟား ‥ ကျေးဇူးရှင်ကြီး ‥ ပြန်လာပြီလား ဟားဟား"

"ဟုတ်တယ် ‥ ဒါနဲ့ ခင်ဗျားတို့ရွာက ‥"

"ဟားဟား ‥ ခင်ဗျားအကြံ အောင်မြင်သွားပြီ ‥ ကျုပ်တို့တစ်ရွာလုံး ရယ်ကြပြုံးကြ ပြန်ဖြစ်သွားပြီဗျ ‥ အပြုံးဆိုင်ဆိုတဲ့ ဆိုင်းဘုတ်ကိုလည်း ကျုပ်အပိုင်ရသွားပြီ ‥ ဒီမှာကြည့်လေ ‥ လူအပြည့်ပဲ။ ခုဆို အပြုံးရွာရဲ့ သူဌေးစာရင်းမှာ ကျုပ် ပါနေပြီဗျ ‥ ဒီ ပြစက်ကြီးက အတော်စွမ်းသဗျာ ‥"

"ဝမ်းသာလိုက်တာဗျာ ‥"



www.burmeseclassic.com

www.burmeseclassic.com



''ဒါနဲ့ စကားမစပ် ‥ ခင်ဗျား မြန်မာနိုင်ငံကို ပြန်ရောက်ရင် ခင်ဗျားတို့ဆီက ဘာဗျာ ‥ ဒါမာဆိုလား ဘာလား အဲဒါတွေ များများပို့ပေးစမ်းပါဗျာ ‥''

''ဒရမ်မာပါဗျာ ‥''

''အေး ‥ ခင်ဗျားပြောတဲ့ဟာ ‥ ကျုပ်တို့ရွာက အဲဒါကို ကြည့်ပြီး ရယ်ကြတာဗျ ‥''

ထိုစဉ် ‥ အပြုံးဆိုင် (ခေါ်) ဗီဒီယိုရုံလေးအတွင်းမှ ကျယ်လောင်စူးရှသော အသံဝါကြီးတစ်ခု ထွက်ပေါ်လာ၏။

''ဝါး ‥ ဟားဟား ‥ ဟား ‥''

ထိုအသံတွေကြောင့် ထိုလူနှင့် သူတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးလိုက်ကြ၏။

■



www.burmeseclassic.com

www.burmeseclassic.com



(နိဂုံး)

လွန်ခဲ့သော နှစ်ပေါင်း (၂၀၀၀) ခန့်က နိုင်ငံငယ်လေးတစ်ခုတွင် ထူးဆန်းသောရွာတစ်ရွာ ရှိခဲ့ဖူးသည်။ ထိုရွာကလေး၏ အမည်မှာ 'အပြုံးရွာ' ဖြစ်၏။

ထိုရွာကလေးသည် မှည့်ခေါ်ထားသောနာမည်နှင့် အင်မတန်လိုက်ဖက်လှသော ရွာကလေးဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ။ ။ ထို ရွာကလေးရှိ လူသားအားလုံးတို့သည် အမြဲလိုလို ပြုံးရွှင်ရယ်မော နေတတ်သောကြောင့်ပင် ဖြစ်၏။

■



www.burmeseclassic.com

www.burmeseclassic.com



## အပြုံးရွာကလေး၏ ပြောင်းလဲသွားခဲ့ရသော လှုပ်ရှားချက်များ

အပြုံးအရယ်ပျောက်ဆုံးနေသော အပြုံးရွာကလေးတွင် မြန်မာနိုင်ငံသား ဘူမိဗေဒပညာရှင်တစ်ယောက်၏ အကူအညီ၊ အကြံအစည်နှင့် အသေးစား ဗီဒီယိုရုံလေးတစ်ရုံ ဖြစ်တည်လာခဲ့၏။

အပြုံးအရယ်ငတ်မွတ်နေကြသော ရွာသူရွာသားတို့သည် အသစ်အဆန်းတစ်ခု ဖြစ်သော အပြုံးဆိုင်/ဗီဒီယိုရုံလေးသို့ မျှော်လင့်ကြီးစွာ ရောက်ရှိလာခဲ့လေ၏။

အပြုံးဆိုင်/ဗီဒီယိုရုံလေး၏ ပွဲဦးထွက်ဇာတ်ကားသည် ဝက်ဝက်ကွဲလောက်အောင်ကို အောင်မြင်ခဲ့ပါသည်။ ထိုဇာတ်ကားကြီးသည် မြန်မာနိုင်ငံတွင် အင်မတန် နာမည်ကြီးလူကြိုက်များခဲ့သော Super myanmar Drama ကားကြီးတစ်ကားဖြစ်၏။

မြန်မာနိုင်ငံ၏ နာမည်ကြီးစာရေးဆရာတစ်ဦးရဲ့ ဝတ္ထုကို အကယ်ဒမီ ရှစ်ဆုရှင်ဇာတ်ညွှန်းဆရာက ဇာတ်ညွှန်းခွဲထားပြီး အကယ်ဒမီရ စူပါမင်းသား ၁၂ ယောက်နှင့် စူပါမင်းသမီး အယောက် (၂၀) တို့ကို သရုပ်ဆောင်စေခဲ့သည်။ ထိုဇာတ်ကားကို မြန်မာနိုင်ငံ၏ ထိပ်တန်း ဒါရိုက်တာလည်းဖြစ် အကယ်ဒမီ (၉) ဆုရှင်လည်းဖြစ်သည့် ဒါရိုက်တာ တစ်ဦးက ပုံဖော်ရိုက်ကူးထား၏။



www.burmeseclassic.com

www.burmeseclassic.com



ထို Myanmar Super Drama ရုပ်ရှင်ကားကြီးသည် မြန်မာ့ရုပ်ရှင်သမိုင်းတစ်လျှောက် အကယ်ဒမီဆု (၆၅)ဆုတိတိကို စံချိန်တင်ဆွတ်ခူးရရှိခဲ့ပြီး မှတ်တမ်းတင်ခံခဲ့ရ၏။

အပြုံးရွှာသူ၊ ရွာသားတို့ စိတ်ကို ပြောင်းလဲဖမ်းစားနိုင်ခဲ့၊ ပြုံးစေရယ်စေခဲ့သော ဇာတ်လမ်းဇာတ်ကွက်အချို့မှာ –

(၁) လူကြမ်း (၁၀) ယောက်နှင့် မင်းသား (၁) ယောက် ထိုးကြကြိတ်ကြရာ မင်းသားသည် မျက်မှန်ပင် မကျွတ်ဘဲ အနိုင်ချသွားသော အခန်း (ရန်မကြာခဏ ဖြစ်လေ့ရှိသော အပြုံးရွှာသူရွာသားများက လက်ခုပ် လက်ဝါးတီးပြီး ရယ်ကြကုန်၏)

(၂) သေနတ်နှင့်ပစ်၍ (သို့) ဝမ်းဗိုက်ကို ဓားနှင့်ထိုး၍ဖြစ်စေ ပါးစပ်မှ သွေးများထွက်ကျလာလျှင်၊ သေဆုံးချိန်တွင် မျက်လုံးကြီးနှစ်ဖက်ပြူးနေလျှင် ရွာသူ၊ ရွာသားများ ရယ်ကြသည်။

(၃) အရမ်းချမ်းသာသော မိဘများက သားသမီးများကို အတင်းအဓမ္မ ယောကျာ်း မိန်းမ ပေးစားပြီး သားသမီးများက လက်မခံ၍ မိဘများ သွေးတိုးသတိလစ်လျှင် ရွာသူရွာသားများ ရယ်ပါသည်။

(၄) ဆင်းရဲသော ဇာတ်ဝင်ခန်းများတွင် အမျိုးသမီးဆိုပါက ပဲပြုတ်ရောင်း၊ ဟင်းရွက်ရောင်း။ အမျိုးသားဆိုပါက ဆိုက်ကားနင်း။ ကူလီထမ်းပြကြ၏။ (အထက်ပါအခန်းများကိုလည်း အပြုံးရွာသူ၊ ရွာသားများက မိမိတို့ ရှန်းကာန်နေကြရသည့် ဆင်းရဲမှုနှင့် ယှဉ်တွေးပြီး ရယ်ပါသည်)

(၅) သေခါနီးမိန်းမကြီး၊ ယောကျာ်းကြီးများက ဇာတ်ဝင်ခန်းတွင် အားရပါးရပြောပြီးမှ ဆိုးခနဲ ဆတ်ခနဲ သေလျှင်လည်း ရယ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



(၆) မင်းသမီးငိုလျှင်လည်း ရယ်ကြပါသည်။

(၇) ချစ်ခန်း၊ ကြိုက်ခန်းသော်လည်းကောင်း၊ အသည်းကွဲခန်းများတွင် လည်းကောင်း၊ မင်းသား အရက်မူးနေပုံအားလည်းကောင်း ရယ် ကြလေ၏။

(၈) ... စသဖြင့် ဇာတ်လမ်းအစအဆုံး ရယ်ကြကုန်လေ၏။

သို့ဖြင့် မြန်မာနိုင်ငံသား ဘူမိဗေဒပညာရှင်တစ်ဦးသည် အပြုံးရွာကို Heavy Drama ကားတွေ မပေးဖြစ်ဘဲ မြန်မာဟာသကား စစ်စစ်တွေ မပေးခဲ့ရကောင်းလားဟု တွေးကာ ကြီးစွာနောင်တရနေ လေ၏။

အကယ်၍များ အပြုံးရွာကလေးသို့ မြန်မာဟာသကားများ ရောက်ရှိသွားခဲ့ပါလျှင် ...။


■ ■ ■



www.burmeseclassic.com

www.burmeseclassic.com





# ကလေးမမွေးတဲ့ရွာ

(၁)

မြန်မာနိုင်ငံသား ဘူမိဗေဒပညာရှင်တစ်ဦးသည် နိုင်ငံငယ်လေးတစ်ခုအတွင်းရှိ ထူးဆန်းသောရွာများမှ ရေမြေသဘာဝအကြောင်းကို သုတေသနပြုရန်အတွက် ဦးစွာပထမ အပြုံးရွာသို့ ရောက်ခဲ့၏။ နောက် ... ''ကလေး မမွေးတဲ့ရွာသို့'' တစ်လတာ သွားရောက်လေ့လာခဲ့၏။

ထိုရွာသို့ ရောက်သည်နှင့် ထူးခြားသော ဆုတောင်းပွဲတစ်ခုနှင့် ကြုံရလေ၏။ သို့ဖြင့် လူတစ်ယောက်ကို စပ်စုကြည့်လိုက်သည်။

''ဟေ့လူ ... ဒီမှာ လူတွေအများကြီးစုပြီး ဘာလုပ်နေကြတာလဲဟင်... ခင်ဗျားတို့အားလုံးရဲ့ မျက်နှာတွေလည်း မကောင်းကြပါလား ... ဘာဖြစ်လို့လဲဗျ''



www.burmeseclassic.com

www.burmeseclassic.com



အသုဘအခမ်းအနားတစ်ခုများလားဟုလည်း သူတွေးမိသေးသည်။ သို့သော် အနေအထားက အသုဘပုံစံမျိုး မဟုတ်သည့်ကြောင့် သူ့အတွေးကို ပယ်ဖျက်ပစ်လိုက်ရ၏။

"ကလေးရအောင် ဆုတောင်းနေကြတာပါဗျာ"

"ဟင် !"

သူအံ့သြသွားမိ၏။ ထို့ကြောင့် သေချာအောင် ထပ်မေးမိသည်။

"ဘယ်လို ကလေးမရတာလဲဗျ"

"ကျုပ်တို့ ကလေးမမွေးတဲ့ရွာတစ်ရွာလုံးက ကလေးမရတာ အနှစ် ၈၀ ပြည့်တော့မယ်"

"ရွာနာမည်ကြောင့်များလားဗျာ"

သူ့ အားပေးနှစ်သိမ့်မှုက အရာမရောက်ပါ။ ရွာသားက ခေါင်းကို ယမ်းပြီး သက်ပြင်းချ၏။ ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တူးဗျ ... အရင်က ကျုပ်တို့ရွာနာမည်က "ကလေး ပေါတဲ့ရွာ"ပါ.. ကလေးတွေ များလိုက်သမှ သူ့သားသမီး ကိုယ့်သားသမီး ခွဲမရတဲ့အထိပဲ"

"ဟင် ... ဒါဆို ခု ဘယ်လိုဖြစ်ရတာလဲဗျာ"

"အင်း ... ကျုပ်တို့ရွာလေးမှာ လူဦးရေအဆမတန် တိုးပွား လာမှုကြောင့် ရှေ့ဖြစ်ဟော နတ်ဆရာရဲ့ အမိန့်နဲ့ ရွာနာမည်ကို 'ကလေး မမွေးတဲ့ရွာ'လို့ ပြောင်းလဲခဲ့ရတယ်။ ဒါပေမဲ့ မရပါဘူးဗျာ ... ကလေးတွေက မွေးမြဲပါပဲ"

"ကျုပ် စိတ်ဝင်စားတယ်ဗျာ ... ပြီးတော့ ကူညီနိုင်ရင် လည်း ကူညီရတာပေါ့။ ကျုပ်ကို ဒီရွာရဲ့ အဖြစ်အပျက် အစအဆုံးကို နားလည်သဘောပေါက်အောင် ရှင်းပြပေးပါ လားဗျာ"

ရွာသားက မျက်နှာ မသာမယာနှင့် သူ့ကို တစ်ချက်မော့ ကြည့်ပြီး ယဲ့ယဲ့ပြုံးပြရှာ၏။ ပြီး ...

"ခင်ဗျား ကူညီနိုင်မှာ မဟုတ်ပါဘူးဗျာ ... ဒါပေမဲ့ ခင်ဗျား သိချင်ရင်တော့ ကျုပ်ပြောပြနိုင်ပါတယ်။ အခုတော့ ဆုတောင်း ပွဲစတော့မှာမို့ ညနေမှ ( ... ) ဆိုင်မှာ ဆုံရအောင်ဗျာ"

"ကောင်းပါပြီ ... ကျုပ်လာခဲ့ပါ့မယ်"

သို့ဖြင့် သူလည်း ဗဟုသုတအလို့ငှာ ဆုတောင်းပွဲကို အကဲ ခတ်လေ့လာ လျှောက်ကြည့်နေလိုက်၏။

■



www.burmeseclassic.com

www.burmeseclassic.com



(၂)

ကလေးမမွေးတဲ့ရွာနှင့် အပြုံးရွာတို့၏ ကိုးကွယ်မှုမှာ အတူတူပဲ ဖြစ်နေ၏။ လွင်ပြင်ကျယ်တစ်ခုတွင် ခါပရီ (Khepri) ချေးပိုးထိုးနတ်ရုပ်ကို ရွာလုံးကျွတ်ပူဇော်ဆုတောင်းနေရခြင်း ဖြစ်သည်။ ထူးခြားသည်က ဤရွာတွင် နတ်ဆရာနှင့် ရွာလူကြီးတို့က အရင်ပူဇော်ခံသည်။ ပြီးမှ နတ်ရုပ်ကို တစ်ယောက်ချင်း ဦးခိုက်ဆုတောင်းကြရသည်။

အားလုံး၏ ဆုတောင်းမှုကတော့ တစ်ခုတည်းပင် ဖြစ်ပါသည်။

"သန့်စင်မွန်မြတ်သော ကလေးသူငယ်များ ပေးသနားတော်မူပါ"



ခါပရီ(Khepri)
ချေးပိုးထိုးနတ်ရုပ်ပုံ




www.burmeseclassic.com

www.burmeseclassic.com



ထိုနိုင်ငံငယ်လေးအတွင်းရှိ ထူးဆန်းသောရွာများသည် နတ်ကို အသက်နှင့်ထပ်တူ ယုံကြည်ကိုးကွယ်ကြပါသည်။ ထိုရွာသူရွာသားတို့၏ လည်ဆွဲ၊ လက်ပတ် စသည်တို့တွင်လည်း ကံကောင်း/လာဘ်ပွင့်စေရန်အတွက် ချေးပိုးထိုးနတ်ရုပ်ကို အဆောင်အဖြစ် အမြတ်တနိုး ယူဆောင်ထားကြသည်ကိုလည်း တွေ့ရ၏။

Khepri သည် နေနတ်သားတို့၏ သားတော်နှစ်ပါးဖြစ်သည့် အပိုလို (Apolo) ၏ ညီတော်ဖြစ်သည်။ နေသွားလမ်းကြောင်းကို စောင့်ရှောက်သူလည်း ဖြစ်၏။ ကမ္ဘာမြေ၏ လူသားတို့အား ရှင်သန်ထမြောက်စေသူအဖြစ် ယုံကြည်ထားကြ၏။



ခါပရီ(Khepri) ချေးပိုးထိုးနတ်အား ပူဇော်ဆုတောင်းနေပုံ

(မှတ်ချက်– အိမ်ထောင်ရှင်အမျိုးသမီးများ သားသမီးမရပါက ချေးပိုးထိုးနတ်ပုံအား ယုံယုံကြည်ကြည် ဆောင်ယူနိုင်ပါသည်။ မွေးဖွားလာသော သားသမီးသည်လည်း ကောင်းကျိုးပေးဝေပါသည်။ အပြည့်အစုံအား ဝတ္ထုအဆုံးတွင် ဖော်ပြထားပါသည်။)



www.burmeseclassic.com

www.burmeseclassic.com



ရွာကလေးတွင် သားသမီးမမွေးခဲ့တာ အနှစ် ၈၀ ပြည့်တော့မည်ဖြစ်၏။ အနေအထားက ဒိုမင်းသေဆုံးသူများသာရှိပြီး မျိုးဆက်သစ်မွေးဖွားခြင်းမရှိတော့သဖြင့် မျိုးတုံးရတော့မည်ဖြစ်သည်။



ရွေးပိုးထိုးနတ်ကွန်းတွင် သားသမီးရရှိရန် တောင်းဆုပြုနေသော အိမ်ထောင်ရှင်မတစ်ဦး

သူထပ်မံစုံစမ်းကြည့်၍ သိရသလောက်တော့ ကလေးမမွေးတဲ့ရွာတွင် အနှစ် ၈၀ အတွင်းတွင် ကလေးတစ်ယောက်သာ မွေးဖွားပေးနိုင်ခဲ့သည်ကို တွေ့ရသည်။ သို့သော် ထိုကလေးမှာလည်း ချို့ယွင်းချက်များစွာ ပါနေလေ၏။

၁– မျက်လုံးတစ်ဖက် မပါ

၂– လက်တစ်ဖက် သိမ်နေပြီ

၃– ခြေတစ်ဖက် တို၀င်နေ၏။

၄– ဉာဏ်ရည်မမီ ဖြစ်နေရှာ၏၊ သို့ပေမဲ့ ထိုကလေးကံကောင်းပါသည်။ နောက်–

ရှားရှားပါးပါး မွေးလာခဲ့သော ကလေးမို့ တစ်ရွာလုံးက အချစ်ပိုကြ၏။ ထောက်ပံ့မြှောက်စားထား၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုရွာကလေးတွင် အိမ်ထောင်သည် မိန်းမ/ယောကျ်ားတို့သည် အင်မတန် မျက်နှာပွင့်ကြသည်။ မိုက်ကြီးသော မိန်းမသည် ထိုရွာတွင် ထောက်ပံ့ပေးမှုများစွာ ရရှိကြ၏။ စားသောက်ဖွယ်ရာမှစပြီး အစစ အရာရာ ရွာက တာဝန်ယူပေးရ၏။

နောက် ထိုရွာတွင် စီးပွားဖြစ်ထွန်းသော ဆိုင် ၃ ဆိုင် ရှိ၏။ ထိုဆိုင်တို့မှာ–

(၁) သန္ဓေသား နိုင်မြဲစေမှုကို အားပေးသော ဆေးဝါးဆိုင်

(၂) အမျိုးသမီးများအတွက် သန္ဓေတည်မြဲမှုကို ထိန်းသိမ်းစောင့်ရှောက် အကြံပြုပေးသောဆိုင်

(၃) အမျိုးသားများအတွက် လိင်စိတ်နိုးကြားပြီး သုက်ပိုးကို အားပြုစေသော အကြံပေးဆိုင်တို့ ဖြစ်၏။

မည်သို့ပင်ရှိစေကာမူ ထိုရွာကလေးသည် အနှစ် ၈၀ တိုင်အောင် ကောင်းမွန်ပြည့်စုံသော ကလေးတစ်ယောက်ကိုမျှ အောင်မြင်စွာ မွေးဖွားနိုင်ခြင်း မရှိခဲ့ပါပေ . . .။

■



www.burmeseclassic.com

www.burmeseclassic.com



- တစ်ချိန်က ကလေးသူငယ် အင်မတန်ပေါ်များလှသော ထိုရွာလေးတွင် အဘယ့်ကြောင့် ကလေးမမွေးနိုင်တော့သနည်း ...။

- မည်သို့သော အကြောင်းအရင်းကြောင့် ဤကဲ့သို့ ဖြစ်နေရသနည်း ...။

- အသို့နည်း ...။

■



www.burmeseclassic.com

www.burmeseclassic.com



(၃)

သူ … ညနေပိုင်းတွင် ဆုတောင်းပွဲ၌ တွေ့ခဲ့သော ရွာသားနှင့် တွေ့ဆုံရန် ချိန်းဆိုရာနေရာသို့ လာခဲ့၏။ လမ်းတစ်လျှောက်၌ လူလတ်ပိုင်း၊ လူကြီးပိုင်းနှင့် အိုမင်းမစွမ်းတို့ကိုသာ တွေ့ရ၏။ ကလေးမဆိုထားနှင့် လူငယ်အရွယ်ကိုပင် မတွေ့ရပေ။

ရွာကလေး၏ အနေအထားသည် ဤပုံအတိုင်းဆိုပါက နောင် အနှစ် ၃၀ အတွင်း ပျက်သုဉ်းသွားနိုင်ပေ၏။ သူတွေးရင်း စိတ်မကောင်း ဖြစ်နေမိ၏။ နောက် လူကြီးငါးယောက်ဖက်စာမျှရှိသော ရေတွင်းကြီးတွင် သောက်ရေသုံးရေအတွက် အိုကြီးအိုမနှင့် ခပ်ယူသယ်ဆောင်နေရသူများကိုလည်း သူမကြည့်ရက်နိုင်ပါပေ။

သားသမီးမထွန်းကားတော့သည်ကြောင့် လူကြီးမိဘတွေ ကိုယ်တိုင်လုပ်နေကြရရှာ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ သက်ပြင်းတစ်ချချနှင့် ချိန်းဆိုထားရာနေရာသို့ ရောက်လာလေ၏။ ဆုတောင်းပွဲတွင် တွေ့ခဲ့သော ရွာသားက တင်ကြို၍ ရောက်ရှိနေ၏။

''ခင်ဗျား ... ရောက်လာပြီပဲ''

''ဟုတ်တယ် ... ဒါနဲ့ ခင်ဗျားရော ရောက်နေတာ ကြာပြီလားဗျ''

''နည်းနည်းတော့ ကြာပြီဗျ''

''အားနာလိုက်တာဗျာ ... ကျုပ်လည်း ခင်ဗျားတို့ ရွာလေးကို လျှောက်လေ့လာနေတာနဲ့ နည်းနည်းနောက်ကျသွားတယ်''

''ဟုတ်လား ... ကျုပ်တို့ရွာမှာ ဘာမှ စိတ်ဝင်စားစရာ မရှိပါဘူးဗျာ။ ခြောက်သွေ့ပျင်းရိစရာပဲ ကောင်းပါတယ်''

''ဒီလိုတော့လည်း မဟုတ်ပါဘူးလေ ... ကျုပ်အတွက်တော့ ခင်ဗျားတို့ရွာက အင်မတန် စိတ်ဝင်စားမှုတွေ ပေးစွမ်းနိုင်ပါတယ်''

သူ့အပြောမှာ သဘောကျစရာ မပါပါဘဲနှင့် ရွာသားကြီးက ပြုံးနေ၏။ ပြီးမှ ...

''ဆိုစမ်းပါဦးဗျ ... ဘာတွေများ အထူးအဆန်းတွေ့နေလို့လဲ''

''အင်း ... ခင်ဗျားတို့ရွာက မိန်းမအတော်များများမှာ ချေးပိုးထိုးကောင်ပုံကို လည်ဆွဲလုပ်ထားပြီး ဝတ်ဆင်ထားတာကို တွေ့ရတယ်။ ပြီးတော့ ခင်ဗျားတို့ရွာက ရှေ့တွက်



www.burmeseclassic.com

www.burmeseclassic.com



ရွာလယ်က ရေတွင်းကြီးကိုပဲ အားထားပုံရတယ်"

"ခင်ဗျားက မဆိုးဘူးပဲဗျ ... ဟုတ်တယ် ကျုပ်တို့တစ်ရွာလုံးက သောက်ရေသုံးရေကို ဒီရေတွင်းကြီးပဲ အားကိုးနေရတယ်။ အဲ ... နတ်ရုပ်လည်ဆွဲကတော့ သန္ဓေသားလေး ပေးသနားလာအောင်လို့ နတ်ဆရာရဲ့ အစီစဉ်နဲ့ မိန်းမတိုင်းကို အဆောင်အဖြစ် ဝတ်ဆင်ထားစေတာပဲ"

သူ တွေးတွေးဆဆနှင့် ခေါင်းညိတ်နားထောင်နေ၏။ အတော်ကြာမှ

"အခု ခင်ဗျားတို့ရွာမှာ ကလေးတွေ ဘာကြောင့် မရတော့တာလဲ"

"ကျိန်စာကြောင့်ပေါ့ဗျာ"

"ကျိန်စာ ..."

သူ တီးတိုးရေရွတ်လိုက်ပြီး အပြုံးရွာကအဖြစ်နှင့် ဆက်စပ်နေမလားဟု တွေးလိုက်မိ၏။

"ဘယ်လို ကျိန်စာမျိုးလဲဗျ ... ပြီးတော့ ဒီကျိန်စာကို ဘယ်သူက ထားခဲ့တာလဲ"

"အရှုးမလို ဟန်ဆောင်ထားတဲ့ နတ်ဒေဝတာတစ်ပါးကပေါ့"

သူ စိတ်ဝင်စားနေပေမယ့်လည်း နားမလည်နိုင်ဖြစ်နေ၏။

"နတ်က ဘာလို့ အရှုးမဟန်ဆောင်မှာလဲ ... ဟုတ်ရောဟုတ်လို့လားဗျာ"

"နတ်ဆရာကိုယ်တိုင်ကတောင် ယုံကြည်လက်ခံနေရတာပဲ ... သိပ်ဟုတ်တာပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအရှူးမက ရိုးရိုးပုံတောင် မဟုတ်ဘူး။ နေ့စေ့လစေ့ ကြီးနဲ့ ဗိုက်ကြီးသည်ဟန်ဆောင်ပြီး ကျုပ်တို့ရွာကို ရောက် လာခဲ့တာ"

သူ ... အပြုံးရွာက ထွက်ခွာသွားသည့် အရူးမ ဗိုက်ကြီး သည့် အကြောင်းကို ဖျတ်ခနဲ သတိရမိသွား၏။ သူမပဲ ဖြစ်ဖို့များ ပါသည်။ ဗို၍လည်း စိတ်ဝင်စားမိသွား၏။

"ဟုတ်ပြီဗျာ ... ကျုပ်ပဲ စေ့စေ့ငှငှ နားလည်သွားအောင် အရူးမအကြောင်းရော၊ ခင်ဗျားတို့ရွာအကြောင်းကိုပါ သေချာ ရှင်းပြဗျာ"

ရွာသားကြီးက အဝေးတစ်နေရာကို ခပ်ဆွေးဆွေးလေး ကြည့်ပြီး အောက်ပါအကြောင်းအရာတို့ကို လုံးစေ့ပတ်စေ့ ပြောပြလေ တော့၏။

■



www.burmeseclassic.com

www.burmeseclassic.com



(၄)

ကလေးမမွေးတဲ့ရွာ ...။

ပညတ်သွားရာ ဓာတ်သက်ပါအောင် ရွာအမည်ကို 'ကလေးပေါတဲ့ရွာ' မှ 'ကလေးမမွေးတဲ့ရွာ'အဖြစ်သို့ ရွာလူကြီးနှင့် နတ်ဆရာတို့ကို တိုင်ပင်ပြီး တရားဝင်အသိပေး ပြောင်းလဲလိုက်ကြပေမဲ့ မရပါ။

ထုံးစံအတိုင်း တစ်အိမ်ထောင်မှာ ကလေး ၇ ယောက်ထက် မနည်း မွေးမြဲ ဖွားမြဲပါပင်။ ရွာထဲမှာလည်း နေရာအနှံ့ ကလေးသူငယ်များ ဆော့ကစား/ပြေးလွှား/အော်ဟစ် ဆူညံနေတတ်၏။ နောက် ... အိမ်တိုင်းလိုလိုမှ စူးစူးရှရှ ငိုကြွေးနေသည့် လသားအရွယ် ကလေးငယ်များကလည်း ဒုနဲ့ဒေး။

တစ်စစပွားများလာသည့် လူဦးရေပြဿနာကြောင့် ရွာကလေးရဲ့ စားဝတ်နေရေး အနေအထားက မလောက်မင ဖြစ်နေချိန်လည်း ဖြစ်၏။

တစ်နေ့သော် ...



www.burmeseclassic.com

www.burmeseclassic.com



ထိုရွာကလေးသို့ ကိုယ်ဝန်အရင့်အမာကြီးနှင့် စိတ်မနှံ့သည့် မိန်းမတစ်ယောက် ရောက်ရှိလာခဲ့သည်။

ကလေးသူငယ်များက ရွာလယ်ရေတွင်းကြီးနံဘေးမှာ အမြဲလိုလိုရှိနေတတ်သည့် အရူးမကြီးကို ကစားစရာတစ်ခုသဖွယ် ပြေးလွှားစနောက်လေ့လည်း ရှိပါ၏။

အစသန်လွန်းသည့် ကလေးများကိုတော့ သူမက ကိုယ်ဝန်ကြီးတကားကားဖြင့် ဒေါသတကြီး လိုက်လံရန်ပြုတတ်ပါ၏။ သို့သော် ကလေးငယ်များ၏ စနောက်မှုက သူမအတွက် ပြဿနာ မဟုတ်ပါ။ သူမအတွက် အဓိကပြဿနာက စားရေးသောက်ရေးပင်ဖြစ်သည်။

လူဦးရေနှင့် ရိက္ခာ မမျှတသည့် ရွာငယ်ကလေးတစ်ရွာမို့ ကိုယ့်ဝမ်းကိုယ်ပင် မနည်း ဝလင်အောင် ဖြည့်ဆည်းနေကြသည်။ သူမဒုက္ခကို မည်သူမျှ ခေါင်းလေးခံပြီး တွေးတောမနေကြပါ။

"ကျွန်မကို စားစရာလေး နည်းနည်းပေးခဲ့ပါရှင်"

"အိုတော် ... ဒီမှာတောင် တစ်နေ့ တစ်နပ်ပဲ စားနေရပါတယ်ဆို"

"နည်းနည်းလေး ဖြစ်ဖြစ်ပေးခဲ့ပါရှင်"

"မကျွေးနိုင်ဘူးသွား ... တခြားရွာကို သွား"

တစ်နေ့တစ်နေ့ တွေ့သမျှလူကို လိုက်တောင်းနေပေမဲ့ သူမကို ကျွေးတဲ့ပေးတဲ့လူ မရှိပါ။ ရေကိုသာ အားပြုနေရသည့် အရူးမမှာလည်း ခန္ဓာကိုယ်ဇီဝ လိုအပ်မှုကြောင့် အားအင်ချိနဲ့လာခဲ့၏။ နောက်တော့ ကလေးသူငယ်များထံမှ စားစရာများကို လိုက်လံလုယက်လာ၍ ရွာထဲမှာ ခိုးယူစားသုံးလာ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ရွာလူကြီးအပါအဝင် ရွာသူရွာသားများ တိုင်ပင်ပြီး သူမကို မောင်းထုတ်ဖို့ ဆုံးဖြတ်လိုက်ကြသည်။

"ကဲ ... အဒေါ်ကြီး ... ခင်ဗျားအတွက် ဒီရွာမှာ နေစရာစားစရာ မရှိဘူး။ ဒါကြောင့် ဒီရွာကနေ ချက်ချင်းထွက်သွားပါ"

" ... "

"အေးအေးဆေးဆေး ပြောနေတုန်းကို အမြန်ထွက်သွားပါ။ မဟုတ်ရင် ခင်ဗျားအသားနာလိမ့်မယ်"

" ... "

သူမက ဆယ့်လေးငါးယောက်ထက် မနည်းတဲ့ လူအုပ်ကို ကြည့်ပြီး ကြောက်လန့်တကြား ငေးကြည့်နေ၏။

"ဘာလုပ်နေတာလဲ ... သွားတော့လေ"

" ... "

"ဟာ ... ဒီလောက်မှ ပြောမရတာ ခဲနဲ့ထုပဟာ"

မိန်းမတစ်ယောက်၏ မဆင်မခြင်စကားကြောင့် သူမကို နီးစပ်ရာ ကျောက်ခဲများနှင့် ခြောက်လှန့်မောင်းထုတ်လိုက်၏။ သူမကိုတော့ မည်သူမျှ ထိမှန်အောင် မပစ်ကြပါ။ ခြောက်လှန့်ရုံမျှသာ ဖြစ်၏။ သို့သော် ၁၂ နှစ်အရွယ် ကလေးတစ်ယောက်၏ ကျောက်ခဲတစ်လုံးကတော့ သူမ ကိုယ်ဝန်ဝမ်းဗိုက်တည့်တည့်ကို အရှိန်ပြင်းပြင်း ထိမှန်သွား၏။

"အား! အမလေး ကျွတ်ကျွတ်!"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!"

"ဟိတ်ကောင်လေး ... မင်းကို ဘယ်သူက ခဲနဲ့ ပစ်နိုင်း လို့လဲ"

ရွာလူကြီးက ကလေးကို မာန်လိုက်၏။ ကလေးက ...

"ဦးတို့မှ လက်မတည့်တာ ... ဒါကြောင့် သားက ကူပစ် ပေးတာ"

"ဟာ ... ဒီကလေးနဲ့တော့ ခက်တော့တာပဲ ... သွားသွား"

သူမကို ခြောက်လှန့်ပစ်ခတ်နေသည်ကို ကလေးက နားလည် ပုံမရဘဲ ပစ်ခတ်မိရာမှ အခြေအနေက ရုတ်ခြည်းပြောင်းလဲ ရှုပ်ထွေး သွား၏။

"ဟိုမှာ ... အရူးမကြီး ဘယ်လိုဖြစ်သွားတယ်မသိဘူး ... လုပ်ပါဦး"

"အား! နာတယ် ... ဗိုက်ထဲက နာတယ်"

သူမ ခြေသလုံးမှတစ်ဆင့် သွေးများ စီးကျလာနေသည်။

"သွေးတွေ အများကြီး ထွက်နေပြီ ... ဒုက္ခပါပဲ"

"ကလေးမွေးတော့မှာလား"

"မဟုတ်ဘူး ... ဒါ ကလေးပျက်ကျတဲ့ပုံစံမျိုး"

တစ်ယောက်တစ်ပေါက် ပြောဆိုနေပေမဲ့လည်း အရူးမကတော့ သွေးအိုင်ထဲမှာ အော်ဟစ်ညည်းတွားနေ၏။ ရွာလူကြီးက

"ဟဲ့ ... မိန်းမတွေ ကူလိုက်ကြပါဦးဟ ... ဘာဖြစ်သွား တာလဲ"

မိန်းမကြီး ၂ ယောက် သူမကို ကူညီချိန်မှာတော့



www.burmeseclassic.com

www.burmeseclassic.com



"ကလေး မွေးတယ် . . . ဟင်"

"ကလေးက သေနေပြီ"

"ဟာ!"

သူမက ကလေးအသံကြားသည်နှင့် အားယူထလိုက်ပြီး ထွက်ကျလာတဲ့ သွေးသံရဲရဲကလေးကို ကြည့်ပြီး ဝမ်းနည်းပက်လက် ငိုကြွေးနေသည်။

"ဟယ် . . . ငါ့ကလေးလေး သေသွားပြီ . . . အဟီး . . ဟီး"

ရုတ်တရက်အခြေအနေမို့ အားလုံး စိတ်မကောင်းဖြစ်သွားပြီး ဆွံ့အနေကြ၏။

"နင်တို့ကြောင့် ငါ့ကလေးလေး သေရတာ . . . ဘာမှ အပြစ်မရှိတဲ့ ငါ့ကလေးလေး . . . ဟီးဟီး . ."

အားလုံး စကားလုံးမဲ့နေကြသည်။ သူမက

"နင်တို့ လူသားတွေက တကယ် လူစိတ်မရှိတဲ့ မကောင်းဆိုးဝါးတွေပဲ။ ဟိုဘက်ရွာက လူတွေလိုပဲ . . . အားလုံး အတူတူပဲ။ အဲဒီရွာကိုလည်း မရယ်နိုင် မပြုံးနိုင်အောင် ငါ ကျိန်စာတိုက်ခဲ့ပြီးပြီ။ အခု နင်တို့ရွာလည်း ငါ့ကလေးလေး ပျက်ဆီးရသလို နင်တို့ကလေးတွေလည်း ပျက်ဆီးပျက်သုဉ်းကြပါစေ။ ဒီနေ့ ဒီအချိန်ကစပြီး ကလေးမမွေးနိုင်ကြပါစေနဲ့ . . . အဲဒါ ငါ့ကျိန်စာပဲ"

■



www.burmeseclassic.com

www.burmeseclassic.com



(၅)

"ဒါဆို . . . အဲဒီကတည်းက ခင်ဗျားတို့ရွာ ဒီလိုဖြစ်သွားတာပေါ့"

"ဟုတ်တယ် . . . ကိုယ်ဝန်ရလာပေမဲ့ အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးသွားခဲ့တာချည်းပဲ။ မွေးခဲ့ရင်လည်း အသေတွေပဲ မွေးတယ်။ နတ်ဒေဝတာတစ်ယောက်ကို စော်ကားသလို ဖြစ်သွားတာကိုး"

သူ တစ်စုံတစ်ခုကို တွေးတောကြည့်ပြီး

"ဒါဆို အဲဒီအရှုံမကြီးရော ဘာဆက်ဖြစ်သွားလဲ"

"သူလား . . အဲဒီရေတွင်းနံဘေးမှာပဲ သေသွားခဲ့တာလေ"

"အို . ."



www.burmeseclassic.com

www.burmeseclassic.com



သူ တကယ်ပဲ စိတ်မကောင်းဖြစ်မိ၏။

"ကဲ ... ခင်ဗျား ကျုပ်တို့ရွာကို ဘယ်လိုကူညီနိုင်မှာလဲ။ နတ်ဒေဝတာတစ်ပါးရဲ့ ကျိန်စာကို ခင်ဗျားမှာ ပယ်ဖျက်နိုင်တဲ့ အစွမ်းရှိလို့လား"

ရုတ်တရက် သူ့မှာ အဖြေမရှိခဲ့ပါ။ သို့သော်

"ဒါကတော့ ... ကျုပ် ကြိုးစားကြည့်ရမှာပေါ့ဗျာ။ ခုလို ကျုပ်ကို စိတ်ရှည်လက်ရှည် ပြောပြပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်ဗျာ"

"မလိုပါဘူး ... တကယ်ဆို မဆီမဆိုင် ကျုပ်တို့ရွာကို ကူညီပေးချင်တဲ့ ခင်ဗျားကိုပဲ ကျုပ်က ရွာကိုယ်စား ကျေးဇူးတင်ရမှာပါဗျာ"

"ဟုတ်ပါပြီဗျာ ... ဒါဆိုရင် ကျုပ်ကို သွားခွင့်ပြုပါဦး။ တစ်စုံတစ်ရာ အကြောင်းထူးရင်း ခင်ဗျားကို လာရှာပါ့မယ်"

"ကောင်းပါပြီဗျာ ... ကျုပ် ခင်ဗျားကို မျှော်နေပါ့မယ်"

သူ လမ်းခွဲပြီး တည်းခိုရာနေအိမ်သို့ ပြန်လာခဲ့သည်။ ခေါင်းထဲမှာတော့ အတွေးပေါင်းစုံတို့ ကူးခတ်လွင့်ပါးနေ၏။

■



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ ... တကယ်ပဲ ကျိန်စာတစ်ခုလား ...

(သို့မဟုတ်)

မမြင်နိုင် မသိနိုင်တဲ့ အခြားအကြောင်းအရာတစ်ခုများ

နောက်ကွယ်မှာ ရှိနေမလား ...။

■



www.burmeseclassic.com

www.burmeseclassic.com



(၆)

၇ ရက်မြောက်နေ့ . . .။

သူ တစ်စုံတစ်ရာကို စမ်းသပ်ပြီး ဝင့်ဝင့်စားစားကြီး ပြုံးလိုက်မိ၏။ စိတ်ထဲမှာလည်း လွတ်လပ်ပေါ့ပါးသွားသလို ခံစားနေရ၏။

သူ . . . သည်ရွာကလေးကို ကူညီကယ်တင်နိုင်တော့မည် မဟုတ်ပါလား . . .။

သူ . . . ခြေလှမ်းခပ်သွက်သွက်တို့ဖြင့် ထိုရွာသားရှိရာ နေရာကို လာခဲ့၏။ အဆင်သင့်ပင် တွေ့ရလေ၏။

"ဟာ . . . ခင်ဗျားပါလား။ ဘာလဲ . . . ကျုပ်ကို ပြန်ကာနီး လာနှုတ်ဆက်တာလား . . ."

"ကျုပ် . . . ခင်ဗျားတို့ရွာက ကျိန်စာဆိုးကို ပယ်ဖျက်နိုင်ပြီ"

"ဘယ်လိုဗျ!"



www.burmeseclassic.com

www.burmeseclassic.com



ထိုရွာသားမှာ ထင်မှတ်မထားသည့်စကားမို့ အတော်အံ့အား သင့်သွားပုံရသည်။

"ဟုတ်တယ် … ကျုပ် ခင်ဗျားတို့ရွာကို ကူညီပေးဖို့ အဖြေ တစ်ခု ရထားပြီ"

"ခင်ဗျား တစ်ကယ်ပြောနေတာလား"

"ကျုပ်ပုံစံက လူနောက်တစ်ယောက်နဲ့ တူနေလို့လား"

"မဟုတ်ပါဘူး … ကျုပ် မယုံကြည်နိုင်ဖြစ်ပြီး ဝမ်းသာနေ မိလို့ပါ။ ဒါနဲ့ ခင်ဗျားအဖြေက ကျုပ်တို့ကို တကယ်ကူညီနိုင် မှာပါနော်"

"အစစ်ပေါ့ဗျာ"

"ဒါဆို … ဘာလဲ"

"ကျုပ်ကို ရွာလူကြီးအိမ် လိုက်ပို့ပေးဗျာ"

"ဘာလုပ်မလို့လဲ"

ရွာသားက နားမလည်နိုင်စွာ ပြန်မေးနေ၏။

"ရွာလူကြီးကနေတစ်ဆင့် တစ်ရွာလုံးကို ဆင့်ခေါ်ပြီး အားလုံး ရှေ့မှာ နားလည်အောင် ရှင်းပြချင်လို့ပါ"

"ကောင်းတယ် … လာဗျာ၊ အခုပဲ သွားကြရအောင်"

ခြေလှမ်းတို့က ပေါ့ပါးတက်ကြွနေ၏။

ရွာလူကြီးအိမ်ကိုရောက်တော့ ရွာသားက ကျိန်စာကိုဖျက်ပြီး အရင်လို ကလေးတွေ ပြန်မွေးဖို့ လမ်းစရထားကြောင်းနှင့် ရွာသူ ရွာသားများအားလုံးရှေ့မှာ ပြောပြမည်ဖြစ်ကြောင်းတို့ကို ပြောပြလိုက် ၏။



www.burmeseclassic.com

www.burmeseclassic.com



ရွာလူကြီးလည်း သူစိမ်းဖြစ်သည့်သူ့ကို မယုံတစ်ဝက်၊ ယုံတစ်ဝက်နှင့် ကြည့်ပြီး ရွာသူရွာသားများအားလုံးကို ချက်ချင်းလာရောက်ဖို့ အမိန့်ထုတ်ပေးလိုက်၏။

"ကျိန်စာကို ဖျက်ပေးနိုင်ပြီး ကလေးတွေ မွေးနိုင်တော့မည်" ဆိုသည့် ထူးခြားဝတ်မွတ်ခေါင်းစဉ်ကြောင့် ရွာသူရွာသားများအားလုံးတို့သည် ခဏချင်းပင် စုရုံးရောက်ရှိလာကြ၏။

ရွာသားတွေ၏ မျက်နှာပေါ်မှာ မျှော်လင့်ချက်၊ အားတက်မှု၊ စိတ်ဝင်စားမှု၊ ဝမ်းသာမှုနှင့် မယုံကြည်နိုင်မှုတို့ကို တစ်ပြိုင်နက်တည်း သူ တွေ့မြင်နေရ၏။

နတ်ဒေဝတာတစ်ပါးရဲ့ ကျိန်စာကို ပယ်ဖျက်ပေးမည်ဆိုသည့် လူသားငယ့်သည်လူစိမ်းကိုလည်း မယုံသင်္ကာဖြစ်နေကြပုံရသည်။ တစ်ယောက်တစ်ပေါက် တီးတိုးပြောဆိုနေတာတွေကိုလည်း ကြားနေရ၏။

"ဒီလူက ဘယ်ကလူလဲ . . တို့ရွာကို ဘာလာလုပ်နေတာလဲ"

"သူက မှော်ဆရာများလား"

"ငါတို့တွေ ယုံလို့ဖြစ်ပါ့မလား . . . သူစိမ်းရဲ့စကားကို"

မည်သို့ပင် ရှိပါစေ . . .။ တစ်ရွာလုံးကတော့ စိတ်ဝင်စားမှု အပြည့်ရှိနေပါ၏။ လူအုပ်ထဲတွင် ရှေးဖြစ်ဟော နတ်ဆရာဆိုသူကိုပါ တွေ့နေရသည်။

လူစုံသလောက်ရှိမှ ပရိသတ်တွေကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး ကိုယ့်ကိုယ်ကိုယ်ပင် မိတ်ဆက်ခြင်းဖြင့် စကားစလိုက်၏။

အားလုံးလည်း ငြိမ်သက်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဟမ်း ..အဟမ်း ..ကျုပ်က ခင်ဗျားတို့နေထိုင်ရာ အရပ်ကနေ မိုင်ပေါင်းများစွာဝေးကွာတဲ့ မြန်မာနိုင်ငံက လာခဲ့တာပါ။ ကျုပ်က ထူးခြားတဲ့ရေမြေသဘာဝကို အဓိက လေ့လာသုတေသနပြုနေတဲ့ ဘူမိဗေဒပညာရှင်တစ်ယောက်ပါ။ အဲဒီအလုပ်ကိစ္စနဲ့ပဲ ဒီရွာကို ခေတ္တရောက်ရှိလာခြင်း ဖြစ်ပါတယ်"

သူပြောပြသမျှကို ရွာသူရွာသားတွေ သဘောပေါက်နားလည်ပုံမရပါ။ သို့သော် နားထောင်နေကြပါ၏။

"တကယ်တော့ ဒီရွာမှာ ကြုံတွေ့ဖြစ်ပျက်နေတဲ့ ကလေးမမွေးတော့တဲ့ ပြဿနာဟာ အရူးမကြီးရဲ့ ကျိန်စာကြောင့် မဟုတ်သလို ဘယ်လိုမှလည်း ဆက်စပ်ပတ်သက် မနေပါဘူး"

"ဟာ"

"ဟင် .."

"ဘာလဲဟ ..."

တစ်ရွာလုံး၏ ယုံကြည်မှုကို ဆန့်ကျင်သလို ဖြစ်နေသည်ကြောင့် အလိုမကျသံတို့ ထွက်ကျလာလေ၏။ သူ မမှုပါ။ အယူအဆအသစ်တစ်မျိုးထွက်ပေါ်လာတိုင်းတွင် ထိုကဲ့သို့ တုန့်ပြန်မှုကို ဦးဆုံးကြားရလေ့ရှိကြောင်း သူကောင်းကောင်း သဘောပေါက်ထားပြီးသားဖြစ်၏။ သို့ကြောင့် လိုရင်းကို ဆက်လိုက်သည်။

"ဟုတ်ပါတယ် .. လူတွေဟာ ကလေးသူငယ်ဘဝမှာ စားစရာနဲ့ ကစားစရာကို ကြိုက်နှစ်သက်ကြပါတယ်။ အရွယ်ရောက်လာတော့ အဝတ်အစား၊ အသုံးအဆောင်တို့ကို



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းကြိုက်ကြတယ်။ လူကြီးပိုင်းကို ရောက်လာတော့ စားစရာ၊ အဝတ်အစား စတာတွေကို သိပ်မမက်မောတတ်တော့ဘူး။ ငြိမ်းချမ်းခြင်းကို ပြောင်းလဲကြိုက်နှစ်သက်သွားကြပြန်ပါတယ်။ အခုကျုပ်ပြောနေတာတွေက ဘာမှမထူးဆန်းတဲ့ လူတွေရဲ့ သဘာဝလေးပါ"

"ဒီမယ် ... ညည်သည်လေး"

နတ်ဆရာက ထပြောလာ၏။

"ဟုတ်ကဲ့ ... ပြောပါ"

"အခု ကျုပ်တို့လာခဲ့တာက ကျိန်စာနဲ့ ပတ်သက်ပြီး မောင်ရင်လေးရဲ့ အဖြေကို သိချင်လို့ လာခဲ့ကြတာပါ"

"ဟုတ်ကဲ့ပါ၊ အဲဒီအတွက်လည်း ပြောပြနေတာပါ။ ကျေးဇူးပြုပြီး ကျုပ်ရှင်းပြတာကို အဆုံးထိအောင် နားထောင်ပေးပါ၊ ပြီးမှ လုပ်သင့်၊ မလုပ်သင့် ဆုံးဖြတ်ကြပါ"

အားလုံးပြန်လည် ငြိမ်သက်သွားမှ သူ စကားစလိုက်၏။

"အဲလို လူတွေရဲ့သဘာဝလိုပဲ ရေမြေတွေမှာလည်း သဘာဝအလျောက် ပြောင်းလဲမှုတွေ ရှိနေတယ် ... အခု ဒီရွာမှာက ရေပြဿနာကြောင့် ဖြစ်နေတာပါ"

"ဟာ ... ဘာတွေလဲ"

"ဟင် ..."

အသံအနည်းငယ် ထွက်လာပြန်၏။ သူတို့တွေ သိနားလည်ကြပုံမရပါ။ သို့ကြောင့်လည်း ဤမျှလောက်ရှည်လျားအောင် သူ ရှင်းပြနေရခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ဒီရွာမှာ ကလေးမရရတဲ့ အဓိကအကြောင်းအရင်းက ကျိန်စာကြောင့် မဟုတ်ပါဘူး။ ရေရဲ့ ပြဿနာကြောင့်ပါ။ ဒါဟာ ထူးခြားခမ်းနားတဲ့ တိုက်ဆိုင်မှုတစ်ခုကြောင့် အခုလိုတွေ ဖြစ်ကုန်ရတာပါ"

"နားလည်အောင် ပြောပါဦး ... ညီ့သည်လေး"

အားလုံးရဲ့ ရင်ထဲက မေးခွန်းကို ရွာလူကြီးက ထုတ်ဖော်မေးပေးလိုက်၏။

"ဟုတ်ကဲ့ ... ဒီရွာကို လေ့လာကြည့်တော့ ရွာလယ်က ရေတွင်းကြီးကို တစ်ရွာလုံးရဲ့ သောက်ရေသုံးရေအဖြစ် အားထားနေရတာကို တွေ့ရပါတယ်။ ရေရဲ့ သဘာဝကို ခေတ်လောကဓာတ်ပညာအဆိုအရ ဟိုက်ဒရိုဂျင် (H) နှစ်ဆနဲ့ အောက်ဆီဂျင် $(O_2)$ တစ်ဆတို့ ပေါင်းစည်းထားခြင်းပါ။ သင်္ကေတအရ $(H_2O)$ ပေါ့ဗျာ။ သန့်စင်တဲ့ ရေရဲ့ တိုင်းတာချက်က $(PH_7)$ အဆင့်ရှိနေရတယ်"

"ရှုပ်နေတာပဲဗျာ၊ မြင်ရတဲ့ဟာတွေလည်း မဟုတ်ဘဲနဲ့"

"ဟုတ်တယ် .. ကျုပ်တို့ကတော့ မယုံဘူး"

ရွာသားနှစ်ယောက်၏ စောဒကတက်မှုကို အပြုံးနှင့် တုံ့ပြန်လိုက်ပြီး ...

"ဟုတ်ပြီ၊ ခင်ဗျားတို့က မမြင်ရတဲ့အရာကို မယုံဘူးဆိုရင် ကျုပ် အနီးစပ်ဆုံး ဥပမာတစ်ခုပေးမယ်"

အားလုံးက စိတ်ဝင်တစား နားထောင်နေကြ၏။

"အခု ခင်ဗျားတို့ ရှူသွင်းနေတဲ့လေကို မြင်ရလား"



www.burmeseclassic.com

www.burmeseclassic.com



"…"

"မမြင်ရပေမဲ့ ခင်ဗျားတို့ အသိအမှတ်ပြုလက်ခံကြရတယ် မို့လား။ အခုလည်း ဒီသဘောပဲ … ရေထဲမှာ အဲဒီဒြပ်တွေ ရှိနေတယ်"

"ဆက်ပြောပါ ညီသည်လေး"

ရွာလူကြီး၏ ထောက်ခံသမှုကြောင့် သူ ဆက်ပြောပြ၏။

"ရေဆိုပေမဲ့လည်း ပါဝင်မှုဒြပ်အချိုးအစား မတူညီတဲ့အတွက် အရသာအပြောင်းအလဲ ရှိတယ် …။ ရေသန့်ဟာ $PH_7$ ပမာဏရှိတယ်။ သူ့ထက်နည်းနေမယ်ဆိုရင်တော့ ရေငန် တွေ ဖြစ်လာမယ် ‥"

"ကျုပ်တို့ရွာက ရေက မငန်ပါဘူး ‥"

"ကျုပ်က သဘောပြောပြနေတာ … ရှင်းရှင်းပြောရရင် ခင်ဗျားတို့ သောက်သုံးနေတဲ့ရေတွေဟာ မသန့်ဘူး။ ဓာတ် သတ္တုဓာတ်တွေ အလွန်အမင်း ပျော်ဝင်ဓာတ်ပြုနေတယ်။ အဲဒီရေကို အမြဲသောက်နေတဲ့ ကိုယ်ဝန်သည်တွေဟာ သန္ဓေ မမြဲဘူး၊ မအောင်မြင်နိုင်ဘူး။ မွေးခဲ့ရင်လည်း မသန်မစွမ်း တွေ၊ အသေတွေပဲ မွေးလာတတ်တယ်"

"ဟာ …"

အားလုံးအံ့အားသင့်သွားကြသည်။ နတ်ဆရာက …

"ဒါကို ညီသည်လေးက ဘယ်လိုသိတာလဲ၊ သေရော သေချာလား"

"ကျုပ် သေချာစမ်းသပ်ကြည့်ပြီးပြီ၊ သေချာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး ... အစက ဒီရေကိုပဲသောက်ပြီး ကလေးတွေ ပေါ်များခဲ့ပါတယ်။ ကျိန်စာတိုက်ပြီးမှ အခုလိုအဖြစ်မျိုး ဖြစ်ခဲ့တာပါ။ ဘယ်လိုကြောင့် ရေက အခုမှ အဲဒီဓာတ်တွေ ရှိနေရတာလဲ"

"ဒီလို ရှိပါတယ် ... နတ်ဆရာ၊ ကျိန်စာကတော့ တိုက်ဆိုင်သွားတာပါ။ ဒီရေတွေက အစကသန့်ရှင်းတယ်ဆိုပေမဲ့ ပြောင်းလဲတတ်တဲ့သဘာဝတွေကြောင့် အခြားဓာတ်တွေ ပျော်ဝင်လာခဲ့တာ ဖြစ်နိုင်သလို၊ တစ်စုံတစ်ယောက်ရဲ့ သတ္တုဓာတ်ပျော်ဝင်စေတဲ့ အရာဝတ္ထုပစ္စည်းတစ်ခုခု ရေတွင်းထဲကို ပြုတ်ကျပြီး ဓာတ်ပြုပြောင်းလဲသွားခဲ့တာလည်း ဖြစ်နိုင်ပါတယ်"

နတ်ဆရာက တွေးတွေးဆဆဖြင့် ခေါင်းတညိတ်ညိတ်လုပ်ပြီး လက်ခံသွားပုံရ၏။

အတော်ကလေးကြာမှ ရွာလူကြီးက ...

"ဒါဆို ဘယ်လိုလုပ်ရမလဲ ... မောင်ရင်လေး"

"အဲဒီရေတွေကို မသောက်နဲ့တော့"

"ဟော ..."

"ဒီလိုလေ ... နောက်ထပ် ရေတွင်းအသစ်တူးပြီး သောက်ဖို့ကို ပြောတာပါ။ လောလောဆယ်တော့ ဒီတွင်းရေကိုပဲ ကျိုချက်သောက်ကြပေါ့"

ထိုစဉ် ရွာသားတစ်ယောက်က ထမေးလာ၏။

"အကယ်၍ နောက်အသစ်တူးတဲ့တွင်းမှာလည်း ခင်ဗျားပြောတဲ့ ဓာတ်တွေပါနေပြန်ရင် ဘယ်လိုလုပ်မလဲ ..."



www.burmeseclassic.com

www.burmeseclassic.com


"မြေအောက်က ရေကြောက တစ်နေရာနဲ့ တစ်နေရာ မတူပါဘူး၊ စိတ်ချပါ ..."

အချို့ရွာသားတွေက ...

"လူစိမ်းတစ်ယောက်ရဲ့ စကားတစ်ခွန်းကို လွယ်လွယ်နဲ့ ယုံရပါ့မလား"

"ရေတွင်းအသစ်တူးဖို့ဆိုတာ လွယ်တာ မဟုတ်ဘူးနော်"

"ဒါဆိုရင် ခင်ဗျားတို့တစ်ရွာလုံး ဒီအတိုင်းပဲ မျိုးဆက်အပြတ်ခံလိုက်တော့မှာလား"

အားလုံးသူ့စကားအဆုံးမှာ ငြိမ်သက်သွားကြ၏။ ခဏနေမှ ရွာလူကြီးက ...

"ဘာပဲဖြစ်ဖြစ် ဒီညှော်သည်လေးရဲ့ အကြံအတိုင်း လုပ်ကြည့်ရမှာပဲ၊ ငါတို့ရွာလေးရဲ့ မျှော်လင့်ချက်ပဲလေ"

နောက်တော့ ရွာလူကြီးရဲ့ အဆုံးအဖြတ်က တစ်ရွာလုံးကို အတည်ပြုပေးလိုက်လေ၏။

■


www.burmeseclassic.com

www.burmeseclassic.com



အချိန်ငါးနှစ်ကြာမျှ ကုန်ဆုံးသွားချိန်တွင် 'ကလေးမမွေးတဲ့ရွာ' မှာ စည်းကမ်းချက်အချို့နှင့် ထူးခြားအကြောင်းအရာတို့ကို ကြားသိခွင့်ရကြမည်ဖြစ်ပါသည်။

(၁) ရွာတွင် လူဦးရေအဆမတန် တိုးပွားလာသဖြင့် စားဝတ်နေရေး ကျပ်တည်းလာခြင်း

(၂) ရွာလူကြီးမှ တစ်အိမ်ထောင်လျှင် ကလေး ၂ ယောက်ထက် ပို မမွေးရန် အမိန့်ထုတ်ပြန်ခြင်း

(၃) မြန်မာနိုင်ငံသား ဘူမိဗေဒပညာရှင်အား ရွာ၏ ထာဝရကျေးဇူးရှင် ခါပရီ (Khepri)ချေးပိုးထိုးနတ်မင်း၏ တမန်တော်အဖြစ် အမြဲနှလုံးသွင်းထားကြကြောင်းတို့ပင် ဖြစ်လေ၏။

■



www.burmeseclassic.com

www.burmeseclassic.com



(၇)

"အူဝဲ . . . ဖြဲဖြဲ"

"မေမေ ညီလေး ငိုနေတယ်"

"ဟား . . ဟား . . ဟား"

"ဟဲ့ . . . ကလေးတွေ တိတ်တိတ်နေကြစမ်း"

"အူဝဲ . . . "

" . . . . "

စသည့် နားဝင်ပီယံအသံများကို စဉ်ဆက်မပြတ် ကြားနေရသော . . .

ရွာလုံးပြည့် ကလေးသူငယ်များနှင့် ပြည့်နှက်ရှုပ်ယှက်နေသော . . . . . . . သော

ရွာအမည်နှင့် (လုံးဝ) မလိုက်ဖက်လှသော . . . ရွာလေးတစ်ရွာ ရှိခဲ့ဖူးပါသည်။

ထိုရွာကလေးကို "ကလေးမမွေးတဲ့ရွာ"ဟု ခေါ်ပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com



## Khepri (ခါပရီ) ချေးပိုးထိုးနတ်သမိုင်းနှင့် အကျိုးကျေးဇူး အကျဉ်းချုပ်

ရှေးအခါက အီဂျစ်တို့သည် နေမင်း၏လမ်းကို စောင့်ရှောက်သော နေမင်း၏သားတော်အငယ် Khepri (ခါပရီ)ကို အလင်းရောင်နတ်ဒေဝတာတစ်ပါးအဖြစ် ကိုးကွယ်ကြ၏။

အင်္ဂလိပ်ဘာသာဗေဒအရ Scarab/Dung Beetle ချေးပိုးထိုးသည် အရှေ့တိုင်းအယူအရ မကောင်းမှုနိမိတ်ပုံကို ဖော်ညွှန်းထားသည်။

Khepri (ခါပရီ) နတ်ဘုရားသည် ချေးပိုးထိုးအသွင် ဖန်ဆင်းချိန်တွင် တောင်းဆုပြုပါက ပြည့်သည်ဟူသော အယူအဆသည် ရှေးနှစ်ပေါင်းများစွာကပင် အီဂျစ်လူမျိုးတို့ ယုံကြည်ခဲ့၏။


ခရစ်တော်မတိုင်မီ BC-1125 (ယခု) နှစ်ပေါင်း ၃၀၀၀ ကျော်က (Tomb Robbers) ဂူသင်္ချိုင်းများကို ဖောက်ထွင်းခိုးယူသော သူခိုးများထံမှ ရတနာစီရင်ထားသော ချေးပိုးထိုးနတ်ရုပ်အဆောင်ကို ဖမ်းဆီးရခဲ့၏။ (အင်မတန် တန်ဖိုးကြီးသော ရှေးဟောင်းရတနာတစ်ပါး ဖြစ်သည်)



www.burmeseclassic.com

www.burmeseclassic.com





အထက်ပါ နတ်ရုပ်ကို BC-1590 တွင် နတ်ရှာစံခဲ့သော အီဂျစ်ဘုရင် (Thebas) သီးဘီးဘုရင် ၁၇ ဆက်မြောက် ဘုရင်ကေရာဇ် ဒုတိယမြောက် Sobkemsaf (ဆော့ဘခဲန်ဆပ်ဖ်) ဘုရင်၏ မန်မီရုပ် အလောင်းမှ ဖြတ်ယူရရှိခဲ့ခြင်းဖြစ်သည်။

ခေတ်အဆက်ဆက်မင်းတိုင်း ထိန်းသိမ်းဆောင်ယူခဲ့သည့် နန်းတွင်းရတနာတစ်ပါးလည်း ဖြစ်၏။ မက်ဆီဒိုးနားကျွန်းမှ ဘုရင်ငယ် အလက်ဇန္ဒားသည် အသက် ၂၅ နှစ်အရွယ်ဖြင့် အီဂျစ်နိုင်ငံကို သိမ်းပိုက်ပြီး ထိုအဆောင်ကို ရရှိသွားသည်။ ရရှိပြီး ၇ နှစ်အတွင်းတွင် တူရကီ၊ အိန္ဒိယ၊ ပါကစ္စတန်၊ ဂရိ၊ ဆီးရီးယား၊ အီဂျစ်၊ အီရတ်၊ အီရန်နှင့် အာဖဂန်နစ္စတန် အစရှိသော ကမ္ဘာတစ်ခြမ်းကို ပိုင်ဆိုင်နိုင်ခဲ့၏။

မဟာအလက်ဇန္ဒားဘုရင် Alexander The Great အဖြစ် သမိုင်းတွင်ခဲ့ရသည်။ နောက်တွင် အီဂျစ်ကို ပြစ်သစ်ဘုရင် နပိုလီယံက သိမ်းပိုက်ပြီး ထိုအဆောင်ကို ရရှိသွားပြန်သည်။ ဂျူးလီယက်ဆီဇာလည်း ထိုရတနာကို ပိုင်ဆိုင်ခဲ့ဖူး၏။ ကမ္ဘာကြီးကို ကိုင်လှုပ်နိုင်ခဲ့သော ဂျာမန်စစ်ဘုရင် ဟစ်တလာလည်း ပိုင်ဆိုင်ခဲ့ဖူး၏။

အထက်ပါ ချေးပိုးထိုးနတ်ရုပ်ရတနာကို ယခုအခါတွင် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ရှိ ပြတိုက်ကြီးတွင် ပြသထားပါသည်။ ရှေးဟောင်းနန်း



www.burmeseclassic.com


www.burmeseclassic.com



မြို့တော်ကြီးတစ်ခုဖြစ်သော နိုင်းမြစ်၏ အရှေ့ဘက်ကမ်းရှိ 'လပ်(ခ်)ကဆွာ' မြို့တွင် ချေးပိုးထိုးနတ်ရုပ်ပုံကို စနစ်တကျ ထုဆစ်ထားပြီး အုပ်စုဖွဲ့ကာ လက်ဝဲရစ်(၁၁)ပတ် ပတ်ပြီး ဆုတောင်းရသည့် အလေ့အထကို တွေ့မြင်နိုင်ပါသည်။

လိပ်ခုံးကားဟု လူသိများသော ဗောက်(စ်)ဝက်ဂင်ကား ဒီဇိုင်းသည် ချေးပိုးထိုးမှ ဆင်းသက်လာခဲ့ခြင်း ဖြစ်သည်။ ကမ္ဘာတွင်မူ "Beatle" ကားဟူ၍ ကျော်ကြားလာခဲ့၏။

ချေးပိုးထိုးအတောင်ပံဖြန့်ထားပုံကိုလည်း အရောင်းအဝယ်ကောင်းပြီး အတိုက်အခံ အောင်မြင်သည်၊ စီးပွားလာဘ်ပွင့်၍ ကံကောင်းသည်ဟု ယူဆဆောင်ယူကြ၏။



ချေးပိုးထိုးပုံဖြစ်စေ၊ အတောင်ဖြန့်ပုံဖြစ်စေ ယုံကြည်စိတ်ဖြင့် ဆောင်ယူပါက အကျိုးထူးပေးသည်ဟု ဆိုထားပါသည်။

ပန်းချီ၊ ပိုစတာ၊ စတစ်ကာ၊ လက်ဆွဲ၊ လက်ပတ် စသဖြင့် အလျဉ်းသင့်သလို ရေးထိုးထုဆစ် ဆောင်ယူနိုင်ကြပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



# ပြောင်းပြန်ရွာ

(၁)

ဤရွာလေးထဲကို သူ ဝင်လိုက်ပြီဆိုကတည်းက ထူးဆန်းမှုရနံ့တစ်ပါးက ဆီးကြိုနေပြီးဖြစ်နေ၏။ မြင်လေရာ မြင်ကွင်းတိုင်းကလည်း ထူးဆန်းအံ့သြဖွယ်ရာအတိ။



www.burmeseclassic.com

www.burmeseclassic.com



သူ ဦးစွာပထမ 'ပြောင်းပြန်ရွာ' ဟူသည့် ဆိုင်းဘုတ်ခပ်နွမ်းနွမ်းလေးကို တစ်ချက်ငေးကြည့်ပြီး အမှုမဲ့အမှတ်မဲ့ အနေအထားတစ်ခုနှင့်ပင် ရွာကလေးထဲကို ဝင်လာခဲ့မိသည်။ ဝင်ဝင်ချင်း ဆောက်နဲ့ထွင်းဆိုသလို အသက် (၂၀) ပတ်ဝန်းကျင် ကောင်မလေးတစ်ယောက်နှင့် အရင်ဆုံသည်။ ကောင်မလေးတစ်ယောက်နှင့် ဆုံခြင်းသည်လည်း သူ့အတွက် ကြီးကျယ်ခမ်းနားသော ပြဿနာတစ်စုံတစ်ရာ မဟုတ်ခဲ့။ သို့ပေမဲ့ ...။

■



www.burmeseclassic.com

www.burmeseclassic.com



(၂)

သူ ‥ ကောင်မလေးကို ပြုံးပြရမလို … ရယ်ပြရမလို …  ဘာလိုလို အနေအထားနှင့်ပင် ဘာသိဘာသာ ဖြတ်ကျော်လာခဲ့သည်။

"ရွှတ် ! ရွှတ် ‥ "

ရှေ့နားကိုရောက်မှ အနောက်က တစ်စုံတစ်ယောက်၏ အသံကြောင့် သူ နောက်လှည့်ကြည့်ဖြစ်သည်။

"ဟင်"

အစောက မျက်နှာချင်းဆိုင် ဆုံတွေ့ခဲ့သည့် ကောင်မလေးပဲ။

သူ အတွေးမဆုံးခင်မှာဘဲ ‥ ထိုကောင်မလေး၏ တစ်စုံတစ်ရာအပြုအမူကြောင့် သူ့ရင် တစ်ချက်စောင့်ခုန်၍ သွားသည်။

အကြောင်းက အစောက ကောင်မလေးက သူ့ကို မျက်စိတစ်ဖက်မှိတ်ပြပြီး ပြုံးပြနေသောကြောင့်ပင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



" ဘုရား !. . . ဘုရား ! "

တစ်သက်နှင့် တစ်ကိုယ် ကြုံတောင့်ကြုံခဲအဖြစ်အပျက်ကို နဖူးတွေ့ဒူးတွေ့ ဆုံလိုက်ရသည်ကြောင့် ယောကျ်ားလေးတန်မဲ့နှင့်ပင် သူ့မျက်နှာပေါ်မှာ ရှက်ရွံ့မှုနိမိတ်ပုံတို့ ပြေးလွှားကခုန်ကြသည်။

ဘုရားစူး၊ မိုးကြိုးပစ်ပါ။ သူ့ဘဝမှာ မိန်းကလေးတစ်ယောက်က စတင် မျက်လုံးမှိတ်ပြသည်ကို ပထမဦးဆုံး ကိုယ်တိုင်ကိုယ်ကျ ခံစားဖူးခြင်းပင် ဖြစ်သည်။

သူ ချက်ချင်းမျက်နှာလွှဲပြီး လိုရာခရီးကို ရှေ့ဆက်လာခဲ့မိသည်။ ရင်ထဲမှာတော့ ၁၉ လမ်းက တရုတ်နယား 'က' နေချေပြီ။ ကောင်မလေး၏ မခို့တရို့ရယ်သံ။ 'ခစ် . . ခစ်' ဟူသည့် မြည်သံစွဲ အလင်္ကာလေးပါ ကပ်ပါလာသည်ကြောင့် အလိုမတူပါဘဲ သူ့ခြေလှမ်း အရှိန်တို့ကို မြှင့်တင်လိုက်မိ၏။

အတော်ကလေးကြာမှ သူတစ်ချက် တွေးမိသွားသည်။

"ဒီရွာက . . . ဘာရွာပါလိမ့်"

သူ့တစ်ကိုယ်ရေအတွေးကို သူ့တစ်ကိုယ်ရေအတွေးကပင် အဖြေပေးသွား၏။

"ပြောင်းပြန်ရွာ"

"ဟူး . ."

လေတဖြူးဖြူးနှင့်အတူ သူ့သက်ပြင်းချသံရှည်ကြီးသည်လည်း ဝေ့ဝါးပျော်ဝင် ပျောက်ကွယ်သွားလေတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com



(၃)

ထုံးစံအတိုင်း ရွာလမ်းတစ်လျှောက် သစ်ပင်နွယ်ပင်များ၊ လယ်ကွင်းယာကွင်းများဖြင့် ရွာ၏ ချပ်ဝတ်တန်ဆာကို တောက်ပထွန်းညှိထား၏။

သူ ငေးရင်း တွေးရင်း၊ နားရင်း သွားရင်းနှင့်ပင် ရွာထိပ်ကို ရောက်လုပြီဖြစ်သည်။

" ဟင် ! "

ရုတ်တရက်ကြီး တိုးဝင်လာသည့် မြင်ကွင်းစိမ်းစိမ်းကြောင့် သူ ကြောင်စီစီပင် ဖြစ်သွားရသည်။

" ဘာလဲဟ ! " ဆိုပြီး သေချာအောင် သူ စူးစိုက်ကြည့်လိုက်မိသည်။

ဟုတ်ပါသည်။ သူမြင်ကွင်း မလွဲပါ။ သူ ပါးစပ်အဟောင်းသား နှင့်ပင် ငေးကြည့်နေမိတော့သည်။ ကြည့်ကြပါဦး။



www.burmeseclassic.com

www.burmeseclassic.com



လယ်ကွင်းထဲတွင် အသက်နှစ်ဆယ်အောက်လူငယ်၊ ကလေးအရွယ် မိန်းကလေးများက ချွေးတလုံးလုံးဖြင့် ထွန်ယက်စိုက်ပျိုး လုပ်ကိုင်နေကြ၏။ လယ်ကွင်းဘေးနားက စကြံန်လေးပေါ်မှာတော့ ယောက်ျားများက ထမင်းထုပ်လေးများကို ဖွင့်ပြီး စားသောက်ရန် အဆင်သင့်ဖြစ်နေကြသည်။ စကားပြောဆိုသံအချို့ကိုပင် သူကောင်းစွာ ကြားနေရ၏။

" ချိုချိုရေ၊ လယ်ထွန်တာ ခဏရပ်ပြီး ထမင်းလေးပူတုန်းစားပါဦး .. ဒီနေ့ မောင်ကိုယ်တိုင် ချို့အကြိုက် ကင်ပွန်းချဉ်ကို ငါးနီတူလေးနဲ့ ရောသုပ်လာခဲ့တယ် .."

"ဒီတစ်ကြောင်းဆွဲပြီးမှပဲ စားတော့မယ် ကိုမျိုးရေ"

ချိုချိုအမည်ပေါက် လူငယ်မက ယောက်ျားဖြစ်သူကို အော်ပြောပြီး လုပ်လက်စအလုပ်ကို အပြီးသတ် ဆက်လုပ်နေ၏။ ယောက်ျားဖြစ်သူ မျိုးကြီးကတော့ ပြင်ဆင်ပြီးသော ထမင်းစားပွဲကို ခြင် ယင်မသမ်းရလေအောင် မြက်ဖျာလေးနှင့် တဖျပ်ဖျပ် ယပ်ခတ်ပေးနေလေ၏။

သူ မြင်ကွင်းကို ငေးပြီး အံ့အားသင့်လို့ မဆုံးသေးခင်မှာပင် အံ့သြမှုတို့က ဆတိုးထွက်ပေါ်လာခဲ့ပြန်၏။

လူနှစ်ယောက် ..။ ဟုတ်သည် .. လူနှစ်ယောက်။ ပို၍တိတိပပဆိုရပါသော် အသက် ၆၀ ကျော် လူကြီးနှစ်ယောက်။ လူကြီးနှစ်ယောက်ကို ထပ်မံခွဲခြားစိတ်ဖြာရေးရသော် အဘိုးကြီးနှင့်အဘွားကြီးနှစ်ယောက်ဖြစ်သည်။

ထို နှစ်ယောက်သည် အဘယ်မျှ စိတ်ဝင်စားဖွယ် .. အံ့သြ



www.burmeseclassic.com

www.burmeseclassic.com



ဖွယ်ကောင်းသလဲဆိုပါလျှင် ..။ ထိုအဘိုးကြီး အဘွားကြီးနှစ်ယောက် စလုံးတွင် အဝတ်အထည်များ မပါကြ။ အားလုံး မိမွေးတိုင်း၊ ဖမွေး တိုင်း အတိုင်းပင်ဖြစ်နေ၏။

"ဟင် .. ဒါက ဘယ်လိုဖြစ်ရတာလဲ"

ထိုမျှမကသေး ..။ ထို ကိုယ်လုံးတီး အဘိုးကြီးနှင့် အဘွား ကြီးတို့သည် တစ်ယောက်ကိုတစ်ယောက် ရွှံ့များဖြင့် ပစ်ပေါက်ကစား နေလိုက်သေးသည်။

"ဟာ .. အဘတို့အဖွားတို့တွေ ယာထဲကို လိုက်ရမယ်ဆိုရင် ငြိမ်ငြိမ်နေပါ့မယ်၊ မကစားပါဘူးလို့ ကတိပေးထားတယ်လေ။ အခု ကြည့်စမ်း၊ နှစ်ယောက်လုံး ပေရေကုန်ပြီ။ အိမ်မှာ ချက်ရပြုတ်ရတာက တစ်မျိုး ..၊ လျှော်ရဖွပ်ရတာက တစ်မျိုး အဘတို့ကို လုပ်ပေးရတာ တစ်မျိုးနဲ့ ကလေးကြီးကို တိုင်ရ မှာလား .. ပြော"

ကိုမျိုးကြီးဆိုသူက ပြောတော့ ဆော့နေသည့် အဘိုးကြီးနှင့် အဘွားကြီးတို့နှစ်ယောက် တဒင်္ဂ ငြိမ်သက်သွားသည်။

အသက်ခြောက်ဆယ်ကျော် အဘိုးကြီးအဘွားကြီးဆိုသော် ငြားလည်း သူ့မျက်ဝန်းထဲမှာတော့ ပိဘိကလေးငယ်နှစ်ယောက်လိုပင် ဖြစ်နေ၏။

သူငယ်ပြန်နေကြတာများလား။ သူ့အတွေး မဆုံးသေးခင်မှာ ပင် အဘွားကြီးက အဘိုးကြီးခေါင်းကို 'ဒေါက်' ခနဲ ခေါက်လိုက်သည် ကြောင့် အဘိုးကြီး အဘွားကြီးနှစ်ယောက် ရန်သတ်နပန်းလုံးကုန်ကြ ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ‥ ကလေးကြီး လုပ်ပါဦး။ ဒီမှာ ရန်သတ်ကြပြန်ပြီ"

ကိုမျိုးကြီးက အော်လည်းအော် ‥ ထခွဲလည်း ခွဲသည် ကြောင့် ကိုမျိုးကြီးနှင့် ကွယ်နေသည့် ကလေးကြီးဆိုသူကို သူမြင် လိုက်ရသည်။

အသက်က ၆ နှစ်ခန့်ပင် ရှိဦးမည် ထင်ပါသည်။ ပုဆိုးကွက် ကျားနှင့် ပင်နီအကျီတို့ကို ဝတ်ထားသည်။

ကိုမျိုးကြီးက ရန်သတ်နေသည့် အဘိုးကြီးနှင့် အဘွားကြီး ကို ခွဲထားလိုက်၏။ အဘိုးကြီးနှင့် အဘွားကြီးတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် လက်ညှိုးထိုးပြီး အော်ဟစ်ငိုယို တိုင်တန်း နေသည်ကိုလည်း တွေ့ရသည်။

"အီးဟီး ‥ သူ အရင်လုပ်တာ ‥"

"အီး ‥ ဟုတ်ဘူး။ သူအရင် ခွဲဆိတ်တာ"

"ကဲ ‥‥ နှစ်ယောက်စလုံးတိတ် ‥‥ နှစ်ယောက်စလုံး အရိုက်ခံချင်လို့လား"

ကလေးကြီးဆိုသူ၏ အသံဖြစ်သည်။ အသက်အရွယ်အားဖြင့် ၆ နှစ်ခန့်မျှသာ ရှိသေးသော ကလေးတစ်ယောက်၏ ပြောဟန်ဆိုဟန်၊ ပြုမူဟန်တွေက တကယ့်လူကြီးတစ်ယောက်သဖွယ် ‥။

ထိုအဘိုးကြီး အဘွားကြီးနှစ်ယောက်က ကလေးကြီးအော်သံ အဆုံးမှာ ငြိမ်ကုတ်၍ သွား၏။

"ချိုချိုလည်း လာ ‥ ထမင်းစားတော့ ‥‥"

"ဟုတ် ‥ ကလေးကြီး"



www.burmeseclassic.com

www.burmeseclassic.com



ချိုချိုလည်း ကလေးကြီးအမိန့်ကြောင့် လုပ်လက်စအလုပ်ကို ပစ်ချပြီး ထမင်းစားရန် ထွက်လာခဲ့၏။

သူ့အတွက်တော့ မြင်ကွင်းက မယုံကြည်နိုင်စရာ။ ကလေးတစ်ယောက်၏ အမိန့်။ လူကြီးတွေ၏ ဖြစ်ပုံ ..။ အားလုံးက အပေါ်စား ပြဇာတ်တစ်ပုဒ်လို ...။

သူ ခေါင်းကိုသာ ခါယမ်းနေမိ၏။ ဘာတွေလဲ ...။ အတွေးတို့ကို ပစ်ချကာ .. ရွာထဲသို့သာ ခြေဦးလှည့်ထားလိုက်၏။

ဟုတ်ကဲ့ ..။ 'ပြောင်းပြန်ရွာ' လေးထဲမှာ ထို့ထက် ထူးခြားဆန်းကျယ်လှသောအကြောင်းအရာများက သူ့ကို ဆီးကြိုနှုတ်ဆက်နေမည်ဆိုသည်ကိုတော့ သူ စိုးစဉ်းမျှ မရိပ်မိခဲ့ပါတကား။

■



www.burmeseclassic.com

www.burmeseclassic.com



(၄)

ရွာထဲကိုရောက်တော့ သူ ပါးစပ်အဟောင်းသားပင် ဖြစ်နေရတော့သည်။ လက်မခံချင်၍ မရ၊ မယုံကြည်ချင်၍ မရတော့။ အထူးအဆန်း အဖြစ်အပျက်အရာအားလုံးဟာ သူ့မျက်စိရှေ့မှာ နေသားတကျ။

လမ်းမပေါ်တွေမှာ ဆူညံအော်ဟစ်စွာ ပြေးလွှားဆော့ကစားနေကြပါသော လူကြီးတစ်သိုက်၊ အားလုံးဟာ အသက်အရွယ် ၄၀ နှင့် အထက်တွေသာ။ တချို့က အဝတ်အစားမပါကြ။ တချို့ကတော့ အရှက် လုံရုံဝတ်ဆင်ထားကြသည်ကိုလည်း တွေ့ရသည်။

"ဟာ ‥ ဒီရွာက လူတွေအားလုံး ရူးများနေကြသလား"

သူ့ရင်ထဲက မေးခွန်းက အရာမရောက်လှပါ။ ဆော့ကစားနေကြသည့်အထဲမှာ ကလေးအရွယ်တစ်ယောက်မှ မပါချေ။



www.burmeseclassic.com

www.burmeseclassic.com



သူ ခေါင်းတယမ်းယမ်းဖြင့် အတွေးတို့ကို ခါထုတ်ကာ ရှာလူကြီးအိမ်ရှိရာသို့သာ ဦးတည်လာခဲ့မိတော့သည်။ သူ နေရေးထိုင်ရေး၊ သွားရေးလာရေး၊ စားရေးသောက်ရေးအတွက် လူကြီးအိမ်ကို အကျိုးအကြောင်း သွားပြောထားရဦးမည်မဟုတ်လား။

ခန့်ခန့်ထည်ထည် တည်ဆောက်ထားသော ရှာလူကြီးအိမ်ရှေ့ကိုရောက်တော့ သူ အပြင်ကနေ လှမ်းခေါ်ဖြစ်သည်။

"ဗျို့ .. ရွာလူကြီးဗျို့ ... ရွာလူကြီးနဲ့ တွေ့ချင်လို့ပါခင်ဗျား"

"ဟော့ ... ဘယ်သူလဲကွ ... ဝင်ခဲ့လေကွာ"

BURMESE CLASSIC

အထဲက တုံ့ပြန်သံကြောင့် "ကျွန်တော်က ဧည့်သည်ပါခင်ဗျာ" ဟု သူ ရှိရိုကျိုးကျိုးဖြေကာ အိမ်ထဲကို ဝင်ခဲ့လိုက်သည်။

အိမ်ထဲကိုရောက်တော့ မြင်လိုက်ရသော မြင်ကွင်းကြောင့် သူ ငိုချင်စိတ်ပင်ပေါက်သွားသည်။ စားပွဲခုံမှာ အကျအနထိုင်ကာ ရေနွေးကို တဖူးဖူးမှုတ်သောက်နေသူက မြန်မာဗီဒီယိုဇာတ်လမ်းတွေထဲမှာ မြင်ဖူးနေကြ ရွာသူကြီးတစ်ယောက် ဟန်ပန်အရွယ်အစားမျိုးမဟုတ်။ အသက်ရှစ်နှစ်အရွယ်ခန့်သာရှိသော ကလေးတစ်ယောက်ပင် ဖြစ်နေသည်။

သူတို့ရွာ အခေါ်အဝေါ်အရ ကလေးကြီးဟု ဆိုကြပါစို့။ ထိုကလေးကြီးက သူ့ကိုမြင်တော့။

"ငါ့ကိုခေါ်တာ မင်းလား"

"ဟုတ် ... ဟုတ်ပါတယ်"

"အေး .. ငါဒီရွာကသူကြီးပဲ .. ဆို .. ဘာကိစ္စရှိလို့လဲ"

သူ ..။ ထို သူကြီးဆိုသူ ကလေးကြီးကို ကြည့်ပြီး ငေးချင်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကို မနည်းထိန်းထားရသည်။ လူကြီးတွေ ကစားပြီး ကလေးတွေ တည်ငြိမ်တဲ့ရွာ။ မိန်းမတွေ လယ်ထဲဆင်းပြီး ယောကျ်ားတွေ ချက်ပြုတ်ရတဲ့ရွာ။ ဒီရွာက ဘာရွာပါလိမ့်။

"ဘာကိစ္စလဲလို့ မေးနေတယ်လေကွာ"

ကလေးသူကြီးက သူ့မေးခွန်းကို မဖြေသဖြင့် စိတ်တိုသွားပုံရသည်။ အသံက မာပြတ်နေ၏။ သို့မှ သူလည်း အတွေးစကို ဖြတ်ပြီး အမြန်ဖြေလိုက်ရသည်။

"ဪ ... ဒီလိုပါခင်ဗျာ၊ ကျွန်တော်က မြန်မာနိုင်ငံက ဘူမိဗေဒ ပညာရှင်တစ်ယောက်ပါ။ ဒီနယ်တစ်ဝိုက်က ထူးဆန်းတဲ့ ရေမြေသဘာဝတွေကို စာတမ်းပြုစုဖို့အတွက် လေ့လာရင်း ဒီရွာကို ရောက်လာခဲ့တာပါခင်ဗျာ ..ဟို ဘက်က အပြုံးရွာ ..၊ ကလေးမမွေးတဲ့ရွာတွေမှာလည်း ကျွန်တော် လေ့လာခဲ့ပြီးပါပြီ"

သူ့စကားကို ကလေးကြီး (သူကြီး) က မည်သို့မျှ မတုံ့ပြန်ဘဲ ခေါင်းတညိတ်ညိတ်အနေအထားနှင့်သာ သူ့ကို ခြေဆုံးခေါင်းဆုံး လေ့လာအကဲခတ်သလို ငေးကြည့်နေ၏။

"အဲဒါ ဒီရွာမှာ ကျွန်တော် တစ်လလောက် တည်းခိုပြီး လေ့လာခွင့်ပြုပါ၊ ပြီးတော့ တစ်ဖက်မှာရှိတဲ့ 'အရူးရွာ' ကို လည်း ကျွန်တော် လေ့လာဦးမှာပါ"

"ဟုတ်ပါပြီလေ၊ ကျုပ်တို့ရွာမှာ တည်းတာခိုတာက ကိစ္စမရှိပါဘူး။ ဒီမှာပဲ နေပေါ့၊ စားရေးသောက်ရေး ဘာမှ မပူပါနဲ့ ကျုပ် တာဝန်ယူပါတယ်။ ဒါပေမဲ့ မောင်ရင့်ကို နားမလည်တာ



www.burmeseclassic.com

www.burmeseclassic.com



လေးတော့ မေးပါဦးမယ်''

''မေးပါခင်ဗျ . . မေးပါ''

ကလေးကြီးက ကလေးတစ်ယောက်မျက်နှာနှင့် မလိုက်ဖက်စွာ နဖူးကြောကြီးများကို တွန့်ကွေးပြီး ရေခွေးတစ်ခွက်ကို အရင်မော့သောက်နေ၏။ ပြီးမှ . .

''မောင်ရင်က သူ့ဘာသာနေတဲ့ရေတွေ မြေတွေကို ဘာအတွက် လိုက်လေ့လာနေတာလဲ''

ရုတ်တရက်ဆိုတော့ သူလည်း ဖြေရအတော်ခက်သွားသည်။ အတော်ကလေး ကြာတော့မှ . .

''ဒီလိုဗျာ . . ရေတွေ . . မြေတွေဆိုတာ သဘာဝအလျောက်တည်ရှိနေတယ်ဆိုပေမဲ့ သူတို့တွေမှာ ဆင့်ကဲပြောင်းလဲတတ်တဲ့ဖြစ်စဉ် သဘောတရားတွေ ရှိပါတယ်။ ကျွန်တော်က အဲဒီသဘောတရားတွေ၊ ပြီးတော့ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ၊ တစ်နေရာနဲ့ တစ်နေရာ မတူညီကွဲပြားနေတဲ့ ရေမြေသဘာဝအကြောင်းတွေကို လေ့လာပြီး စာတမ်းပြုစုနေတာပါ''

''ဟုတ်ပါပြီလေ . . အဲသလိုလေ့လာတော့ ဘာအကျိုးထူးလာလဲ''

''အဲ . . . ဘာအကျိုးထူးလာလဲဆိုတော့ နောင်းလူတွေအတွက် ဗဟုသုတလည်း ဖြစ်စေမယ်၊ ပြီးတော့ ဘူမိဗေဒဘာသာရပ်အတွက်လည်း အကျိုးရှိလာပါမယ်''

သူ့အဖြေကို ကလေးကြီးက ကျေနပ်ဟန်မပေါ်။ အမေးဝါကျတစ်ကြောင်း ထပ်ပြုတ်ကျလာခဲ့ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအကြောင်းတွေကို နောင်းလူတွေ သိတော့ရော ‥ ဘာဖြစ်လဲ၊ အလကား အလုပ်ရှုပ်ခံလို့ကွာ ‥ ထားပါလေ၊ ဒါက မောင်ရင့်ကိစ္စပဲ ‥ ကဲကဲ ‥ မောင်ရင်လည်း ခရီးပန်းလောက်ရောပေါ့၊ အပေါ်တက် ‥ ကြိုက်တဲ့နေရာမှာ ကြိုက်သလို နားနေနိုင်ပါတယ်"

ပြောပြီး ကလေးကြီးက ရေနွေးနောက်တစ်ခွက်ကို ငှဲ့လိုက်၏။ သူလည်း 'ဟုတ်ကဲ့'ဟုသာ ဖြေကာ အိမ်အပေါ်ထပ်သို့ တက်လာခဲ့သည်။ သေချာနားလည်အောင် ဆက်ရှင်းပြနေရင်း မိုးလင်းသွားနိုင်ပေသည်။ ပြီးတော့ လူပုံကသာ ကလေး။ စကားလုံးတွေ မေးလာသည့် မေးခွန်းတွေက အတော် ကတ်သီးကတ်ဖဲ့ နိုင်လှ၏။ စကားစ ပြတ်သွားတာကိုပင် ကျေးဇူးတင်ရမည်။

အိမ်ပေါ်ကိုရောက်တော့ သူလည်း ကလေးကြီးပြောလိုက်သည့်အတိုင်း အဆင်ပြေရာနေရာမှာ အဆင်ပြေသလိုသာ လှဲချအနားယူပစ်လိုက်မိတော့သည်။ ခရီးပန်းလာလို့လားတော့ မသိ၊ ခဏအတွင်းမှာပင် သူ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လျက်သား ဖြစ်နေလေတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com



(၅)

သူ မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ။ အောက်က စကားသံတွေကြောင့်သာ မဟုတ်လျှင် သူ နိုးဦးမည်မဟုတ်တာတော့ သေချာသလောက် ရှိသည်။ အောက်မှာ ဘယ်သူတွေရောက်ပြီး ဘာတွေ ပြောနေကြပါလိမ့်။

အတွေးဖြင့် သူ အသာနားစွင့်ထားလိုက်မိတယ်။

"အခု ဘယ်လိုလုပ်မလဲ၊ ကျွန်တော့်လူကြီးလေးမှာ မျက်နှာတစ်ခုလုံး ဖူးရောင်ကုန်ပြီ"

"မင်း ဒီလိုတစ်ဖက်သတ် မပြောနဲ့လေ၊ ကလေးကြီး ဒီမှာ ကြည့်ပါဦး ‥ ကျွန်တော့် လူကြီးလေးခေါင်းမှာလည်း အာလူးဘုတွေ မနည်းပါဘူးဗျာ"

ပြဿနာက ရန်ဖြစ်လာကြပုံရသည်။ တိုင်သံ တောသံနှင့် ငိုသံယိုသံတို့ကိုပါ ကြားရသည်ကြောင့် အိမ်အပေါ်ထပ်ကနေ သူ အသာထကြည့်လိုက်သည်။

ဟင် ‥‥။



www.burmeseclassic.com

www.burmeseclassic.com



သူ အတော်အံ့အားသင့်သွားမိသည်။ ငိုယိုနေသည့် အသက် ၅၀ ဝန်းကျင် လူကြီးနှစ်ယောက်မျက်နှာတွေက မြင်မကောင်းလောက်အောင် ဖူးရောင်နေသည်။ သူပင် မဆီမဆိုင်တွေးလိုက်မိပါသေးသည်။ ဒီအရွယ်ကြီးတွေ ရောက်မှ ရန်ဖြစ်ကြရတယ်လို့ ..။

''အီးဟီး သူ အရင်လုပ်တာ ငါ့ကို ..''

''မင်း ညစ်ပတ်လို့ ကစားတဲ့အထဲ မပါတော့ဖို့ပြောတာကို မင်းအရင်လာလုပ်တာလေ .. အီး''

ကလေးနှစ်ယောက် .. အဲလေ။ လူကြီးလေး နှစ်ယောက်က အချင်းချင်း ကစားရာမှ အစပျိုးလာသည့်ပြဿနာကို မိမိကိုယ်ကိုယ် ကာကွယ်ရင်း တိုင်တန်းပြောဆိုနေ၏။

''တော်ကြစမ်းကွာ''

ကလေးကြီး (သူကြီး) က အော်ငေါက်လိုက်တော့လည်း လူကြီးလေးနှစ်ယောက်အသံ တိခနဲ တိတ်၍ သွားသည်။

ဒီရွာမှာတော့ ကလေးကြီးက အတော်သြဇာကြီးပုံရ၏။ အသက် ၅၀ အရွယ်လူကြီးလေးနှစ်ယောက်က အသက် ၈ နှစ်အရွယ် ကလေးကြီးတစ်ယောက်ရှေ့မှာ ယို့ယို့လေးရပ်နေကြပုံက သူ့အတွက် ငိုမလွယ်၊ ရယ်မရ အနေအထားတစ်ခုပင် ဖြစ်၏။

''ဒီမှာ နားထောင် .. မောင်နီသစ်ရော .. မောင်မိုးစက်ရော ... ကိုယ့်လူကြီးလေးတွေကို ကိုယ့်အိမ်မှာ ချော့မော့ထားကြ။ ဘာမဟုတ်တဲ့ ဒီလူကြီးတွေ ပြဿနာကိုပဲ လိုက်ရှင်းပေးနေရတယ်။ အဲလို ပြဿနာ မဖြစ်စေချင်ရင် အပြင်ထွက်မဆော့စေနဲ့ ကြားလား''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ‥ ဟုတ်"

ကလေးကြီးနှစ်ယောက်ရဲ့ အုပ်ထိန်းသူတွေ ဖြစ်ဟန်တူသည့် အသက် ၁၄ နှစ်အရွယ်ယောက်ျားနှစ်ယောက်က ပြိုင်တူဆိုသလို အဖြေပေးတော့ ကလေးကြီးက ...

"ဒီမှာ ရပ်ရွာအရေးလုပ်ရတာတစ်မျိုး စီမံခန့်ခွဲနေရတာက တစ်မျိုးနဲ့ ဘာမဟုတ်တဲ့ လူကြီးတွေပြဿနာတွေကိုသာ လိုက်ရှင်းပေးနေရရင်တော့ ငါတို့ကလေးကြီးတွေ ဘာအလုပ်မှ လုပ်ရတော့မှာကို မဟုတ်ဘူး။ လူကြီးတွေ ပြဿနာက တကယ် ရှုပ်တယ်၊ သွားကြတော့ ‥ သွားကြတော့ ‥"

ဟု ပြောပြီး စားပွဲပေါ်က ရေနွေးတစ်ခွက်ကို မော့သောက်လိုက်သည်။

ပြဿနာရှင်တွေလည်း ကိုယ့်လူကြီးလေးတွေ လက်အသီးသီး စွဲပြီး ထွက်သွားကြလေတော့၏။ သူလည်း ကြုံတောင့်ကြုံခဲ အဖြစ်အပျက်တွေကို ကြည့်ပြီး သက်ပြင်းကိုသာ ဖိချနေမိလေတော့၏။

■



www.burmeseclassic.com

www.burmeseclassic.com



(၆)

နောက်တစ်ရက်မှာတော့ သူ ပြောင်းပြန်ရွာလေးထဲကို လျှောက်ပတ်လေ့လာမိသည်။ တခြားရွာတွေလိုပဲ နေထိုင်စားသောက်ကြသည်ကိုသာ တွေ့ရသည်။ ထူးထူးထွေထွေတော့ မရှိလှ။ ကိုးကွယ်မှု အနေနှင့်ကတော့ အပြီးရွာ၊ ကလေးမမွေးတဲ့ရွာတွေလိုပင် နတ်ဘုရားကိုသာ ကိုးကွယ်ယုံကြည်ကြသည်ကို တွေ့ရသည်။ ဒီရွာမှာ ထူးဆန်းတာကတော့ လူတွေပင် ဖြစ်သည်။ ထူးဆန်းသည်ဟူ၍လည်း ဂြိုဟ်သားဇာတ်လမ်းတွေထဲကလို မျက်လုံးပြူးပြူး၊ ခေါင်းကြီးကြီးအနေအထားတွေကို ဆိုလိုသည်မဟုတ်ပါ။ အစစအရာရာ အားလုံးက ရွာကလေး၏ နာမည်အတိုင်း ပြောင်းပြန်ဖြစ်နေကြသည်။

သူ့အနေဖြင့် ဒီရွာမှာတော့ ထူးခြားသော ရေမြေသဘာဝတို့ကို လေ့လာနိုင်မည်မထင်ပါ။ ထူးဆန်းသော လူမှုဗေဒဘာသာတရားတို့ကိုသာ လေ့လာကြရမည် ထင်မိ၏။ ချစ်ရေးကြိုက်ရေးမှာဆိုလျှင်လည်း အားလုံးက ပြောင်းပြန်ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက ယောက်ျားလေးကို ပိုးပန်းရသည်။ တောင်းရမ်းလက်ထပ်ယူရသည်။ လုပ်ကိုင်ကျွေးမွေးကြရသည်။ ယောက်ျားလေးအနေဖြင့်လည်း အိမ်ထောင်ရှင်ကောင်းပီသအောင် ချက်ပြုတ်လျှော်ဖွပ်အားလုံး လုပ်ပေးရ၏။

အုပ်ချုပ်ရေးပိုင်းမှာဆိုလျှင်လည်း ငယ်သူက အကြီးနေရာမှာ တာဝန်ယူ အုပ်ချုပ်နေရ၏။ အကြီးတွေက ဒီရွာမှာ ကလေးတွေလို ဖြစ်နေသည့်ကိစ္စက သူ့အတွက်တော့ တကယ့်ဂန္ထဝင်ပုစ္ဆာတစ်ခုပင်။ သူတည်းခိုသည့်အိမ်ကို ရောက်လျှင်တော့ သူသိလိုသမျှကို ကလေးကြီးဆီမှာ မေးမြန်းစုံစမ်းဖို့ ဆုံးဖြတ်ထားလိုက်တော့၏။

■



www.burmeseclassic.com

www.burmeseclassic.com



(၇)

"ကလေးကြီး"

"ဟေလကွာ"

ရေနွေးကြမ်းအတူ ထိုင်သောက်နေရာမှ ခေါ်လိုက်သည်ကြောင့် ကလေးကြီးကို သူကလည်း ပြန်ထူး၏။

"ကျွန်တော် သိချင်တာလေးတွေ မေးလို့ရမလားဗျာ . ."

"မောင်ရင်က ဘာကို မေးချင်လို့လဲ"

"တခြားအကြောင်းတော့ မဟုတ်ပါဘူး ကလေးကြီးရာ၊ ကလေးကြီးတို့ ရွာအကြောင်းပါ"

"ဒီရွာကို ဘာဖြစ်လို့ ပြောင်းပြန်ရွာလို့ ခေါ်တာလဲဗျ"

သူ့မေးခွန်းအဆုံးမှာ ကလေးကြီးက သူ့ကို သေသေချာချာ စူးစိုက်ကြည့်နေ၏။ ပြီးမှ သဘောတကျ ဟားတိုက်အော်ရယ်ပါလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟား ..ဟား ..ဟား ဘာများ မေးမှာမို့လို့လဲကွာ"

ရုတ်တရက်မို့ သူလည်း ကြောင်နေမိသည်။ ကလေးကြီး ကတော့ သူ အားပါးတရ ရယ်လို့ပြီးမှ သူ သိချင်သောအဖြေကို ဖြေပါသည်။

"ဒါများ မောင်ရင်ရယ်၊ ကျုပ်ကို လာမေးနေရသေးတယ်၊ ဒီမေးခွန်းလောက်တော့ ကျုပ်ရွာထဲက လမ်းမတွေပေါ်မှာ ဖုန်တလုံးလုံးနဲ့ ပြေးလွှားဆော့ကစားနေတဲ့ ဘာအသိဉာဏ်မှ မရှိကြတော့တဲ့ လူကြီးတွေ၊ အဘလေးတွေ သွားမေးတောင် သိပါတယ်မောင်ရင်ရဲ့၊ ဘာဖြစ်လို့ ပြောင်းပြန်ရွာလို့ ခေါ် သလဲဆိုတော့ ကျုပ်တို့ရွာက တခြားရွာတွေနဲ့ အားလုံး ပြောင်းပြန်တွေ ဖြစ်နေလို့ပေါ့ကွာ ..ဟား ..ဟား"

"ဟုတ်ပြီဗျာ ..ဒါဆို ကလေးကြီးတို့ရွာက ဘာကြောင့် ပြောင်းပြန်တွေ ဖြစ်နေကြရတာလဲ"

ကလေးကြီးက ခြံရှေ့က လူကြီးတွေ ပြေးလွှားဆော့ကစား နေသည်ကို တစ်ချက်ငေးကြည့်နေလိုက်သေးသည်။ ပြီးမှ ခပ်လေးလေး ဖြင့် ဖြေ၏။

"မောင်ရင့်ရဲ့ ဒီမေးခွန်းကို ဖြေရမှာတော့ အတော်ကျယ်ဝန်း တယ်၊ ဒါက ဘယ်လိုပြောရမလဲ ..တန်ဖိုးရှိတဲ့အရာကို တန်ဖိုးရှိတဲ့ လူကသာ တန်ဖိုးသိသလိုပေါ့ ..၊ ကြည့်သူ မြင်သူတွေနဲ့သာ ဆိုင်တာပါ။ တကယ်တော့ မောင်ရင့်စိတ်ထဲ မှာ ပြောင်းပြန်ဖြစ်နေတဲ့ ဒီရွာက လူတွေအားလုံးဟာ သူတို့ အတွက်တော့ သမားရိုးကျပဲ၊ ပြောရရင် ပုံမှန်ပဲ။ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မထူးခြားဘူး။ လူတွေထဲက လူတွေပဲလေ … မောင်ရင့်အတွက်သာ ပြောင်းပြန်ဖြစ်နေတာပါ"

ကလေးတစ်ယောက်ရဲ့ စကားသံတွေက ဒဿနဘက်ကို တော်တော်နွယ်တာကိုတော့ သူ ကောင်းကောင်းသတိထားမိသည်။ ကလေးကြီးကပဲ ၊ဝ မြင့်လွန်းနေတာလား။ သူကပဲ ဉာဏ်မမီတာလား မပြောတတ်၊ သေချာတာကတော့ သူ ကလေးကြီးအဖြေကို ကောင်းကောင်းနားမလည်ခဲ့။ သူ့စိတ်အတွေးကို ရိပ်မိပုံရသည့် ကလေးကြီးကပဲ ဆက်ပြောလာ၏။

"မောင်ရင့်စိတ်ထဲ ရှုပ်ထွေးသွားပုံရတယ်"

"ဟုတ်တယ် ကလေးကြီး၊ ကျွန်တော် ကောင်းကောင်းနားမလည်ဘူးဗျာ"

"ဟုတ်ပြီ … မောင်ရင်လေးနားလည်အောင် ကျုပ် သရုပ်ဖော်ပြမယ် … ဒီမှာကြည့်"

ကလေးကြီးက ပြောပြောဆိုဆိုဖြင့် မြေကြီးပေါ်ကို လေးဖက်ထောက် ကုန်းလိုက်တယ်။ နောက် သူ့ပေါင်နှစ်ဖက်ကြားမှ ခေါင်းပြူပြီး …

"ကဲ … မောင်ရင် ကျုပ်မျက်နှာကို ဘယ်လိုမြင်ရလဲ"

ကပ်သီးကပ်ဖဲ့လုပ်ပြီး မေးလာသည့် ကလေးကြီးပုံစံကိုကြည့်ပြီး သူ အတော်ရယ်ချင်သွားမိသည်။ သို့သော် လက်တွေ့မှာတော့ သူ မရယ်ရဲပါ။ ပြောင်းပြန်ရှုကို အုပ်ချုပ်မင်းလုပ်နေတဲ့ ကလေးကြီးတစ်ပါး မဟုတ်ပါလား။

"ဘယ်လို မြင်ရမှာလဲကလေးကြီးရဲ့ … ကလေးကြီးမျက်နှာက



www.burmeseclassic.com

www.burmeseclassic.com



ဓောက်ထိုးပြောင်းပြန်ကြီးပေါ့ဗျ''

''ဟုတ်တယ် ‥ အခု မောင်ရင် ကျုပ်တို့ရွာကို ယခုလက်ရှိ မြင်နေတာ အဲဒီအမြင်ပဲ။ အခု မောင်ရင်က ကျုပ်လုပ်သလို ကုန်းပြီး ကျုပ်မျက်နှာကို ပြန်ကြည့်ပါဦး''

ဟူး ...။

သူ သက်ပြင်းတစ်ချက်ကို နိုးချလိုက်သည်။ ခုမှတော့ မတတ်နိုင်တော့ ‥။ ကိုယ်မွေးလိုက်မိတဲ့ မီးပေပဲ။ သူ့ဆန်စား ရဲရတော့မှာပေါ့။

ကလေးကြီးလုပ်သလို သူ လုပ်ပြီး ပေါင်နှစ်ဖက်ကြားကနေ ကလေးကြီးမျက်နှာကို ကြည့်လိုက်၏။ ကလေးကြီးနှင့် မျက်ဝန်းခြင်းဆုံတော့ ကလေးကြီးက ပြုံးပြီး ''ခုရော ‥ ဘယ်လိုမြင်ရလဲ'' ဟု မေးလာ၏။ သူလည်း မြင်ရသည့်အတိုင်း ပြန်ဖြေပေးလိုက်၏။

''အခုတော့ ကလေးကြီးမျက်နှာက အတည့်ဖြစ်သွားပြီလေ''

''အေး၊ အဲဒါပဲ ‥'' ဟုဆိုကာ ပုံမှန်အတိုင်း ပြန်ထကာ ခုံမှာ ဝင်ထိုင်၏။ သူလည်း ကလေးကြီးနှင့် မျက်နှာချင်းဆိုင်မှာ ပြန်ထိုင်လိုက်ပြီး ‥

''ဘာကို အဲဒါပဲလဲ ‥ ကလေးကြီးရဲ့''

''အဖြေက ဒါပဲလေ‥၊ အခု မောင်ရင်က ကျုပ်တို့လူနေမှုကို ပြောင်းပြန်မြင်တယ်၊ အဲသလိုပဲ ကျုပ်ကလည်း မောင်ရင်လေးတို့ လူနေမှုကို ပြောင်းပြန်ပြန်မြင်နေရတယ်‥။ ဒါပေမဲ့ တစ်ဖက်က ပြောင်းပြန်လုပ်လိုက်ရင်တော့ အားလုံးအဆင်ပြေသွားလိမ့်မယ်။ အခု မောင်ရင်နဲ့ ကျုပ်တို့ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ပြောင်းပြန်လုပ်ပေးရတော့မယ်။ အဲဒီတော့ ကျုပ်တို့က မောင်ရင်လေး အဆင်ပြေအောင် ပြောင်းပြန်နေပေးရမလား ဒါမှမဟုတ် ကျုပ်တို့အဆင်ပြေအောင် မောင်ရင်လေးက ပြောင်းပြန်နေပေးမလား''

သူ ကလေးကြီးကို ကြည့်ပြီး မည်သို့ဖြေရမည်မသိဖြစ်ကာ နေ၏။ သို့သော် သူ့အခက်အခဲကို ကလေးကြီးကပဲ အဖြေပေးပြီး ဖြေရှင်းသွား၏။

''ကျုပ်တို့က အများ မောင်ရင်လေးက တစ်ယောက်၊ မဲခွဲကြည့်စရာမလိုဘူးလေ ။ ။ အားလုံးနဲ့ အဆင်ပြေအောင် မောင်ရင်လေးဘက်ကပဲ ကြိုးစားနေပေးရလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ လောကကြီးရဲ့ ထုံးတမ်းအစဉ်အလာအရ ဘယ်အခြေအနေပဲဖြစ်ဖြစ်၊ ဘာတွေပဲ အခက်အခဲနဲ့ ကြုံခဲ့ကြုံခဲ့ အဆုံးမှာ လူတွေက အောင်မြင်သူကိုပဲ လက်ခုပ်တီးပေးတတ်ကြလို့ပဲ။ ကဲ ။ ။ ကဲ ။ ။ မောင်ရင်လေးလည်း နားတော့ ။ ။ ကျုပ်လည်း ရွာထဲ တစ်ပတ်လောက် ပတ်လိုက်ဦးမယ်''

ကလေးကြီးက ဦးနှောက်ကိုအလုပ်ပေးသည့် အကြောင်းအရာတချို့ကို ပြောပြီး ထထွက်သွားလေတော့သည်။ သူ့မှာသာ စကားလုံးအရှုပ်တော်ပုံတွေကြားမှာ ကြောင်ငေးကျန်ခဲ့တော့၏။

■



www.burmeseclassic.com

www.burmeseclassic.com



(၈)

နောက် တစ်နေ့မှာတော့ သူ သိချင်နေသော အကြောင်းအရာ တချို့ကို သူ ကလေးကြီးကို ထပ်မေးဖြစ်ပြန်သည်။

"ဒီလိုဗျာ ‥ ကလေးကြီးတို့ရွာမှာက ကန်တော့ပါရဲ့ဗျာ၊ ကလေးကြီးတို့လို အသက်ခြောက်နှစ်၊ ခုနစ်နှစ်ကလေး အရွယ်တွေက လူကြီးတွေလို ဖြစ်နေပြီး အသက် ၄၀-၅၀ အရွယ်လူကြီးတွေက ဘာကြောင့် ကလေးတွေလို ဖြစ်နေကြတာလဲ။ ကျွန်တော်အဲဒီကိစ္စကို အရမ်းသိချင်နေတယ်"

"ဒီကိစ္စက ဘာထူးဆန်းလို့လဲ မောင်ရင်လေးရယ်၊ လူ့ဘဝ လူ့အဖြစ်ကို ရောက်ရှိလာပြီဆိုကတည်းက နတ်ဘုရားက စွမ်းပကားတွေ ပေးထားပြီးသား။ မောင်ရင်လေးကို ကျုပ် တစ်ခုပြန်မေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မေးပါ . ."

"ကလေးနဲ့ လူကြီး ဘယ်သူက မှတ်သားဉာဏ် ပိုကောင်းသလဲ"

သူ မဆိုင်းမတွ ဖြေပေးလိုက်သည်။

"ကလေး"

"ဟုတ်တယ် . . ကလေးတွေက အိုးအလွတ်တစ်လုံးပဲ တွေ့သမျှအရာအားလုံးကို ကောက်ထည့်နိုင်စွမ်းတယ်၊ နောက်မေးခွန်းတစ်ခု ထပ်မေးမယ်။ ကလေးတွေနဲ့ လူကြီးတွေမှာ အမြင်အာရုံနဲ့ အကြားအာရုံ ဘယ်သူတွေက ပိုသာသလဲ"

"ကလေးတွေကပဲ ပိုသာလိမ့်မယ်၊ ဘာလို့လဲဆိုတော့ လူ့သဘာဝအရ အသက်ကြီးလာတာနဲ့အမျှ ဇီဝဖြစ်စဉ်တွေ လောင်ကျွမ်းပြီး ကိုယ်တွင်းဖြစ်စဉ်တွေ အဖက်ဖက်က ယိုယွင်းလာတတ်တာမျိုးကိုး"

"ဟုတ်ပြီ . . အဲသလို မျက်လုံးမွဲပြီး နားထိုင်းနေတဲ့လူကြီးတွေ . . ပြောရရင် အဘတွေပေါ့ကွာ၊ အဲ . . သူတို့တွေနဲ့ ကလေးတွေမှာ ခြားနားချက်က ဘာလဲဆိုတော့ ကလေးတွေက သူတို့အိုးကို တဖြည်းဖြည်းချင်း ဖြည့်နေကြတယ်။ လူကြီးတွေကတော့ တဖြည်းဖြည်းရှိတဲ့အရာတွေ ကုန်ခန်းကုန်ကြတယ်။ နောက်ဆုံးမှာ လူကြီးတွေက အသိဉာဏ်တွေ၊ ဆင်ခြင်တုံတရားတွေ၊ အရှက်တရားတွေ ပျောက်ဆုံးသွားကြရတယ်။ အဲဒီလူကြီးတွေကို ဘယ်သူတွေက ထိန်းသိမ်းမလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကလေးကြီးစကားတွေကို သူ မည်သို့ ပြန်တုံ့ပြန်ရမည်မသိ ဖြစ်ကာနေရသည်။ သူ့အရပ်နှင့် သူ့ဇာတ်ကတော့ ကွက်တိပင်။ မှားသလားဆိုပြန်တော့လည်း သူ့မှာ ချေပစရာ စကားလုံးမရှိ။

"မင်းတို့အရွယ် လူငယ်တွေကပဲ ပြန်ထိန်းသိမ်းပေးရတယ်လေ၊ အဲဒီမှာ မောင်ရင်လေး လိုချင်တဲ့အဖြေရှိတယ်။ အခုဒီရွာကို မျက်လုံးမကောင်း၊ နားမကောင်းတော့တဲ့ အဘကြီးတွေ အုပ်ချုပ်တာနဲ့ အစစအရာရာ တက်ကြွထက်သန်ပြီး ကျန်းမာပြည့်စုံနေတဲ့ ကလေးကြီးတွေ အုပ်ချုပ်တာ ဘယ်ဟာပိုသင့်တော်မယ်လို့ ထင်လဲ"

"အဘတွေ အုပ်ချုပ်တာထက် ကလေးကြီးတွေ အုပ်ချုပ်တာ ပိုသင့်တော်ပါတယ်"

"ဒါပါပဲ ‥ တစ်ခုတော့ ပြောထားဦးမယ်"

"ဟုတ်ကဲ့"

"မနက်ဖြန် ‥ ဟိုဘက်က 'အရှုံးရွာ' ကို သွားမလို့ဆို"

"ဟုတ်ပါတယ်"

"လူတွေက မေးခွန်းများတဲ့လူတွေကို သဘောမကျတတ်ဘူး။ ပြီးတော့ အရာအားလုံးသိနေတဲ့လူတွေကိုလည်း မကြိုက်ကြဘူးကွ။ အဲဒီတော့ မောင်ရင်လေးရယ် ‥ အများနဲ့ လိုက်လျောညီထွေဖြစ်အောင် နေသွားပါ"

"ဟုတ်ကဲ့ပါ ကလေးကြီး။ ကျွန်တော်သေချာမှတ်သားထားပါ့မယ်။ ပြီးတော့ ဒီရွာမှာ တည်းခွင့်ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ အိမ်ပေါ်ကိုတက်ပြီး မနက်ဖြန် 'အရှေ့ရှာ' ကို ခရီးဆက်ဖို့အတွက် ပြင်ဆင်နေမိသည်။ သူ့ နားထဲမှာတော့ ကလေးကြီးစကားတွေက ဝဲပျံနေ၏။

''မျက်လုံးမကောင်း၊ နားမကောင်းတော့တဲ့ အဘကြီးတွေ အုပ်ချုပ်တာနဲ့ အစစအရာရာ ကျွန်းမာပြည့်စုံနေတဲ့ ကလေးကြီးတွေ အုပ်ချုပ်တာ ဘယ်ဟာက ပိုသင့်တော်မယ်ထင်လဲ''

သူ့မှတ်ဉာဏ်ထဲမှာ အသိတစ်ချက်ကတော့ လင်းခနဲ ပွင့်လျက်သားဖြစ်နေလေ၏။ နောက် .. သူ့အသိအမြင်ကို နှုတ်ကနေ တိုးဖွဖွလေး ဖွင့်ထုတ်ရွတ်ဆိုနေမိတော့၏။

''ဟုတ်တယ် ...။ လူကြီးတွေဆိုတာ .. မျက်လုံးမွဲပြီး နားမကောင်းဖြစ်နေတဲ့သူမျိုးတွေကို ပြောတာပါပဲလေ ..''


■ ■ ■



www.burmeseclassic.com

www.burmeseclassic.com





# အရူးရွာ

(၁)

'အရူးရွာ' ကိုရောက်တော့ သူ့စိတ်ထဲမှာ မြင်တွေ့လေသမျှ အရာအားလုံးကို ထူးပြီး အံ့သြမနေတော့ပါ။ အကြောင်းက ဒီရွာမှာရှိနေတဲ့ လူတွေအားလုံး တစ်နည်းမဟုတ် တစ်နည်းနဲ့ ရူးသွပ်နေကြသူတွေဆိုတာကို သူ ကြိုတင်သိထားပြီးသောကြောင့်ပင် ဖြစ်၏။


ရွာထိပ်မှာကတည်းက တစ်ယောက်တည်း ကွေးနေအောင် 'က'နေသော ပုဂ္ဂိုလ်တစ်ယောက်ကို သူမျက်ဝါးထင် တွေ့မြင်ခဲ့ပြီးလည်း ဖြစ်သည်။ 'မင်းသားရူး'ဟုသာ အလွယ်သတ်မှတ်လိုက်ကြပါစို့။



www.burmeseclassic.com

www.burmeseclassic.com





သူ ဒီရွာမှာတော့ ကြာကြာနေဖို့ မရည်ရွယ်ပါ။ တစ်ရက်နှစ်ရက်လောက်ပင် နေပြီး လေ့လာဖို့ ဆုံးဖြတ်ထားသည်။ တော်ကြာ .. အရူးတွေကြားမှာ သူပါ ရူးသွားလျှင် အခက်။

ပြောလို့သာ ပြောရသည်ပါ။ တကယ့်တကယ်တမ်းတော့လည်း သင် အပါအဝင် လူသားအားလုံးဟာ 'အရူး' တွေပဲ မဟုတ်ပါလား။

■



www.burmeseclassic.com

www.burmeseclassic.com



(၂)

သူတွေ့သမျှ လူတွေ ‥ အဲလေ ‥ အရူးတွေကို သေချာ အကဲခတ်ကြည့်လာမိသည်။ အများစုက 'ရူးတယ်' လို့ ထင်ရက်စရာ မရှိ။ ပုံမှန်လူတွေလိုပဲ သွားလာနေကြသည်။ သူ သွားရင်း၊ လာရင်း အရူးတွေအကြောင်းကို စနည်းနာဖို့ အရူးတစ်ယောက်ကို အရင်ရှာဖြစ် သည်။

ဒီနေရာမှာ အရူးတွေကြားမှာ အရူးတစ်ယောက်ကို စနည်း နာဖို့ ရှာတယ်ဆိုတာက မေးလို့ မြန်းလို့ အဆင်ပြေနိုင်သည့် အရူးကို ရှာဖွေခြင်းကိုသာ ဆိုလိုပါသည်။

သူ ကြာကြာ မရှာလိုက်ရပါ။ ရွာလယ်ရေကန်ကြီးနံဘေးမှာ အေးအေးလူလူ ထိုင်ပြီး ငါးမျှားနေသော အရူးတစ်ယောက်ကို သူ ရွေးချယ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ပုံစံကြည့်ရတော့ သက်လတ်ပိုင်းအရွယ် တကယ့်အေးဆေးတည်ငြိမ်တဲ့ ပုဂ္ဂိုလ်အထာမျိုး။ သူ ထိုအရူးကြီးဘေးမှာ ခရီးသွားဟန်လွှဲပုံစံမျိုးဖြင့် ခပ်တည်တည် ဝင်ထိုင်လိုက်သည်။ (ပြောင်ချော်ချော်ဝင်ထိုင်လို့လည်း အဆင်မပြေနိုင်ဘူးမို့လား)။

သူ ဝင်ထိုင်တော့ ငါးမျှားနေသော အရူးကြီးက တစ်ချက်ငဲ့ကြည့်သည်။ သူ့ မျက်ဝန်းအဓိပ္ပာယ်ကို သူ့ဘာသာပြန်ကြည့်မိတော့ သူ့ကို မတူမတန်သလို အကြည့်မျိုးဟု အဖြေထွက်လာ၏။

သူ ထိုအရူးကို အနည်းငယ်တော့ တင်းမိသွားသည်။ စိတ်ထဲမှာလည်း ထိုအကြည့်ကြောင့် မခံချိ မခံသာ ဖြစ်သွားမိ၏။

ဟုတ်တယ်လေ။ သူ့ကို အရူးတစ်ယောက်က ဒီလိုပညာရှင်တစ်ယောက်ကို ဒီလို ကြည့်စရာတဲ့လား။ ထားတော့။ သူက အရူးတစ်ယောက်ပဲ ‥ ကြည့်ပါစေဟုသာ သူ ဖြည့်တွေး တွေးထားပေးလိုက်ပါသည်။

အချိန်အတော်ကြာသည်အထိ စကားမပြောဖြစ်သေး။ အရူးက သူ့ရဲ့ ငါးမျှားခြင်းကိစ္စမှာပဲ စိတ်အာရုံကို နှစ်ထားပုံရ၏။ ကြာတော့ သူလည်း စိတ်မရှည်တော့သည်ကြောင့် သူ့ဘက်ကပင် စကား စဖြစ်လိုက်သည်။

“ဒီမှာ ‥ နောင်ကြီး”

အရူးက သူ့ကို ဂရုမစိုက်တာလား။ တကယ်ပဲ မကြားတာလား မပြောတတ်။ ဟန်မပျက် ရေကာသိုက်ငေးရှုနေ၏။ သို့ဖြင့် သူလည်း အသံမြှင့်ပြီး ခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နှောင်ကြိုး"

"ပြော . . ."

သူ့ကို လှည့်မကြည့်ဘဲ ဖြေလာသည့်ကြောင့် သူ အားတက်သွားသည်။

"နှောင်ကြိုး အခု ဘာလုပ်နေတာလဲဟင်"

သူ့ကို အရူးကြီးက တစ်ချက်ငဲ့ကြည့်ပြီးမှ ဖြေ၏။

"ငါ့ စိတ်ကူးတွေကို ငါ ပြန်မှျားနေတာ . ."

"ဟမ် !"

အရူးကြီးအဖြေကြောင့် သူ အတော်ကြောင်သွားမိသည်။ ပြီးမှ သူက ရူးနေတာပဲလေ သူဖြေချင်တာ ဖြေမှာပေါ့ဟု ပြန်တွေးထားလိုက်၏။

"ခင်ဗျား စိတ်ကူးတွေ ပြန်မှျားလို့ရရင် ခင်ဗျားက ဘာလုပ်မလို့လဲ"

"အဲဒီစိတ်ကူးတွေနဲ့ ငါ့အတွေးအခေါ်တွေ ပြန်တည်ဆောက်မလို့ပါ"

သူ ကျိတ်ပြုံးလိုက်မိသည်။ အရူးတစ်ယောက်ဆိုပေမဲ့လည်း စကားလုံးတွေက တော်ရုံလူကို ဝုန်းခနဲ ကြွေကျသွားစေနိုင်သည်။ (အရူးက တစ်မူးသာဆိုသလိုပေါ့လေ . .)

"ဟုတ်လား . . ခင်ဗျားက ခင်ဗျားရဲ့ အတွေးအခေါ်တွေကို တည်ဆောက်ပြီး ဘာလုပ်မလို့လဲ . ."

အရူးက သူ့ကို သိပ်မကြည့်သလို တစ်ချက်ကြည့်သည်။ လျှာရှည်ရန်ကောဆိုသည့် အထာမရှိ။ အကင်းပါးသည့် သူကလည်း



www.burmeseclassic.com

www.burmeseclassic.com



အမြန် ထပ်ပြောလိုက်ပါသည်။

''မင်း တကယ် မသိဘူးလား''

သူ ခေါင်းခါပြလိုက်သည်။

''ငါ ပြိုင်ပွဲသွားဝင်မလို့ပါ''

''ဘာ ‥ ဘာပြိုင်ပွဲလဲဗျ''

''မင်း တကယ် ဘာမှမသိဘူးလား''

''အင်း''

''ဒီရေကန်ရဲ့ ဟိုးတစ်ဖက်မှာ တောအုပ်တစ်ခု ရှိတယ်၊ အဲဒီ တောအုပ်ရဲ့ ဟိုဘက်မှာ မြို့တော်တစ်ခုရှိတယ် ‥''

အရူးကြီးက သေချာလက်ညှိုးထိုးပြီး ပြောပြနေ၏။ သူလည်း လိုက်ငေးကြည့်ရင်း သေချာနားထောင်နေမိသည်။

''အဲဒီမြို့တော်ကို 'အတွေးအခေါ်မြို့တော်' လို့ ခေါ်တယ်''

''ဟုတ်ကဲ့ ‥‥''

''အေး ‥ အဲဒီမြို့တော်က လူတွေက အတွေးအခေါ်တွေ သိပ်ကောင်းကြတယ်ကွ ‥''

''အင်း''

''အဲဒီမြို့တော်မှာ နှစ်တိုင်း အတွေးအခေါ်ပြိုင်ပွဲ ကျင်းပလေ့ ရှိတယ် ‥ အဲဒါကိုရော သိလား''

သူ အရိုးခံအတိုင်း ခေါင်းသာ ရမ်းပြမိသည်။

''ဟင်း ‥ မင်းကလည်း သိတာ ဘာမှ မရှိပါလားကွာ၊ အေးလေ ‥ သိတာတွေ သိပ်များနေရင်လည်း မကောင်း ပါဘူး''



www.burmeseclassic.com

www.burmeseclassic.com



''ဒါနဲ့ ခင်ဗျားက အခုအတွေးအခေါ်တွေ တည်ဆောက်ပြီး အဲဒီမြို့တော်မှာ သွားပြိုင်မလို့လား''

''ဟုတ်တယ်''

''ပြိုင်ပွဲမှာ အနိုင်ရခဲ့ရင်ရော ဘာရမှာလဲဗျ ..''

သူ့စကားအဆုံးမှာ အရှုးကြီးက ပထမဆုံးအနေနှင့် သူ့မျက်နှာကို စေ့စေ့ကြည့်ပြီး ပြုံး၏။

''မင်းက ဘာမှသာ မသိတာ .. မေးခွန်းကတော့ အတော်များသားကွ''

တော်ပါသေးရဲ့၊ အရူးက စိတ်မဆိုးတဲ့အပြင် နွေးနွေးထွေးထွေး၊ ရင်းရင်းနှီးနှီး ပုံစံမျိုး ဆက်ဆံလာလို့ ..။

''ဩော် .. ခင်ဗျားကလည်း မေးကတည်းက မသိလို့ မေးတာလေဗျာ၊ သိရင် ဘယ်မေးပါတော့မလဲ ..''

''အေးကွ .. မင်း အတွေးအခေါ်လေး ကောင်းသားပဲ၊ မေးကတည်းက မသိလို့မေးတာဆိုတာလေး ..''

သူ အတော်ခေါင်းရှုပ်သွားသည်။ အရေးထဲမှ ဖလော်အရူးနဲ့ လာတွေ့နေသေး။

''မသိဆို ကျွန်တော်က ညံ့သည်လေဗျာ၊ ဒါတွေ ဘယ်သိပါ့မလဲ ..''

''မင်းတစ်ယောက်တည်း ညံ့သည် မဟုတ်ပါဘူးကွာ။ လူတိုင်းက ညံ့သည်တွေချည်းပါပဲ။ ကောင်းကင်ဘုံမှာ လူပြည့်နေလို့ ဒီနေရာမှာ ခဏစောင့်နေကြတာပါ။ ဒါတွေထားပါကွာ။ အတွေးအခေါ်ပြိုင်ပွဲမှာနိုင်ရင် ဘာရမှာလဲဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



မေးခွန်းကို ငါဖြေပါ့မယ်။ အဲဒီပြိုင်ပွဲမှာ အနိုင်ရတဲ့လူက အဲဒီမြို့တော်ကို အုပ်ချုပ်ခွင့်ရတယ်လေ ..''

''ဩော် ..''

သူ အတော်လေး အံ့ဩသွားမိသည်။ တစ်လက်စတည်းမှ မိမိနိုင်ငံနှင့် ယှဉ်ပြီး အတော်ကွာဟနေကြောင်းကိုပါ တွေးမိလိုက်၏။

''ဒါဆို အဲဒီမြို့တော်က အတွေးအခေါ်ကောင်းတဲ့လူကိုပဲ အုပ်ချုပ်မင်းလုပ်ခွင့်ရတာပေါ့''

''ဒါပေါ့ .. အတွေးအခေါ်မရှိတဲ့လူ အုပ်ချုပ်နေရင် အားလုံး ဒုက္ခရောက်ကုန်မှာပေါ့ကွာ''

အလို့ ..။ အရှုးဆိုသော်ငြား တော်ကီတွေက တကယ် လေးစားလောက်ပါပေသည်။ သူပင် အတော်ရှိန်းဖိန်းသွားမိသည်။

''ဟုတ်ပါပြီ .. အဲဒီကိစ္စကို ခဏထားပါဦး၊ ကျွန်တော် မသိ တာလေးတွေ မေးပါရစေဦး''

''ဟာ .. မင်း မသိတာတွေ၊ မေးစရာတွေက ခုထိ မကုန် နိုင်သေးဘူးလား။ မေးကွာ .. မေး''

''ဒီလိုပါ .. ဒီရွာကလူတွေအားလုံးက တကယ်ပဲ ရူးနေကြ လို့ အရူးရွာလို့ သတ်မှတ်ခံထားရတာလား''

အရူးကြီးက သူ့ကို တစ်ချက်ငေးရီစွာ စိုက်ကြည့်နေ၏။ ပြီးမှ ...

''ငါက အရူးတစ်ယောက်ပဲ ... ဒီရွာကလူတွေအားလုံးက လည်း အရူးတွေချည်းပဲ၊ ဒါနဲ့ နေစမ်းပါဦး .. ဒီမေးခွန်း ကို မေးတဲ့ မင်းကိုယ်တိုင်ကရော ကိုယ့်ကိုယ်ကိုယ် အရူး



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူးလို့ အာမခံနိုင်လို့လား''

သူ ဆွံ့အသွားမိသည်။ ငါ ရူးနေသလားဆိုတဲ့ မေးခွန်းကို လည်း စိတ်ထဲကနေ မေးနေမိ၏။ တိကျသောအဖြေက မရ။

"တကယ်တော့ လူမှန်ရင် အရူးတွေချည်းပါပဲကွာ။ ဒါတွေက သိပ်အရေးကြီးတဲ့အရာတွေ မဟုတ်ပါဘူး၊ လောကမှာ ဘာတစ်ခုမှလည်း အရေးတကြီးကိစ္စတွေ မရှိပါဘူးကွာ။ အချိန်တန်ရင် သေသွားကြရမှာပါပဲ''

'' ....''

''တစ်ခုတော့ မှတ်ထားကွာ၊ ဖိနှပ်ချုပ်တဲ့သူတွေ များတဲ့ နေရာမှာတော့ မင်းဖိနပ်သွားချုပ်ဖို့ မစဉ်းစားမိလေနဲ့ .. မင်းတကယ်ကြိုးစားရမှာက အဲဒီနေရာမှာ သားရေရောင်း နိုင်အောင်သာ လုပ်ပေါ့၊ ကဲ .. ကဲ .. မင်းလည်း သွားစရာ ရှိတာ သွားတော့။ ငါလည်း မျှားလက်စ ငါ့စိတ်ကူးတွေနဲ့ အတွေးအခေါ်တွေ တည်ဆောက်လိုက်ဦးမယ် ..''

အရူးကြီးက သူပြောချင်တာတွေပြောပြီး နှုတ်ဆိတ်စွာ ရေကာသိုက်ကားပြန်ရှုနေလေ၏။ သူလည်း အသာထထွက်လာခဲ့လေ တော့၏။

■



www.burmeseclassic.com

www.burmeseclassic.com



(၃)

အရှူးရွာမှာ သူ နှစ်ရက်ခန့် တည်းခိုလေ့လာပြီးချိန်မှာတော့ အရူးအတော်များများ၏ ရူးနည်းရူးဟန် အတော်များများကို တွေ့ရှိခဲ့ရသည်။

တစ်ခုတော့ သူ ကောင်းကောင်းသိထားမိပါသည်။ အရူးရွာသည် ငြိမ်းချမ်းသည်။ အရူးအချင်းချင်း မနာလို ဝန်တိုမှုမရှိ၊ အချင်းချင်း ကောက်ကျစ်ယုတ်မာခြင်းမျိုး မရှိ။ ကိုယ့်ပုံစံနှင့်ကိုယ်သာ စိတ်လွတ် ကိုယ်လွတ်၊ အေးအေးလူလူ ရူးနေကြ၏။

ရူးသွပ်ခြင်းအနုပညာများဖြင့် ဖွဲ့စည်းထားသော အရူးရွာကလေးတွင် သင်တို့ ကျွန်ုပ်တို့လို ပူလောင်သောကတွေ မရှိ၊ အရေးတကြီးကိစ္စနှင့် အရေးတကြီးအလုပ်တွေ မရှိ။ ဂုဏ်တုဂုဏ်ပြိုင်၊ လော်လည်ဖောက်ပြားမှုတွေ မရှိ။

ဆိုးဆိုးဝါးဝါး အရူးတစ်ယောက်ကိုတော့ သူ ခြွင်းချက်အနေဖြင့် အမှတ်တရ သတိထားမိခဲ့သည်။ လူပုံစံကတော့ သက်လတ်ပိုင်းအရွယ် ဥပဓိရုပ် ခပ်ကောင်းကောင်းထဲကပင် ဖြစ်သည်။ သူ့ရုပ်ပုံက



www.burmeseclassic.com

www.burmeseclassic.com



တခြားအရှုးတွေနှင့် မတူ။ တုတ်အတိုလေးတစ်ချောင်းကို လက်မှာ မြဲမြဲကိုင်ထားပြီး အော်ကြီးဟစ်ကျယ် ပြောဆိုကြိမ်းမောင်းနေပုံမျိုး။

"ပြန်မပြောနဲ့ ‥ မလိုချင်ဘူး။ ငါပြောတဲ့အတိုင်း ဘယ်လို နည်းနဲ့ဖြစ်ဖြစ် မဖြစ်ဖြစ်အောင် လုပ် ဒါပဲ ‥"

"ငါ့စကားနားမထောင်ရင် တစ်ခါတည်း သတ်စေ ‥"

"ငါ့ကို ပြန်ပြောဖို့ မစဉ်းစားနဲ့ … မျက်လုံးနဲ့ ပြန်ကြည့်ရ အောင် ပါးပိတ်ရိုက်ပစ်လိုက်လို့ရတယ် … နားလည်လား"

"တစ်တိုင်းပြည်လုံးမှာ ရှိရှိသမျှ သယံဇာတတွေ ရောင်းစား စေ … ငါဘုရင်မင်းမြတ် အမိန့်တော်"

သူ ထိုဆိုးဆိုးဝါးဝါး အရှုးကိုတော့ ငါးမိနစ်ရပ်ကြည့်ပြီး အတော်လက်ဖျားခါနေမိသည်။ အရှုးတွေထဲမှာတောင် 'ဘုရင်ရှူး၊ အာဏာရှူး' အတော်ကြောက်စရာကောင်းကြောင်းကို သူ သတိထား မိလိုက်သည်။

နောက်တစ်ရက်မှာတော့ သူဟာ 'အတွေးအခေါ်မြို့တော်' ကို သွားဖို့ စဉ်းစားပြီးမှ မသွားဖြစ်တော့ဘဲ မိမိဇာတိတိုင်းပြည်ကိုသာ ပြန်လာခဲ့တော့သည်။

သူ့ ရင်ထဲမှာတော့ သူရောက်ရှိခဲ့ဖူးသော 'အပြုံးရွာ၊ ကလေး မမွေးတဲ့ရွာ၊ ပြောင်းပြန်ရွာ၊ အရှုးရွာ' စတဲ့ ထူးခြားသောရွာများ အကြောင်းကို ဘယ်သောအချိန်မှာမှ မေ့ပျောက်နိုင်တော့မည် မဟုတ် တော့ပါ။

■



www.burmeseclassic.com

www.burmeseclassic.com



(နိဂုံး)

လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ခန့်က နိုင်ငံငယ်လေးတစ်ခုတွင် 'အပြုံးရွာ၊ ကလေး မမွေးတဲ့ရွာ၊ ပြောင်းပြန်ရွာ၊ အရှုံးရွာ' စသော ထူးဆန်းသောရွာများ ရှိခဲ့ဖူးပါသည်။ ယနေ့အချိန်မှာတော့ ၎င်းရွာများသည်လည်းကောင်း၊ ၎င်းနိုင်ငံငယ်လေးသည်လည်းကောင်း ကမ္ဘာ့မြေပုံအထက်တွင် ပါဝင်နိုင်ခြင်း မရှိတော့ပေ။

အဘယ့်ကြောင့်ဆိုသော် ၎င်းနိုင်ငံငယ်လေးသည် ကျွန်းတစ်ခုပေါ်တွင် တည်ရှိနေခြင်းဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမှု၊ မြေငလျင်ဒဏ်များအပါအဝင် အမျိုးမျိုးသော သဘာဝပတ်ဝန်းကျင်၏ ရိုက်ခတ်မှုကြောင့် ပျောက်ဆုံးသွားခဲ့ပြီဖြစ်လေတော့၏။

■



www.burmeseclassic.com

www.burmeseclassic.com



(သင်အပါအဝင် ကျွန်တော်တို့ လူ့ပတ်ဝန်းကျင်တွင် သုံးစွဲမြင်တွေ့နေရပါသော 'အပြုံး'တို့သည် တကယ့်စစ်မှန်သော၊ ဖြူစင်သန့်ရှင်းသော 'အပြုံး'တွေ မဟုတ်။ တစ်စုံတစ်ခုအတွက် ဟန်ဆောင်ဖန်တီးထားသော ပြယုဂ်များသာ ဖြစ်သည်။ တကယ့်စစ်မှန်သော အပြုံးဖြူဖြူတို့ကို ကလေးသူငယ်များ၏ မျက်နှာပေါ်မှာသာ အမှန်တကယ်ရရှိနိုင်ကြောင်း ထင်မြင်မိ၏။

တဖြည်းဖြည်းနှင့် ပြောင်းပြန်အချိုးကျလာသော လူ့အတ္တ၊ လူ့စိတ်ဓာတ်၊ လူ့ပတ်ဝန်းကျင်၊ လူ့အဖွဲ့အစည်းတို့သည် အရှုးတစ်ယောက်၏ အိပ်မက်တစ်ခုလောက်ပင် ခမ်းနားမက်မောဖွယ် မရှိတော့ကြောင်း အတည်ပြုပေးရန် သင်၏ ဆန္ဒမဲတစ်ခုကို ကျွန်တော်မျှော်လင့်ထားမိပါကြောင်း။)

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



ရွာနောက်ဆက်တွဲ

ရှေ့တွင် မြန်မာနိုင်ငံသား ဘူမိဗေဒပညာရှင်လေးတစ်ယောက်၏ တွေ့ကြုံခဲ့ရသော ထူးဆန်းသောရွာများအကြောင်းကို မိတ်ဆွေတို့အားလုံး ဖတ်ရှုခဲ့ပြီး ဖြစ်သည်။ အမှန်မှာမူ ရှေ့တွင် ဖော်ပြပြီးခဲ့သော ရွာများအပြင် အခြားထူးဆန်းသောရွာများလည်း ကျန်ရှိနေသေးကြောင်းကို ထိုဘူမိဗေဒပညာရှင်လေးကျန်ရှိခဲ့သော ဒိုင်ယာရီစာအုပ်ထဲမှ တစ်ဆင့် သိခွင့်ရခဲ့သည်။

ဖော်ပြပြီးခဲ့သော အပြုံးရွာ၊ ကလေး မမွေးတဲ့ရွာ၊ အရူးရွာ၊ ပြောင်းပြန်ရွာ စသဖြင့်သော ရွာများနှင့် ဆက်စပ်နေသော အချို့ထူးဆန်းသောရွာများအကြောင်းကို ထိုဒိုင်ယာရီစာအုပ်ပါ အကြောင်းအရာများအား အခြေခံပြီး ဆက်လက်ဖော်ပြရသော် ခေါင်းစဉ်အနေဖြင့် 'အိပ်မက်ရွာ'ဟု အမည်ပေးကာ အောက်ပါအတိုင်း ရေးသားဖော်ပြလိုက်ရပါသည်။

မင်းတေဇခတ်



www.burmeseclassic.com

www.burmeseclassic.com



# အိပ်မက်ရွာ

(၁)

မြန်မာနိုင်ငံသား ဘူမိဗေဒပညာရှင်လေးသည် ထူးဆန်းသော ရေမြေသဘာဝတို့အကြောင်းကို သုတေသနပြုရန်အတွက် လိုက်လံလေ့လာရင်းမှ ထူးဆန်းသောရွာများကို တွေ့ရှိခဲ့ရသည်။ ထိုလူငယ်လေးသည် သူတွေ့ကြုံခဲ့ရသောအကြောင်းအရာများကို ဒိုင်ယာရီစာအုပ်လေးထဲတွင် နေ့စဉ်နေ့တိုင်း ရေးသားမှတ်သားထားလေ့လည်းရှိသည်။ သူသာ ယနေ့အချိန်အထိ ကမ္ဘာပေါ်တွင် သက်ရှိထင်ရှား



www.burmeseclassic.com

www.burmeseclassic.com



ရှိနေသေးပါက ၎င်းအကြောင်းအရာများကို တစ်စုံတစ်ယောက်အား ဖောက်သည်ချပြောပြမိပါက မယုံမကြည်ဖြစ်နေမည့်အပြင် သူ့ကိုပင် လက်ညှိုးထိုးပြီး တဟားဟားအော်ရယ်ပြီး အရူးဟု မှတ်ချက်ပေးပြောဆိုသွားနိုင်သလို၊ ယဉ်ယဉ်လေးဆိုသည့် ခေါင်းစဉ်တစ်ခုအောက်ကို အသံတိတ်ပစ်သွင်းပြီး သူ့ကို ကမ္ဘာ့သနားစရာအကောင်းဆုံး သတ္တဝါတစ်ကောင်ကဲ့သို့ပင် ငေးကြည့်တုံ့ပြန်သွားနိုင်ပါသေးသည်။ သို့သော်လည်း ၎င်းအဖြစ်အပျက်များသည် သူတကာယ် ကိုယ်တွေ့ကြုံခဲ့ရသော အဖြစ်အပျက်များပင် ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူသည် တောတောင်ရေမြေသဘာဝများကို လေ့လာမှတ်သားရင်းမှ မျက်စိလည်ကာ တောထဲတွင် အချိန်အတော်ကြာ လမ်းပျောက်နေခဲ့သည်။ အရှေ့သည် အဘယ်အရပ်မှန်းမသိ၊ အနောက်ကိုလည်း သူ မမှတ်မိတော့၊ သူ ဘယ်လမ်းက လျှောက်လာခဲ့သလဲ၊ သူ မတွေးတတ်တော့ချေ။ သူသိသည်မှာ မကြာမီ နေဝင်တော့မည်ဆိုသည်သာ။ မဖြစ်သေး။ သူ ဒီတောထဲမှာ ညအိပ်နေဖို့ဆိုတာ လုံးဝမဖြစ်။ အဘယ့်ကြောင့်ဆိုသော် ဒီတောက ညဘက်ဆိုလျှင် တောကောင်တွေ သောင်းကျန်းကျက်စားတတ်ကြောင်းနှင့် ရွာထဲကိုပင် တစ်ခါတစ်ရံ ရောက်လာတတ်ကြောင်း သူတည်းနေသော ရွာလူကြီးမှ ပြောဖူးထားသည်ကို သူ သတိရနေမိသည်။

နောင်တဆိုသည့်အတိုင်း သူသည် နောင်မှ နောင်တ ကောင်းကောင်းရနေမိသည်။ အဘယ့်ကြောင့်ဆိုပါသော် ရွာလူကြီးက သူ့ကို တောထဲသွားလေ့လာမည်ဆိုတုန်းက လမ်းပြ (သို့မဟုတ်) အဖော်အဖြစ်လူတစ်ယောက်ထည့်ပေးမည်ဆိုသည်ကို သူ့ကြောင့် ထိုလူအလုပ်ပျက်ပင်ပန်းမည်ဆိုသောကြောင့် ငြင်းပယ်ထားခဲ့ခြင်းကြောင့် ဖြစ်သည်။ မိမိကြောင့် ဝန်ထုပ်ဝန်ပိုးဖြစ်ပြီး အလုပ်ရှုပ်ပင်ပန်းခံရမည်ကို အားနာမိသောကြောင့်လည်း သူ တမင်ထားခဲ့ခြင်းဖြစ်သည်။ နောက် ယခုကဲ့သို့လမ်းပျောက်မျက်စိလည်မည်ဟုလည်း လုံးဝတွေးထင်မထားခဲ့သောကြောင့်ပင် ဖြစ်သည်။ ယခုတော့ သူ ဒုက္ခနှင့် လုလုကောင်းကောင်းတွေ့နေရပြီဖြစ်သည်။ မကြာမီ နေဝင်တော့မည်။ အလင်းရောင်အားက ဖျော့လာသလို သူ့ခြေလှမ်းတို့သည်လည်း လေးကန်နှေးကွေးလာပြီဖြစ်သည်။ မိမိလာခဲ့သောရွာက အဘယ်အရပ်မှာနည်း။ သူအရှေ့ကို



www.burmeseclassic.com

www.burmeseclassic.com



မျှော်ကြည့်သည်။ အုံ့ဆိုင်းနေသော တောတောင်သစ်ပင်များမှလွဲပြီး ဘာကိုမျှ သူ မမြင်ရ။ အနောက်သည်လည်း ထိုနည်းလည်းကောင်း။ သောက်စရာ ရေပုလင်းကိုကြည့်တော့လည်း တစ်စက်မျှပင် မကျန်တော့။ အခြေအနေက ထိတ်လန့်ခက်ခဲချင်စရာပင် ကောင်းနေသေးသည်။ သို့သော် လမ်းဆုံးလျှင် ရွာတွေ့ရမည်ဟူသောစိတ်ကိုပိုက်ကာ မဆုတ်မနစ်သော ခြေလှမ်းများဖြင့် ရှေ့သို့သာ အားပြုပြီး တစ်စိုက်မတ်မတ် လျှောက်လာခဲ့သည်။ အချိန်မည်မျှ သူလျှောက်လှမ်းလာခဲ့မိသည်မသိ။ ခြေထောက်အစုံကတော့ ထုံကျဉ်ကိုက်ခဲ၍ပင်နေနေပြီဖြစ်သည်။ အလင်းရောင်ကလည်း ညအချိန်ဟု ဝိုးဝိုးဝါးဝါး သတ်မှတ်၍ရသွားနိုင်သော အနေအထားတစ်ခုကို ကျော်လွန်နေပြီဖြစ်သည်။ ရံဖန်ရံခါ သူ့နားထဲတွင်လည်း တောကောင်တို့၏ အော်ဟစ်ညည်းတွားသံ အချို့ကိုလည်း ကြားနေရသည်။

ပုထုဇဉ်လူသားတစ်ယောက်ပီပီ တောကြီးမျက်မည်းထဲမှာ အချိန်ကြာလာသည်နှင့်အမျှလည်း ထိတ်လန့်ကြောက်လန့်လာမိသည်။ ချိုးချိုးချွတ်ချွတ် အသံကြားသည်နှင့် ဘေးဘီဝဲယာကို အားပြုသတိထားကြည့်ရသည်မှာလည်း အမော။ သို့သော် သူ ကြောက်စိတ်ကို ထိန်းကာ အသိနှင့်သတိကိုယှဉ်ပြီး အားပြုလျှောက်လာခဲ့သည်။

"ဟင် . . ဟိုရှေ့က ဘာပါလိမ့်"

သူ့ရှေ့တွင် အလင်းရောင်ပျပျမြင်နေရသည်ကြောင့် တီးတိုးရေရွတ်လိုက်မိခြင်းလည်း ဖြစ်သည်။

"သေချာတာကတော့ ဒါ လူနေရွာ တစ်ရွာရွာပဲ ဖြစ်ရမယ်၊ ကိုယ်တည်းခိုတဲ့ရွာမဟုတ်ရင်တောင် အနီးအနားက ရွာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ရွာရွာပဲ ..၊ ဘယ်ရွာပဲဖြစ်ဖြစ် တောထဲမှာ ဒီအတိုင်း လျှောက်သွားနေရတာနဲ့စာရင် အဲဒီရွာကို အရောက်သွား တာကမှ ကိုယ့်အတွက် အထောက်အကူပြုဦးမယ်''

အတွေးနှင့်အတူ သူလည်း အတော်အသင့် အားတက်၍ သွားသည်။ အစောက လေးလံနွေးကွေးနေခဲ့သော ခြေလှမ်းတို့ သည်လည်း အနည်းငယ် တက်ကြွ၍သွားခဲ့ပြီဖြစ်သည်။ မီးရောင်ပျပျ က အမြင်ဆိုပေမယ့်လည်း လျှောက်ရသူဖို့ မစားသာလှ။ အလင်းရောင် မရှိသော ညအမှောင်မို့ စိတ်ထင်တိုင်းလည်း သွား၍မရ။

''အဟင့် .. ဟင့် .. ဟင့်''

''ဟင်''

သူ့ခြေလှမ်းတို့ ရုတ်တရက် ရပ်တန့်၍သွားသည်။ အစောက ည၏ ပိုးမွှားအကောင်တို့၏ အသံများကြားမှ တိုးထွက်လာသောအသံ တစ်သံကြောင့်ပင် ဖြစ်သည်။ သူ ထိုအသံကို အတည်ပြုရန်အတွက် လှမ်းလက်စ သူ့ခြေလှမ်းတွေကို ရပ်တန့်ပစ်လိုက်ပြီး အကြားအာရုံကို သူ တတ်နိုင်သမျှ နားစွင့်ထားလိုက်သည်။

''အဟင့် .. ဟင့်''

သေချာပြီ .. ဒါ မိန်းကလေးတစ်ယောက်ရဲ့ အသံတစ်သံပဲ ဆိုတာ ...။

သူ တွေးလက်စအတွေးကို ရပ်ကာ မရဲတရဲ အသံပေးလိုက် ၏။

''ဒီနားမှာ တစ်ယောက်ယောက်ရှိနေတာလား''

'' ..... ''



www.burmeseclassic.com

www.burmeseclassic.com



''ကျွန်တော် လူကောင်းတစ်ယောက်ပါ၊ ဒီနားမှာ လူတစ်ယောက်ယောက်ရဲ့ အသံကို ကြားနေရလို့ပါ ‥ ဒီနားမှာ လူရှိနေလား''

'' ‥‥‥ ''

တုံ့ပြန်သံမကြားရသည်ကြောင့် သူ ဇဝေဇဝါပင် ဖြစ်သွားမိသည်။ ဟင် ‥ ငါ သေချာ မိန်းကလေးတစ်ယောက်ရဲ့ငိုသံကို ကြားရပါတယ်၊ ခု ‥ ဘယ်လိုဖြစ်တာပါလိမ့်။

ဟင်း ‥။ သူ သက်ပြင်းတစ်ချက်ကိုချကာ ခဏ ငြိမ်သက်ပြီး နားစွင့်နေလိုက်သေးသည်။ မကြားရ၊ ပိုးကောင်လေးများ၏ အသံမှလွဲပြီး သူ မည်သည့်အသံမှ မကြားရ။ သို့ဖြင့် သူလည်း 'ငါ အကြားမှားတာ ဖြစ်မှာပါလေ'ဟု တွေးကာ ဆက်လျှောက်ရန် ဆုံးဖြတ်လိုက်သည်။

တစ်လှမ်း ‥‥

နှစ်လှမ်း ‥‥

သုံးလှမ်း ‥‥

''အဟင့် ‥ ဟင့် ‥''

''ဟင်''

သူ့ခြေလှမ်း သုံးလှမ်းမြောက်တိတိမှာ နားနှင့် ဆတ်ဆတ်ကြားလိုက်ရသော မိန်းကလေးတစ်ယောက်ငိုသံကြောင့် သူ ကြက်သီးပင် ထသွားမိသည်။

ဟင် ‥ ဒါ ဘယ်လိုဖြစ်တာလဲ၊ ဘုရား ဘုရား ‥။



www.burmeseclassic.com

www.burmeseclassic.com



အသံက သူ့နောက်နားခပ်လှမ်းလှမ်းမှ ထွက်လာသည်ကို လည်း သူ ခန့်မှန်းမိသည်။ အဖြစ်အပျက်က အနည်းငယ် ရုပ်ရှင်ဆန် နေသည်ဟုလည်း သူ တွေးလိုက်မိသေးသည်။ ဒါဟာ သူ ကြားဖူးနေ ကြ တောခြောက်တယ်၊ တောမှောက်တယ်ဆိုတာမျိုးလား၊ ဒါမှမဟုတ် နာနာဘာဝ၊ ဝိနာဘာဝဆိုတာတွေနဲ့ သူကြုံတွေ့နေရတာလား။

အတွေးနဲ့တင် ကြောက်စိတ်က သူ့ကို ကျော်ချမ်းသွားခဲ့စေ သည်၊ သူ ဒီအတိုင်းလေး ဘာသိဘာသာ မကြားသလို ဟန်ဆောင်ပြီး ရှေ့ဆက်သွားရမည်လား။ သို့မဟုတ် သူ နောက်ပြန်လှည့်ပြီး အသံရှင် မိန်းကလေးကို ရှာဖွေရမည်လား။ ဝေခွဲရခက်နေခဲ့သည်။ အကယ်၍ သူနောက်ပြန်လှည့်ကြည့်လိုက်လို့ ဘွားခနဲ ပုံဆိုးပန်းဆိုးတစ်ခုခုကို မြင်ခဲ့ပါလျှင် ..။

အို .. ငါ ယောကျာ်းပဲ၊ ဘာဖြစ်လို့ လှည့်ကြည့်ဖို့ သတ္တိမရှိ ရမှာလဲ ..။

အဆုံးမှာပိုင်းတော့ စူးစမ်းရှာဖွေလိုသော သူ့စိတ်က ကြောက် စိတ်တို့ကို အနိုင်နှင့်ပိုင်းသွားခဲ့ပြီးဖြစ်သည်။ သူ သက်ပြင်းတစ်ချက်ကို ခပ်ရှည်ရှည်တစ်ကြိမ်ဆွဲချလိုက်ပြီး လာရာလမ်းအနောက်ဘက်သို့ မျက်နှာမူပစ်လိုက်သည်။

''အဟင့် .. ဟင့်''

မိန်းကလေးတစ်ယောက်၏ ငိုသံဆိုတာ သေချာသည်ထက် သေချာနေပြီမို့ ကြောက်စိတ်တော့ အနည်းငယ်လျော့ပါးသွားခဲ့ပြီဖြစ် သည်။ ထိုအသံရှင်ကို သူ မျက်စိရှင်ရှင်နှင့် ရှာဖွေကြည့်သည်။ မတွေ့။ ငိုသံသဲ့သဲ့ကိုတော့ သူ အဆက်မပြတ် ကြားနေရသည်။ သူ အခုလာ



www.burmeseclassic.com

www.burmeseclassic.com



ရာဘက်သို့ နားစွင့်ကာ ဆက်လျှောက်ရှာဖွေနေမိသည်။ အဆုံးမှာတော့ ခြုံငယ်လေးတစ်ခုနောက်မှာ တသိမ့်သိမ့်ရှိုက်ငိုနေသော မိန်းမငယ်လေးတစ်ယောက်၏ ကျောဘက်အနေအထားကို တွေ့လိုက်ရသည်။

သည်အချိန်၊ သည်တောထဲမှာ မိန်းမပျိုလေးတစ်ယောက်တည်းရှိနေသည်က သူ့အတွက် အနည်းငယ်တော့ ထူးဆန်းနေပြီဖြစ်သည်။ နောက် သူမက တသိမ့်သိမ့်ရှိုက်ငိုနေသည်မဟုတ်လား။ သူမက ဘာကြောင့်သည်လိုနေရာမျိုးမှာ တစ်ယောက်တည်း လာငိုကြွေးနေရသနည်း။ သူ မတွေးတတ်တော့ချေ။ အနီးအနားမှာ တစ်စုံတစ်ယောက်ကို တွေ့လေမလားဟူသော စိတ်ဖြင့်လည်း သူ ရှာဖွေကြည့်လိုက်မိသေးသည်။ သို့သော် ဒီနေရာမှာ သူမနှင့်သူ နှစ်ယောက်တည်းရှိနေသည်ဆိုတာကတော့ သေချာသလောက်ရှိနေချေပြီဖြစ်သည်။ သူမဘာဖြစ်နေသနည်း။

သူ သူမအနားသို့ တဖြည်းဖြည်း တိုးကပ်သွားလိုက်သည်။ သူမက အဖြူရောင်ဂါဝန်လိုလို၊ အဝတ်အထည်မျိုးကို ဝတ်ဆင်ထားသည်။ နက်မှောင်သော ဆံနွယ်များက ကျောလယ်ကျော်ကျော်တော့ရှိမည် ထင်ရသည်။ သူမက ပုဆစ်တုပ်ထိုင်အနေအထားဖြင့် ခေါင်းငုံ့ငိုကြွေးနေသည်ကြောင့် သူမရုပ်ရည်ကိုတော့ သူမမြင်ရ၊ လရောင်သဲ့သဲ့၏ အလင်းရောင်အောက်မှာ သူမပုံစံက ကဝေပျိုမလေးတစ်ယောက်နှင့်ပင် တူနေချည်သေးသည်။

"အဟင့် ‥ ဟင့်"

"ဒီမှာ ‥‥ မိန်းကလေး"



www.burmeseclassic.com

www.burmeseclassic.com



သူ့အသံကြောင့်ထင် မိန်းကလေးငိုသံရပ်တန့်သွားပြီး ဆတ် ခနဲ တစ်ချက်လည်း တုန်သွားသည်။

"မိန်းကလေး၊ ကျွန်တော်က လူကောင်းတစ်ယောက်ပါ၊ ပြီး တော့ ဒီကမိန်းကလေးက ဒီလိုတောကြီးထဲမှာ ဒီအချိန်ကြီး အထိ တစ်ယောက်တည်း ဘာကြောင့် ငိုနေရတာလဲ မသိဘူး"

သူလည်း မေးလို့သာ မေးနေရသည်။ စိတ်ထဲမှာတော့ မသိုး မသန့်၊ လူစင်စစ်ဆိုလျှင် ကိစ္စမရှိ၊ အကယ်၍ လူမဟုတ်ဘဲ ဥစ္စာစောင့် တို့၊ သူယောင်မယ်တို့လိုဟာမျိုးဆို အခက်တွေ့ရမည်မဟုတ်လား။

"မိန်းကလေး . . . ကျွန်တော် မေးတာကြားရဲ့လား"

သူ ထပ်ပြောတော့ ခေါင်းငုံ့ထားသော သူမမျက်နှာက တဖြည်းဖြည်းမော့ပြီး သူ့ကို ကြည့်လာသည်။ သူလည်း သူမမျက်နှာကို ရုတ်တရက်မြင်လိုက်ရတော့ အံ့သြမှင်တက်၍ပင် သွားမိသည်။

"အို"

သရဲတစ္ဆေတွေလို ရုပ်ပျက်ဆင်းပျက်ဖြစ်နေ၍တော့ မဟုတ်ပါ။ သူမ၏မျက်နှာက လရောင်အောက်မှာ အဖြူရောင်ဂါဝန်လေးနှင့် အတူး လိုက်ဖက်တင့်တယ်စွာ လှပနေသောကြောင့်ပင်ဖြစ်သည်။ သူ့တစ်သက် မှာ သူမလောက် အပြစ်ကင်းစင်ပြီး လှပသောမိန်းမပျိုမျိုးကို မမြင်ဖူး ခဲ့ပါ။ လှသည် . . ချောသည် စသည့်အသုံးအနှုန်းတွေထက်ပင် အဆ တစ်ထောင်ခန့်ပိုသော အလှပိုင်ရှင်မျိုးဖြစ်သည်။

"မိန်းကလေး . . ဒီမှာ တစ်ယောက်တည်း ဘာဖြစ်လို့ ငိုနေ ရတာလဲ"

"ရှင် . . ရှင် က ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးအသံက ကြောက်ရွံ့မှုကြောင့်ထင် အနည်းငယ်တုန်ယင်နေ၏။

"မကြောက်ပါနဲ့ဗျာ၊ ကျွန်တော်က လူကောင်းတစ်ယောက်ပါ၊ ကျွန်တော်က အပြိုးရွာမှာတည်းခိုနေတဲ့ ခရီးသွားတစ်ယောက်ပါ၊ မနက်ဖြန်ဆိုရင် အပြိုးရွာကနေ ဟိုဘက် ကလေးမမွေးတဲ့ရွာဘက်ကို ခရီးဆက်ရမှာပါ။ အဲဒါ ခရီးမဆက်ခင်တစ်ရက် အားနေတာနဲ့ ဒီတောထဲကို လျှောက်ကြည့်ရင်း မျက်စိလည် လမ်းပျောက်နေတာပါဗျာ"

မိန်းကလေးမျက်နှာပေါ်တွင် ကြောက်စိတ်တို့ အနည်းငယ်လွင့်ပါးသွားသည်ဟုတော့ သူ ထင်သည်။ သို့သော် သူ့ကို စူးစမ်းသလို အကြည့်လေးဖြင့် ငေးကြည့်ရင်း သူပြောသမျှကို ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေ၏။

"အဲဒါ ကျွန်တော်လည်း ဘယ်လိုဆက်သွားရမှန်းမသိတာနဲ့ ဟိုဘက်က မီးရောင်တွေရှိတဲ့ဘက်ကို ထွက်လာခဲ့တာပါ၊ အကူအညီလေးဘာလေး ရလိုရငြားပေါ့ဗျာ။ အဲဒီမှာ မထင်မှတ်ဘဲနဲ့ ဒီက မိန်းကလေးရဲ့အသံကြောင့် ..."

"ဒါ ဒါဆို ရှင်လည်း ဒီတောထဲမှာ လမ်းပျောက်နေခဲ့တာပေါ့နော်"

သူခေါင်းညိတ်ပြတော့ သူမက ကလေးတစ်ယောက် မုန့်ရသလို အပျော်မျိုးဖြင့် ပြုံးသွားသည်ဟု သူ ထင်သည်။

"ပြောပါဦး .. မိန်းကလေးကရော၊ ဒီနေရာမှာ ဘာကြောင့်တစ်ယောက်တည်း ထိုင်ငိုနေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက တစ်ယောက်တည်း အဖော်ကွဲနေခဲ့တာတော့ မှန်တယ်၊ ဒါပေမဲ့ မျက်စိလည်လမ်းမှားနေတာတော့ မဟုတ်ဘူး၊ ရွာကို ပြန်တတ်တယ်၊ လမ်းကိုလည်း သိတယ်"

"ဟင် ‥ ဒါဖြင့်"

"ဟုတ်တယ် ‥ ကျွန်မတစ်ယောက်တည်း ကြောက်လို့ မသွားရဲတာ၊ ဒီလမ်းမှာ မြွေတွေ အရမ်းပေါတယ်လေ၊ ကျွန်မက မြွေဆိုသိပ် ကြောက်တာရှင့်၊ အဲဒါကြောင့် တစ်ယောက်တည်း ပြန်ရမှာကို တွေးကြောက်ပြီး ငိုနေမိတာ ‥၊ ပြီးတော့ ဒီလို ဆိုင်းသံဗုံသံတွေ တီးတဲ့အချိန်ဆို မြွေတွေက ပိုထွက်တယ် မဟုတ်လား"

"ဩော်"

သူ အခုတော့ သဘောပေါက်စပြုသွားပြီဖြစ်သည်။

"ဒါဆို ဒီလိုလုပ်ပါလား၊ ဒီကမိန်းကလေးနဲ့အတူ ကျွန်တော်ပါ ရွာကို လိုက်ခဲ့မယ်လေ။ မိန်းကလေးလည်း ကျွန်တော်ပါတော့ အဖော်ရတာပေါ့။ လမ်းမှာ မြွေတွေဘာတွေတွေ့ရင်လည်း ကျွန်တော် ကူညီစောင့်ရှောက်ပါ့မယ်၊ ကျွန်တော့်ကိုသာ ဒီည မိန်းကလေးတို့ရွာမှာ တည်းခိုလို့ရအောင် ကူညီပေးပါ။ ဒါနဲ့ မိန်းကလေးတို့ရွာနာမည်က ဘယ်လိုခေါ်လဲ မသိဘူး"

"အင်း ‥ ရှင့်အစီအစဉ်ကောင်းသားပဲ၊ ဒီလောက်တော့ ကျွန်မတို့ ကူညီနိုင်ပါတယ်။ ရွာရောက်ရင်လည်း ကျွန်မတို့ အိမ်မှာပဲ တည်းပေါ့ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် မိန်းကလေးရယ် ‥ ဒါဖြင့်ရင်လည်း အရမ်းနောက်မကျခင် သွားကြရအောင်"

ပြောပြောဆိုဆိုဖြင့် နှစ်ယောက်သား ထွက်လာခဲ့ကြသည်။ သူမက လမ်းတစ်လျှောက်မှာလည်း သူမနက်ကျလျှင် ပြန်ရမည့်လမ်းတွေ၊ ရွာတွေအကြောင်းကို ပြောပြနေသေးသည်။

"ဒါနဲ့ ‥ မိန်းကလေးတို့ရွာဘက်က အသံတွေ ကြားနေရသလိုပဲ"

"ဟုတ်တယ် ‥ ဒီညက ကျွန်မတို့ရွာမှာ ပွဲတော်ရှိတယ်လေ၊ အဲဒီက ဆိုင်းသံ ဗုံသံတွေပေါ့ ‥"

"ဒါနဲ့ မိန်းကလေး ကျွန်တော်မေးထားတာတွေကို မဖြေသေးဘူးနော်"

"ရှင် ‥ ရှင် ကျွန်မကို ဘာတွေမေးထားလို့လည်း မသိဘူး"

"ကျွန်တော်မေးထားတာက ဒီက မိန်းကလေးရဲ့ နာမည်ရယ်၊ ပြီးတော့ မိန်းကလေးတို့နေတဲ့ရွာရဲ့ နာမည်ရယ်လေ"

"သြော် ‥ ကျွန်မနာမည်ကတော့ ရှင်ရယ် အရေးလည်း မကြီးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရှင်က မနက်ရောက်ရင် ရှင့်ခရီး ရှင်ဆက်သွားရတော့မှာလေ၊ ကျွန်မတို့နဲ့လည်း ထပ်ပတ်သက်စရာမရှိတော့ဘူးဆိုတော့လေ၊ ဒီတော့ ဒီလိုလုပ်ပါလား၊ ကျွန်မကို ရှင်ခေါ်ခေါ်နေသလို ကျွန်မနာမည်ကို မိန်းကလေးလို့ပဲ မှတ်ထားပေါ့ရှင်"

မိန်းကလေးက သူမနာမည်မပြောရသည့်အတွက် စိတ်မလုံသလိုဖြစ်သွားပုံရပြီး ဆက်ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ ကျွန်မက ရှင့်ကို နာမည်မပြောပြချင်တာ မဟုတ်ပါဘူး။ ကျွန်မမှာ ရှင့်ကို ပြောပြစရာ နာမည်မရှိလို့ပါ"

သူ တကယ်အံ့သြသွားရသည်။ လူတစ်ယောက်မှာ ခေါ်ဝေါ်စရာနာမည်မရှိဘူးဆိုသည်ကိစ္စက အတော် ကသိကအောက် နိုင်လွန်းသည်လည်း ထင်သည်။ သို့သော် သူ ရောက်ရှိနေသည့်ရွာတွေအရ ထူးဆန်းသော ဓလေ့စရိုက်တွေကို ကြုံဆုံထားပြီးပြီမို့ သူ ဖြည့်တွေးတွေးပြီး ဖြေပေးလိုက်ရသည်။

"ဪ . . အဲသလိုလား၊ ဒါနဲ့ မိန်းကလေးတို့ရွာမှာတော့ ရွာနာမည်ရှိတယ်မို့လား"

"အင်း၊ ရွာမှာတော့ နာမည်ရှိပါတယ်။ ကျွန်မတို့ရွာရဲ့နာမည်က အိပ်မက်ရွာ တဲ့"

ခပ်ဆန်းဆန်းနာမည်တစ်ခုအောက်မှာ သူ ခေါင်းတညိတ်ညိတ်ဖြင့်သာ တီးတိုးရေရွတ်ရင်း ဆက်လျှောက်လာခဲ့မိသည်။

"အိပ်မက်ရွာ . . အိပ်မက်ရွာ"

■



www.burmeseclassic.com

www.burmeseclassic.com



(၂)

"ရွှေ့ကို တစ်ပြ နှစ်ပြလောက်ဆို ရောက်တော့မှာပါရှင်၊ အတော်မောနေပြီလား"

အမှန်ပြောရလျှင် တစ်နေကုန် သူ လမ်းလျှောက်နေရသည့်အတွက် သူ အတော်မောပန်းနေပြီဖြစ်သည်။ ရေလည်း ငတ်နေသည်ကြောင့် အာခေါင်တွေပင် ခြောက်နေချေပြီ။ သို့သော် မိန်းကလေးတစ်ယောက်က ဘာမောပန်းဟန်မှုမရှိဘဲ အေးအေးဆေးဆေး ပေါ့ပေါ့ပါးပါးအနေအထားမှာမို့ သူ မုသာဝါဒကိုသာ သုံးပြီး ဖြေလိုက်သည်။

"ရပါတယ်၊ မမောပါဘူး။ ရွာလည်း ရောက်တော့မှာပဲ၊ ဆိုင်းသံတွေတောင် ပီပီသသ ကြားနေရပြီပဲ"

"ဟုတ်တယ် ရောက်တော့မှာပဲ၊ ဆိုင်တွေကတော့ တစ်ညလုံး တီးနေမှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ နှစ်နှစ်ကို တစ်ခါ ကျင်းပတဲ့ ကျွန်မ တို့ရွာရဲ့ ပွဲတော်ညဆိုတော့လေ"

"ဒါနဲ့ မိန်းကလေးတို့ဆီမှာ ဘာပွဲတော်ကျင်းပနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မအိပ်ပွဲတော်လေ"

"ဘယ်လို ဘယ်လို မအိပ်ပွဲတော်ဟုတ်လား၊ ဘယ်လိုပုံစံမျိုးလည်း မိန်းကလေးရဲ့"

"ဘယ်လိုပုံစံမျိုးလဲဆိုတော့ ကျွန်မတို့ရွာမှာ ဒီလို မအိပ်ပွဲတော်ညမျိုးဆိုရင် တစ်ရွာလုံး ဘယ်သူမှ မအိပ်ကြဘူး၊ အဲလို ဆိုင်းတွေ ပုံတွေတီးပြီး တစ်ရွာလုံး နိုးနိုးကြားကြားဖြစ်နေအောင် ပျော်ပွဲရွှင်ပွဲတွေနဲ့ နေကြရတာ"

"တစ်မျိုးပဲနော်၊ မိန်းကလေးတို့ရွာက ပွဲတော်က ‥"

"ကျွန်မတို့ကတော့ ရိုးရာဓလေ့ဆိုတော့လည်း သိပ်မထူးဆန်းတော့ဘူးပေါ့ရှင်၊ ဒီလိုပွဲတော်ညတွေမှာဆို ကျွန်မတို့ရွာရဲ့ နတ်ဆရာက ကောင်းကင်ဘုံမှာရှိတဲ့ နတ်ဒေဝတာတွေကို တစ်ညလုံး မအိပ်တဲ့နဲ့ ရွာမှာကပ်ဆိုးတွေမဖြစ်ဖို့နဲ့ သီးနှံတွေ မပျက်စီးဖို့အတွက် ဆုတောင်းပေးနေရတာလေ"

"ဟင် ‥ဒါဆို ကျွန်တော်လည်း မိန်းကလေးတို့ရွာကိုရောက်ရင် တစ်ညလုံး မအိပ်ရဘူးပေါ့နော်"

သူ့စကားမှာ ရယ်စရာမပါပါဘဲနှင့် သူမက တိုးသဲ့ညင်သာစွာ ရယ်နေလိုက်သေးသည်။ ပြီးမှ အရယ်တစ်ဝက်နှင့် ဆက်ပြောသည်။

"အဲလိုလည်း မဟုတ်ပါဘူးရှင်၊ ကျွန်မတို့ရွာက ပွဲတော်က ကျွန်မတို့ရွာက လူတွေနဲ့ပဲ သက်ဆိုင်တာပါ။ ရှင်တို့လို တစ်ခါတစ်ရံ ရောက်လာတဲ့သူတွေနဲ့ မဆိုင်ပါဘူး။ ရှင်ကတော့ ကောင်းကောင်းအိပ်လို့ရပါတယ်၊ အဲ ‥ ကျွန်မတို့ရွာက တစ်ယောက်ယောက် အိပ်ပျော်သွားရင်သာ ‥"



www.burmeseclassic.com

www.burmeseclassic.com



သူ သိချင်စိတ်ကို ထိန်းမရတော့သည့်ကြောင့် သူမ စကား မဆုံးခင် ဆက်မေးလိုက်မိသည်။

"ရွာထဲက တစ်ယောက်ယောက်အိပ်လိုက်မိရင် ဘာဖြစ် လဲဟင်"

"ဒီလိုညမျိုးမှာ ရွာထဲကတစ်ယောက်ယောက် အိပ်မိသွားရင်၊ သူ ဘယ်တော့မှ ပြန်နိုးမလာနိုင်တော့ဘူးလေ"

သူ ကောင်းကောင်း နားမလည်နိုင်ပေမဲ့ ဘာမှတော့ ထပ် မမေးဖြစ်ခဲ့။ အတွေးတချို့ကိုသာ ဖြန့်ကျက်နေမိတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com



(၃)

အိပ်မက်ရွာ ..။

နာမည်နှင့် ရွာ အထူးလိုက်ဖက်သည်ဟု ဆိုရမလိုပင် ဖြစ်သည်။ ရွာထဲကို ဝင်ပြီဆိုကတည်းက သူ့စိတ်ထဲမှာ ဖော်ပြရခက်သည့် ခံစားမှုတချို့ကို ခံစားနေရသည်။ တစ်ရွာလုံး မီးတွေ ထိန်လင်းနေအောင် ထွန်းထားကြသည်၊ လမ်းမတွေပေါ်မှာ ကလေးတွေ ပြေးလွှားဆော့ကစားနေကြသည်။ လူကြီးတွေကတော့ လူစိမ်းဖြစ်သည့်သူ့ကို ငဲ့ကြည့် ငဲ့ကြည့် လုပ်သွားကြသည်။ တချို့မျက်ဝန်းတွေက သူ့ကို မနှစ်သက်သလို၊ တချို့က စူးစမ်းသလို .. စသဖြင့် အဓိပ္ပာယ်ပေါင်းများစွာဖြင့်ပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထူးခြားသည်က သူမသည် ရွာထဲကို ရောက်ကတည်းက သူ့အပါအဝင် မည်သူ့ကိုမျှ စကားမပြောတော့ဘဲ ရွာလမ်းမအတိုင်း အေးဆေးစွာ လျှောက်လှမ်းနေ၏။ သူလည်း ထူးဆန်းသောမြင်ကွင်းများကို ငေးမောရင်းဖြင့်သာ တိတ်တဆိတ် လိုက်ပါလာခဲ့၏။

အိပ်မက်ရွာလေးသည် တကယ်အိပ်မက်ဆန်လွန်းနေသည်ဟု သူ ထင်သည်။ တည်းခိုနေထိုင်ကြသည့် အိမ်များသည်လည်း သူ မြင်ဖူးနေကြ အိမ်ပုံစံတွေလိုမဟုတ်ဘဲ ဖရုပ်ကို အမိုးအကာများ တပ်ပြီး အချွန်အတက်တွေနှင့် တန်ဆာဆင်ထားကြသည်။

တစ်နေရာအရောက်တွင် ကွင်းပြင်အပြည့် လူအများထိုင်ပြီး အငြိမ့်လိုလို ဇာတ်ပွဲလိုလို ကပြတီးခတ်နေသည်ကိုလည်း တွေ့ရသည်။ ဒါဟာ သူကြားနေရသည့် ညလုံးပေါက်ဆိုင်းတီးသည့်နေရာပင် ဖြစ်မည်ဟု သူ တွေးနေလိုက်သည်။ သူ့အရုပ်နှင့်သူ့ဇာတ်တော့ အဟုတ်ပင်။ တစ်နေရာအရောက်မှာတော့ လူကြီးပိုင်းများ စုဝေးနေသော နေရာတစ်ခုကို တွေ့ရပြန်၏။

သူ့အလယ်တွင် အသက်ကြီးကြီးလူတစ်ယောက် တုန်ယင်သလို (သို့မဟုတ်) တစ်စုံတစ်ယောက် ပူးဝင်နေသလို ပုံစံမျိုးဖြင့် တုန်ခါပြီး သူနားမလည်သော ဘာသာစကားမျိုးဖြင့် ကောင်းကင်ပေါ်သို့မော့ကာ အော်ဟစ်တိုင်တည်နေတာကိုလည်း တွေ့ရသည်။ လူကြီးတချို့က အမွှေးနံ့သာတိုင်ဟု ထင်ရသော အငွေ့တလူလူအတိုင်များကို ကိုင်ယမ်းပြီး တစ်စုံတစ်ခုကိုလည်း တီးတိုးသံပြိုင်ရွတ်ဖတ်နေကြသေးသည်၊ ဒါဟာ သူမလမ်းမှာ ပြောပြခဲ့သည့် နတ်ဆရာ၏ ဆုတောင်းပွဲဖြစ်ပုံလည်း ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သည့်ရွာကို ဝင်လာကတည်းက သူ သတိထားမိသော တစ်ခု တော့ ရှိသည်။ သစ်ပင်တွေရှိနေပါလျက်နှင့် လေမတိုက်သလို ခံစားနေ ရခြင်းဖြစ်သည်။ သစ်ရွက်တွေလှုပ်တာကို သူမတွေ့။ ခြောက်ကပ်ကပ် နိုင်သည်ဟု သူ ထင်မြင်နေမိသည်။ နောက်ပြီးတော့ သူမအပါအဝင် မည်သူမျှ ဖိနပ်မစီးကြတာကိုလည်း သူသတိထားမိသည်။ ဒါလည်း ဒီအိပ်မက်ရွာရဲ့ ဓလေ့တစ်မျိုးပဲထင်ပါရဲ့။

"ရှေ့နားဆိုရင် ကျွန်မတို့အိမ်ကို ရောက်ပြီ"

ပြောပြီး သူမက အစွန်ဆုံးက အိမ်တစ်လုံးထဲသို့ ဝင်သွား သည်။ သူလည်း အသာပဲ လိုက်ဝင်လာလိုက်သည်။ ထုံးစံအတိုင်း တစ်အိမ်လုံး လင်းထိန်နေသည်။ သူမက အိမ်အပေါ်တက်ခဲ့ဖို့ခေါ်တော့ သူလည်း အိမ်ပေါ်သို့ တက်လိုက်သွားသည်။

အိမ်ပေါ်ရောက်တော့ သူမက –

"ရှင် ဒီမှာ ခဏထိုင်ဦး၊ ကျွန်မ ရှင်စားဖို့အတွက် တစ်ခုခု စီစဉ်လိုက်ဦးမယ်"

"ဟာ ‥ နေပါစေ ဘာညာ"ဟုပင် သူ ဟန်မဆောင်နိုင်အား ပါ။ ဗိုက်က အတော်ကို ဆာလောင်နေခဲ့ပြီဖြစ်သဖြင့် ခေါင်းညိတ်၍ပင် ပြလိုက်သည်။ သူမကတော့ နောက်ဖေးဟုထင်ရသော တစ်ဖက်အခန်း ဘက်သို့ ဝင်သွားသည်။ သူလည်း ဘာရယ်မဟုတ် အိမ်ထဲကို လျှောက် ကြည့်နေမိသည်။ ထူးဆန်းမှုတွေကတော့ များသည်ဟု ဆိုရမည်ဖြစ် သည်။ သူမတို့အိမ်ထဲတွင် တခြား ဘာအိုးပစ္စည်းမှုလည်း မရှိ၊ တခြား ဘာကြည့်စရာမှုလည်း ထွေထွေထူးထူးမတွေ့ရသလို သူမှ လွဲ၍လည်း တခြားလူ ဘယ်သူ့ကိုမှုလည်း မတွေ့ရ။



www.burmeseclassic.com

www.burmeseclassic.com



နတ်ဆရာရဲ့ ဆုတောင်းပွဲကို သွားနေကြသလား၊ ဒါမှမဟုတ် ဆိုင်းသံတွေဆီမှာများ ရောက်နေကြသလား၊ သူ့အတွေး မဆုံးခင်မှာတင် သူမက အငွေ့တထောင်းထောင်းထနေသော စားသောက်ဖွယ်ရာ အချို့နှင့်အတူ ရောက်လာခဲ့သည်။ သူမ မနိုင်မနင်းမို့ သူထပြီး ကူသယ်ပေးလိုက်သည်။

"ရှင် ဗိုက်တော်တော်ဆာနေပြီထင်တယ်၊ အရင် စားလိုက်ဦး"

"အင်း ‥ ဗိုက်ကတော့ ဆာနေပြီဗျ။ ဒါနဲ့ မိန်းကလေးလည်း ကျွန်တော်နဲ့အတူ ဝင်စားလေ"

"နေပါစေ ‥ ရှင်တစ်ယောက်ပဲ စားပါ။ ကျွန်မတို့မှာ လူတွေနဲ့ တစ်တန်းတည်းထိုင်စားဖို့ အခွင့်အရေး မရှိပါဘူး"

"ဗျာ ‥"

"ဩော် ‥ ဒီလိုပါ။ ကျွန်မတို့ရွာက လူတွေက ဘယ် သူစိမ်းဧည့်သည်နဲ့မှ အတူတူထိုင်စားခွင့်မရှိဘူးလို့ ပြောတာပါ။ ဒါ ကျွန်မတို့ အိပ်မက်ရွာရဲ့ စည်းကမ်းပါ"

သူ သဘောသိပ်မကျပေမဲ့လည်း သူမက အိမ်ရှင်မို့ ဘာစောဒကမှ ဆက်မတက်ဖြစ်တော့ဘဲ ငြိမ်ပဲနေမိသည်။

"စားနော် ‥ ဘာမှ အားမနာနဲ့ ‥ ကျွန်မ နောက်မှာ လုပ်စရာရှိတာတွေ သွားလုပ်လိုက်ဦးမယ်"

သူမက ပြောပြီး သူ့အဖြေမပြောခင်မှာတင် ထထွက်သွားသည်။ သူလည်း သူမထထွက်သွားပြီးနောက် ဘာမှ ရှည်ရှည်ဝေးဝေး တွေးမနေတော့ဘဲ ဗိုက်ဖြည့်ရန်သာ စတင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခက်တော့ခက်ချေပြီ။ သင်တို့ ကျွန်ုပ်တို့ စားသောက်သလို ပန်းကန်နှင့် လာချခြင်းမျိုး မဟုတ်။ ငှက်ပျောရွက်နှင့် စားသောက်ဖွယ်ရာအချို့ကို လာချပေးခြင်းသာ ဖြစ်သည်။ ဖြူစင်းနေသော အငွေ့တထောင်းထောင်းထ ထမင်းနှင့် ဘာဟင်းမှန်းမသိသည့် ဟင်းတချို့ကို တွေ့ရသည်။ အန့်ကတော့ မွှေးနေသည်။ သူ လက်ဆေးရန် ရေရှာသော်လည်း မတွေ့၊ အိမ်ရှင်ကို အော်တောင်းရန်လည်း မသင့်သဖြင့် ဒီအတိုင်းပဲ သူ ပယ်ပယ်နယ်နယ် နှယ်ဖတ်ပြီး စားလိုက်သည်။

အားပါးပါး ကောင်းလိုက်သည့် အရသာ။ ဗိုက်ဆာနေ၍လား၊ ဟင်းချက်သူ လက်ရာကောင်း၍လားတော့ မသိ။ စား၍ တော်တော်မြိန်လွန်းသည်။ သူလည်း ကြိုက်မရှက် ငတ်မရှက်ဆိုသည့်အတိုင်း ဘယ်နှလုတ်မှန်းမသိဘဲ တစ်လုတ်ပြီးတစ်လုတ်သာ ဆက်တိုက်စားပစ်လိုက်တော့သည်။ သူစားပြီးချိန်ရောက်မှ သူမရောက်လာပြီး ငှက်ပျောရွက်တွေကို လာသိမ်းသွားပြီး သူ့အနားမှာ လာထိုင်သည်။

''ရှင် စားလို့မှ အဆင်ပြေရဲ့လား''

''အဆင်ပြေပါသော်ကောဗျာ၊ အကုန်ပြောင်သွားတာသာ ကြည့်ပါတော့၊ ကျွန်တော့်တစ်သက်စားဖူးတဲ့ လက်ရာတွေထဲမှာ ဒီည လက်ရာက အကောင်းဆုံးပဲ''

သူ့အပြောကို သူမကတော့ ပြုံး၍ပင် နားထောင်နေ၏။

''ဒါနဲ့ မိန်းကလေး၊ မိန်းကလေးတို့အိမ်မှာ ဘယ်သူမှလည်း မတွေ့ပါလား''

''ဘယ်တွေ့ပါ့မလဲရှင်၊ ဘယ်သူမှမ မရှိတာ ။ ။''



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ၊ ဒါဆို ဒီအိမ်မှာ မိန်းကလေးတစ်ယောက်တည်းနေတာပေါ့"

သူမ ခေါင်းညိတ်ပြတော့ သူ အတော်ကလေး အံ့သြသွားပြီးနောက် သူမအကြောင်းကို ပိုမိုစိတ်ဝင်စားလာမိသည်ကြောင့် ပွင့်ပွင့်လင်းလင်း စပ်စုနေလိုက်သည်။

"မိဘတွေက ဆုံးသွားကြတာလား မိန်းကလေး"

"အင်း . . ဆိုပါတော့ရှင်"

"ဒါနဲ့ မိန်းကလေးမှာ အိမ်ထောင်တွေ ဘာတွေရော . ."

"ဘယ်နဲ့ပြောပါလိမ့်ရှင်၊ ချစ်သူရည်းစားတောင်မရှိသေးတဲ့ ကျွန်မက ဘယ်လိုလုပ် အိမ်ထောင်ရှိနိုင်မှာလဲရှင်"

သူ့စကားမဆုံးခင် သူမက အထက်ပါအတိုင်း အရယ်တစ်ဝက်နှင့် ဖြတ်ပြောလာခဲ့သည်ကြောင့် အားတုံ့အားနာပင် ဖြစ်သွားမိသွားသည်။

"မိန်းကလေးက ဒီလောက်ချောမောလှပတာပဲ၊ ချစ်ရမယ့်သူမရှိသေးဘူးဆိုတော့ ဟုတ်ပါ့မလား"

"တကယ်ပြောတာပါရှင်၊ ကျွန်မက ခုချိန်ထိ တစ်ကိုယ်ရည်တစ်ကာယသမားလေးပါ"

"အင်း . . မိန်းကလေးမှာ မိဘဆွေမျိုးတွေလည်း မရှိတော့ဘူး။ ပြီးတော့ အားကိုးအားထားပြုစရာ ယောကျ်ားသားကလည်း မရှိနဲ့၊ တစ်ယောက်တည်း ရှာဖွေစားသောက်ရတာ အဆင်ရောပြေရဲ့လား မိန်းကလေး"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားအဆုံးမှာ နှစ်ယောက်သားအကြည့်ချင်း ဆုံသွားကြသည်။ သူမမျက်နှာမှာ ရှက်ရွံ့မှုတို့ စွန်းထင်နေသည်ဟုတော့ သူထင်သည်။ အဘယ်ကြောင့်ဆိုသော် ထိုစကားပြောမိသည့် ကာယကံရှင်သူကိုယ်တိုင်ပင်ပြောပြီးမှ ရင်ထဲမှာ တစ်မျိုးကြီးဖြစ်သွားမိသည်။ သူမနှင့်မျက်ဝန်းချင်းဆုံမိတော့ ရင်ထဲက တစ်မျိုးကြီးက ပို၍ ဆိုးသွားပုံရသည်။

လူပျိုလေးတစ်ယောက်နှင့် အပျိုလေးတစ်ယောက်တို့၏ ညကတာကယ် အိပ်မက်ဆန်လွန်းပါသည်။ တစ်ယောက်နှင့်တစ်ယောက်အချိန်အတော်ကြာ စကားမပြောမိကြဘဲ တစ်ယောက်ကိုတစ်ယောက်ရှက်ရွံ့အားနာနေကြမိသည်။ ပြီးမှ အိမ်ရှင်ဖြစ်သည့် သူမဘက်မှ စကားစလာခဲ့သည်။

"ရှင် ခရီးပန်းနေတယ်မို့လား။ အိပ်ချင်ရင် အိပ်တော့လေ"

"ဟို နေပါစေ မိန်းကလေး။ ကျွန်တော် မအိပ်ချင်သေးပါဘူး"

"မညာပါနဲ့ရှင်၊ ရှင် ဒီလောက် ပင်ပန်းလာတာ နားချင်ရောပေါ့"

"နေပါစေ မိန်းကလေးရယ်၊ ဒီညက မိန်းကလေးတို့အိပ်မက်ရွာရဲ့ နှစ်နှစ်တစ်ကြိမ်ကျင်းပတဲ့ မအိပ်ပွဲတော်ညမဟုတ်လား။ ပြီးတော့ နှစ်ယောက်တည်းရှိတဲ့ ဒီအိမ်မှာကျွန်တော်က အိပ်နေပြီး မိန်းကလေးက ထိုင်နေရမှာဆိုတော့မကောင်းပါဘူးဗျာ၊ ကျွန်တော်လည်း မိန်းကလေးအဖော်ရအောင် မအိပ်တော့ဘဲ တစ်ညလုံး ထိုင်စကားပြောကြတာပေါ့ဗျာ၊ မကောင်းဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



''မကောင်းပါဘူး''

''ဗျာ''

ရုတ်တရက် သူမ စကားကြောင့် သူ ကြောင်သွားမိသည်။ ပြီးတော့ သူမရဲ့ ပျက်ယွင်းသွားသည့် မျက်နှာအနေအထားကိုလည်း သူ သတိထားမိလိုက်သည်။ သူမကတော့ ပျက်ယွင်းနေသော မျက်နှာကို အနည်းငယ်ပြင်ဆင်ပြီး ဆက်ပြောသည်။

''ဒီလိုပါ၊ ရှင်က ဒီရွာရဲ့ ဧည့်သည်လေ၊ ကျွန်မတို့ရွာမှာ ရောက်တုန်း ကျွန်မတို့ဘက်က ဧည့်ဝတ်ကျေရမှာပေါ့၊ ကျွန်မကြောင့် ဧည့်သည်ဖြစ်တဲ့ရှင့်မှာ တစ်ညလုံး မအိပ်ရဘူး ဆိုတော့ မကောင်းပါဘူးရှင်''

''ကျွန်တော်ကိုယ်တိုင်က မအိပ်ချင်ဘဲ ဒီကမိန်းကလေးနဲ့ တစ်ညလုံး ထိုင်စကားပြောချင်တယ်ဆိုရင်ရော''

''ရှင်''

''မိန်းကလေး စိတ်ဆိုးမယ်ဆိုရင်လည်း ဆိုးပါတော့၊ ကျွန်တော် မိန်းကလေးကို ပွင့်ပွင့်လင်းလင်းပဲ ပြောပါရစေဗျာ။ ကျွန်တော်က ခရီးသွားတစ်ယောက်ဆိုပေမဲ့ လူကောင်း သူကောင်းတစ်ယောက်ပါ၊ ပြီးတော့ ကျွန်တော်ကလည်း လူပျိုတစ်ယောက်ပါ''

''အို၊ အဲဒါ ကျွန်မနဲ့ ဘာဆိုင်လို့တုန်း''

''ဆိုင်လာမယ်ထင်လို့ ကျွန်တော် ပြောပြနေတာပါ မိန်းကလေးရယ်''



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား မျက်လုံးချင်း ဝတ်မှုန်ကူးမိကြပြန်သည်။ အရင်ဆုံး မျက်နှာလွှဲသူက သူမ။

"ဟုတ်တယ် မိန်းကလေး၊ ပြီးတော့ ဒီက မိန်းကလေးက လည်း အပျိုစင်မိန်းကလေးတစ်ယောက်၊ ပြီးတော့ ကျွန်တော် ဒီက မိန်းကလေးကို မြင်မြင်ချင်းချစ်မိသွားပြီထင်တယ်ဗျာ"

ရုတ်တရက် အစီစဉ်မကျသော သူ့စကားလုံးတွေအောက်မှာ နှစ်ယောက်စလုံး ရင်ခုန်မှု၊ အံ့ဩမှုတွေ ပရမ်းပတာ စည်းလွတ်ဝါးလွတ် ကခုန်နေသည်။ ကြားနေရသည့် ဆိုင်းသံ ပုံသံတွေထက် ကိုယ်စီ ရင်ခုန် သံတွေက ပိုမိုညံ့ဝေနေကြ၏။

တစ်ယောက်နှင့်တစ်ယောက် အချိန်အတော်ကြာအောင် ငေး ကြည့်ပြီး နှုတ်ဆိတ်နေကြသည်။ အိပ်မက်ဆန်သော ည တစ်ညမှာ အိပ်မက်ဆန်သော မိန်းမပျိုလေးတစ်ယောက်ကို အိပ်မက်ဆန်ဆန် ဆုံတွေ့ခဲ့ပြီး၊ အိပ်မက်ရွာကလေးထဲက အိပ်မက်အိမ်လေးထဲမှာ အိပ် မက်ဆန်သော အချစ်တချို့ ပြေးလွှားဝဲလျက် ပျံဝဲနေ၏။

"ကျွန်တော် ဒီက မိန်းကလေးကို မြင်မြင်ချင်းချစ်မိသွား တယ်၊ ကျွန်တော့်ကို ပြန်ချစ်ပါလို့ မျှော်လင့်တောင်းဆိုပါရစေ မိန်းကလေး"

"အို မဖြစ်နိုင်ပါဘူးရှင်၊ လုံးဝ မဖြစ်နိုင်ပါဘူး"

"ဘာကြောင့် မဖြစ်နိုင်ရမှာလဲ ‥ မိန်းကလေးရယ်"

"မဖြစ်နိုင်ပါဘူးရှင်ရယ်၊ ကဲကဲ အချိန်လည်း လင့်နေပြီဆို တော့ မနက် ရှင်နိုးတာနဲ့ ကျွန်မတို့နဲ့ ဘာမှ ပတ်သက်စရာမှ မရှိတော့ တာရှင်ရယ်၊ မဟုတ်တဲ့အကြောင်းတွေ မပြောပါနဲ့



www.burmeseclassic.com

www.burmeseclassic.com



တော့ရှင်''

''မဟုတ်သေးဘူး မိန်းကလေး၊ ကျွန်တော်နဲ့ မနက်မိုးလင်းတာနဲ့ ပတ်သက်စရာမရှိတော့ဘူးလို့ ဘာကြောင့်ပြောရတာလဲ မိန်းကလေး''

''ဟုတ်တယ်လေ၊ ရှင်က ညှိသည်တစ်ယောက်ပဲ၊ အချိန်တန်ရင် အိမ်ပြန်ရမှာပေါ့''

''ကျွန်တော်က အချိန်တန်ပေမဲ့ အိမ်မပြန်သေးဘူးဆိုရင်ရော၊ ပြီးတော့ ကျွန်တော်ပြန်မယ့်အိမ်ကို ဟောဒီက မိန်းကလေးကို ခေါ်သွားမယ်ဆိုရင်ရော ..''

နှစ်ယောက်သား တုန်ရီအေးစက်စွာ ငေးကြည့်နေမိပြန်သည်။ အဆုံးမှာတော့ သူမဘက်ကသာ မဖြစ်နိုင်ခြင်းများစွာကို ခေါင်းတခါခါနှင့် ပြောပြနေလေတော့သည်။

''တကယ်ပြောတာပါရှင်၊ ရှင်နဲ့ကျွန်မနဲ့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူးရှင်၊ ရှင် စိတ်ကူးယဉ်မနေပါနဲ့တော့''

''ဘာလို့ မဖြစ်နိုင်ရမှာလဲ မိန်းကလေးရယ်၊ ကျွန်တော့်ကို မယုံကြည်လို့လား၊ ဒါမှမဟုတ် ခုတွေ့ပြီး ခုပဲ ဒီစကားမျိုး ပြောလို့ အထင်သေးနေတာလား မိန်းကလေး''

''ကျွန်မ ရှင့်ကို မယုံကြည်လို့လည်း မဟုတ်ပါဘူး၊ အထင်သေးလို့လည်း မဟုတ်ပါဘူးရှင်၊ တကယ်တော့ ရှင်နဲ့ ကျွန်မက ပေါင်းစပ်လို့ကို မရနိုင်လို့ပါရှင်''

''ဒါဆိုရင် ကျွန်တော်နားလည်လက်ခံအောင် အကြောင်းပြချက်ပေးပါလား မိန်းကလေး၊ ဒါမှမဟုတ် မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်က ကျွန်တော့်ကို မေတ္တာ မထားနိုင်လို့လားဗျာ''

သူမက သက်ပြင်းသဲ့သဲ့ကို ချသည်။ နောက် ခေါင်းကို ခပ်ဖြည်းဖြည်း ခါယမ်းသည်။ ပြီးမှ သူ့ကို တိုးသဲ့စွာဖြေသည်။

''ရှင် နားမလည်နိုင်တဲ့၊ ရှင်မသိနိုင်တဲ့အကြောင်းအရာတွေ အများကြီးရှိနေသေးသလို၊ ရှင်နဲ့ ကျွန်မ ဘယ်လိုမှ မဖြစ်နိုင်တဲ့ ကိစ္စတွေလည်း ရှိနေပါသေးတယ်၊ ကျွန်မ ရှင့်ကို သဘောကျပါတယ်၊ ဒါပေမဲ့ ရှင်နဲ့ ကျွန်မက ပေါင်းဖက်ခွင့် ရခဲ့ရင်တောင် မိုးမလင်းခင်အချိန်အထိပဲ''

သူမက ပြောပြနေရင်းမှ ရုတ်တရက် စကားကို ဖြတ်ချပစ်လိုက်ပြီး –

''ကဲပါရှင်၊ ကျွန်မတို့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး၊ ဒီတော့ ရှင်လည်း ဘာမှ ရှည်ရှည်ဝေးဝေး တွေးမနေဘဲ အိပ်ပျော်အောင် အိပ်လိုက်တာ အကောင်းဆုံးပါပဲရှင်''

''စကားလမ်းတွေ မလွှဲလိုက်ပါနဲ့မိန်းကလေးရယ်၊ ကျွန်တော့်ဘက်က မိန်းကလေးကို ခု ညမှ စတွေ့ပြီး ဒီလိုစကားမျိုး ပြောတယ်ဆိုပေမဲ့ ကျွန်တော့်ရင်ထဲက မေတ္တာစစ် မေတ္တာမှန်နဲ့ ဒီစကားမျိုးကို ပြောတာပါ မိန်းကလေးရယ်၊ ဒီလိုခံစားချက်မျိုးနဲ့ ကျွန်တော်က ဒီညကို ဘယ်လိုလုပ် အိပ်ပျော်နိုင်မလဲ''

''ရှင် အရမ်းပင်ပန်းနေပြီ၊ အားရှိသွားအောင် ရှင် အိပ်မှ ရမယ်၊ ပြီးတော့ မနက်ကျရင်လည်း ရှင် ခရီးဆက်ရဦးမယ် မဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ခရီးမဆက်ရရင်လည်း မဆက်ရပါစေနဲ့တော့၊ ဒီအိပ်မက်ရွာလေးမှာပဲ တစ်သက်လုံးနေရမယ်ဆိုရင်လည်း နေရပါစေတော့ဗျာ၊ ကျွန်တော်တော့ မိန်းကလေးဆီက အချစ်ကို မရရင် ဒီနေရာမှာ ဒီအတိုင်းပဲ ထိုင်နေလိုက်တော့မယ်ဗျာ၊ ဘယ်ကိုမှလည်း မသွား၊ ဘာကိုမှလည်း မလုပ်တော့ဘူးဗျာ"

ဖွတ်တရွတ်ဆန်သော သူ့တောင်းဆိုမှုတွေအောက်မှာ သူမ အတော်အခက်တွေ့နေပုံလည်း ရသည်။ သက်ပြင်းကို အခါခါချပြီး ခေါင်းကိုသာ ယမ်းနေ၏။

"ဘယ်လိုပြောရမလဲ၊ ခက်လိုက်တာရှင်၊ ခက်လိုက်တာ . ."

"မခက်ပါဘူး မိန်းကလေးရယ်၊ ကျွန်တော်လိုချင်တဲ့အဖြေကို ပေးလိုက်ရင် ပြီးတာပဲကို . ."

သူမက သူ့ကို ငေးစိုက်ကြည့်ပြီး တစ်ခုခုကို အလေးအနက်စဉ်းစားခုံးဖြတ်နေပုံရသည်။ နှစ်ယောက်သားအကြည့်ချင်းလည်း မလွှဲဖယ်ဖြစ်။ အဆုံးမှာတော့ သူမက သက်ပြင်းတစ်ချက်ကို လေးလေးပင့်ပင့် ချလိုက်ပြီး ဝါကျအချို့ကို ပြောလာ၏။

"ရှင့်ကို ကျွန်မ အဖြေပေးရင် ရှင် ကျွန်မစကားကို နားထောင်မှာလား"

"ဟာ . . တကယ်လား၊ ကျွန်တော့်ကို မိန်းကလေးက အဖြေပြန်ပေးမယ်ဆိုရင် ကျွန်တော် မိန်းကလေးစကားကို နားထောင်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ပြီ၊ ဒါဆိုရင် ကျွန်မ ရှင့်ကို အဖြေပေးပြီးရင် ရှင် အိပ်ပျော်အောင် အိပ်ရမယ်၊ ပြီးတော့ မနက်မိုးလင်းတော့မှ ရှင်နဲ့ ကျွန်မတို့နှစ်ယောက်ရဲ့ ရှေ့ဆက်ရမယ့်အစီအစဉ်ကို သေချာခွေးနွေးတိုင်ပင်ကြတာပေါ့၊ ဘယ်လိုလဲ ရှင် ကျွန်မ ပြောတာကို သဘောတူရဲ့လား''

သူက သူမကို ပြုံးပြုံးကြီး ငေးကြည့်ပြီး ကျေနပ်စွာ ခေါင်း ညိတ်ပြလိုက်တော့ သူမက ဆက်ပြောသည်။

''ဟုတ်ပြီ၊ ဒါဆို ရှင် ခု အိပ်တော့နော်၊ ရှင် အရမ်းပင်ပန်း နေတာ ကျွန်မ သိပါတယ်''

''ဟာ နေဦးလေ၊ ကျွန်တော် အိပ်လိုက်လို့ မရသေးဘူးလေ''

''ဘာဖြစ်လို့လဲဟင်''

''ဘာဖြစ်ရမှာလဲ မိန်းကလေးရဲ့၊ မိန်းကလေးမှ ကျွန်တော့် ကို အဖြေမပေးရသေးတာ၊ ပြောပါဦး မိန်းကလေးရဲ့။ ကျွန်တော့်ကို ချစ်ရဲ့လားဟင်''

သူမက ချိုရီညင်သာသောအကြည့်တွေဖြင့် သူ့ကို ငေးကြည့် ပြီးပြုံးကာ ခေါင်းငြိမ့်ပြ၏။ သူ့ရင်ထဲမှာတော့ ရွာထဲက ဆိုင်းသံတွေနှင့် အပြိုင် ရင်ခုန်သံတွေ ကျယ်လောင်လာနေ၏။

''ကျွန်မ ရှင့်ကို ချစ်ပါတယ်''

''ဝမ်းသာလိုက်တာ မိန်းကလေးရယ်၊ ကိုယ့်ဘဝမှာ ဒီနေ့ ညဟာ အပျော်ရွှင်ဆုံးပါပဲ မိန်းကလေးရယ်''

သူက အချစ်ရဲ့စွမ်းအားအတိုင်းပြောရင်းမှ သူမကိုယ်ခန္ဓာ လေးကို ပွေ့ဖက်ထားလိုက်မိသည်။ သူမကလည်း အလိုက်သင့် ငြိမ်ငြိမ်ပွေ့



www.burmeseclassic.com

www.burmeseclassic.com



ဖက်ထား၏။ အတော်ကြာတော့မှ သူမ အနည်းငယ် ရှန်းဖယ်ရင်း ပြော၏။

"ကဲ ရှင်လိုချင်တဲ့ အဖြေလည်းရပြီဆိုတော့ အိပ်တော့လေ"

"ခဏနေပါဦး မိန်းကလေးရယ်၊ ကျွန်တော် ပွေ့ဖက်ထားပါရစေဦး"

သူမလည်း သူ့သဘောအတိုင်း ငြိမ်သက်နေပေးလိုက်၏။ သူမစိတ်ထဲမှာတော့ မဖြစ်သင့် မဖြစ်အပ်သောကိစ္စတစ်ခုကို သူမ ကျူးလွန်လိုက်မိပြီဆိုတာကို ကောင်းကောင်းသိနေသည်။ သို့သော်လည်း သူမ၏ စိတ်နှလုံးသားကို လူသားတစ်ယောက်က သိမ်းပိုက်သွားခြင်းကို သိသိလျက်နှင့် မလွန်ဆန်နိုင်ဘဲ ပျော်ဝင်သွားမိသည်။

အိပ်မက်ရွာကလေးကတော့

ဆိုင်းသံဗုံသံတွေ ဆူညံနေဆဲ . . .

နတ်ဆရာတို့ ကောင်းကင်ဘုံကို ဆုတောင်းနေဆဲ . .

ကလေးတွေ လမ်းမထက်မှာ ပြေးလွှားဆော့ကစားနေဆဲ . .

သူနှင့် သူမတို့ နှစ်ယောက်ကတော့ အိမ်ကလေးတစ်လုံးထဲမှာ . . ပင့်သက်ရှိုက်ငင်မှုတွေနဲ့အတူ အချစ်ရဲ့ပြင်းရှသော ဆွဲအားအောက်က သုခဘုံအလယ်မှာ . . အချိန်တွေ . . နာရီတွေ . . မိနစ်တွေ . . ။

■



www.burmeseclassic.com

www.burmeseclassic.com



(၄)

အိပ်မက်ရွာလေး၏

မအိပ်ပွဲတော်ည တစ်ညတွင်

အချစ်တွေနဲ့အတူ အိပ်ပျော်သွားသောသူတစ်ယောက် ရှိခဲ့ဖူးသည်။

■



www.burmeseclassic.com

www.burmeseclassic.com



(၅)

လူအုပ်တချို့ တောထဲမှာ တစ်စုံတစ်ယောက်ကို အော်ဟစ်ရှာဖွေနေကြသည်။ ထိုစဉ် လူအုပ်ထဲမှတစ်ယောက်က ..

"ဟာ .. ဟိုမှာ .."

အားလုံးရဲ့ အကြည့်တွေနှင့် ခြေလှမ်းတွေက ထိုနေရာသို့ ရောက်ရှိသွားကြပြီး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေမိကြသည်။

"ဟာ .. တွေ့ပြီ၊ လိုက်ရှာနေတာ .. သူပဲ"

"သူ .. အသက်ရှိသေးရဲ့လား"

"ဘာ ဒဏ်ရာဒဏ်ချက်မှတော့ မရှိဘူး"

" ....."

စသဖြင့် မှတ်ချက်များနှင့်အတူ တစ်ယောက်နှင့်တစ်ယောက် ထင်မြင်ချက်တွေ ပေးနေကြ၏။

■



www.burmeseclassic.com

www.burmeseclassic.com



(၆)

လူတစ်ယောက် ..

အိပ်ပျော်နေသော လူတစ်ယောက် ...

မကြီးမငယ်အရွယ်အစားရှိသော ချုံပုတ်တစ်ခုပေါ်တွင် လူတစ်ယောက်အိပ်ပျော်နေ၏။ အိပ်ပျော်နေသော သူ့ကို ကြည့်ပြီး လူအုပ်ထဲမှ အသက်ခပ်ကြီးကြီးတစ်ယောက်မှ သူ့အနားကိုကပ်ပြီး လှုပ်နှိုးနှိုးလိုက်၏။

"မောင်ရင်လေး၊ မောင်ရင်လေး .."

မလှုပ်မယှက်အနေအထားကြောင့် လူအုပ်ထဲမှ တစ်ယောက်က မှတ်ချက်ဝင်ပြုသည်။

"သူ သေများ သွားပြီလားမသိဘူး"

"ဟာ .. ပေါက်ပေါက်ရှာရှာ မသေပါဘူး၊ ဒီမှာ အသက်ရှူနေတာ မတွေ့ဘူးလား၊ သူ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလူနှယ် အိပ်စရာရှားလို့ ဒီချုံပေါ်မှ တက်အိပ်နေရတယ် လို့၊ ငါတို့မှာတော့ ရွာလူကြီးအမိန့်နဲ့ တစ်ညလုံးလိုက်ရှာနေ လိုက်ရတာ၊ သူကတော့ ဒီမှာ ကောင်းကောင်းအိပ်ပျော်နေ တယ်"

ပွစိပွစိလုပ်နေသောထိုသူကို ခေါင်းဆောင်ဖြစ်ဟန်တူသော အသက်ခပ်ကြီးကြီးလူက -

"ကဲ . . လောရှည်၊ မင်းထင်တာတွေ လျှောက်ပြောမနေ နဲ့ဦး၊ သူ့မှာလည်း သူ့အကြောင်းနဲ့သူ ရှိမှာပေါ့၊ မောင်ရင် လေး၊ မောင်ရင်လေး ထပါဦး"

ထိုလူကြီးကပြောရင်းမှ တစ်ဆက်တည်းဆိုသလို သူ့ကိုလည်း လှုပ်နှိုးရင်းပြောလိုက်ရာ သူအနည်းငယ် လူးလွန့်လာပြီး ပါးစပ်ကလည်း တီးတိုးပြောဆိုလာ၏။

"မိန်းကလေး . . မိန်းကလေး"

"မောင်ရင်လေး နိုးလာပြီလား"

သူ ကောင်းကောင်းသတိရပြီး နိုးထချိန်မှာတော့ သူအတော် လေး အံ့အားသင့်နေမိသည်။ အနားမှာ သူတည်းခိုခဲ့သော ရွာမှလူများ ဖြစ်နေသောကြောင့်ပင် ဖြစ်သည်။ ဘေးပတ်ဝန်းကျင်အခြေအနေကို ကြည့်တော့လည်း အိပ်မက်ရွာလေးထဲမှာမဟုတ်မှန်း သူသတိထားမိ လိုက်သည်။ လက်ရှိ သူတောထဲက ချုံပုတ်ပေါ်မှာ အိပ်ပျော်နေမှန်း သိတော့ ပို၍လည်း အံ့သြနေမိသည်။

"တော်သေးတာပေါ့ မောင်ရင်လေးရယ်၊ မသေကောင်း မပျောက်ကောင်း ပြန်တွေ့ရလို့။ ဦးကြီးတို့တစ်တောလည်း



www.burmeseclassic.com

www.burmeseclassic.com



ရွာလူကြီးရဲ့အမိန့်နဲ့ တောထဲမှာ တစ်ညလုံး မောင်ရင်လေးကို လိုက်ရှာနေခဲ့တာကွဲ့''

''ဗျာ ..''

''မဗျာနဲ့၊ ဒီတောက တောကောင်တွေပေါတဲ့အပြင် အလွန်ကြမ်းတဲ့တော''

''ဟုတ်ကဲ့၊ ဒါနဲ့ အခုက ကျွန်တော် ဘယ်နေရာကိုရောက်နေတာလဲဗျ''

''ဘယ်နေရာကို ရောက်ရမှာလဲ မောင်ရင်လေးရယ်၊ တောထဲမှာပဲပေါ့၊ မောင်ရင်က ဒီအပေါ်မှာ အိပ်ပျော်နေတာတွေ့လို့ ခုပဲ ဦးကြီးက နှိုးလိုက်တာ''

ဦးကြီးအပြောကြောင့် သူ အတော်ကလေး ဇဝေဇဝါဖြစ်သွားမိသည်။ တစ်ခုခုလွဲမှားနေပြီဖြစ်ကြောင်းလည်း သတိပြုနေမိသည်။

''မဟုတ်သေးပါဘူး၊ ကျွန်တော်ညက ဒီတောထဲမှာ အိပ်တာမဟုတ်ပါဘူး၊ အိပ်မက်ရွာဆိုတဲ့ ရွာကလေးမှာ အိပ်တာပါ၊ အဲဒီရွာမှာ ညက မအိပ်ပွဲတော်တောင် ရှိတယ်လေ၊ ဒါနဲ့ ညက ကျွန်တော့်ကို ကူညီပေးတဲ့မိန်းကလေးကိုရော တွေ့မိကြသေးလား''

သူ့အပြောကို နားထောင်နေကြသော လူအုပ်က နားမလည်တာကိုတော့ မျက်နှာတွေပေါ်မှာ အထင်းသား တွေ့မြင်နေနိုင်ပါသည်။ တစ်ယောက်နှင့်တစ်ယောက် နားမလည်နိုင်သလိုလည်း ငေးကြည့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဗျာ၊ အရပ်ရှည်ရှည်၊ အသားဖြူဖြူနဲ့ ဆံပင်က ကျော လယ်လောက်ရှိတဲ့ ကောင်မချောချောလေးလေဗျာ"

"မောင်ရင်လေးကလွဲလို့ ဒီနေရာမှာ တစ်ယောက်မှ ဦးကြီး တို့ ရှာမတွေ့ပါဘူး။ ပြီးတော့ မောင်ရင်လေးပြောနေတာတွေ လည်း ဦးကြီးတို့ သိပ်နားမလည်ဘူးကွဲ့"

"ဒီလိုဦးကြီးရာ၊ ကျွန်တော်ညအထိ ဒီတောကြီးထဲမှာ တစ်ယောက်တည်း မျက်စိလည်လမ်းမှားနေခဲ့တယ်၊ အဲဒီ အချိန်မှာ မထင်မှတ်ဘဲ အိပ်မက်ရွာက မိန်းကလေး တစ်ယောက်နဲ့ တွေ့တယ်။ နောက်ဆုံး ကျွန်တော် သူတို့ရွာ ကို လိုက်ပြီး ညကတည်းခိုရင်း အိပ်ပျော်သွားတယ်၊ ခု နိုးလာတော့ ဒီနေရာမှာ ဖြစ်နေတယ်"

သူ့စကားဆုံးတော့ ဦးကြီးက ခေါင်းတညိတ်ညိတ်လုပ်ပြီး ပြော၏။

"မောင်ရင်လေး၊ ဦးကြီးတို့ ဒီမှာနေလာတာ နှစ်ပေါင်း မနည်း တော့ဘူးကွဲ့၊ ဟိုဘက်မှာ ကလေးမမွေးတဲ့ရွာ၊ ဆက်သွား ရင် အရှုံးရွာကို ရောက်မယ်၊ ဒီဘက်ကိုသွားရင်တော့ ပြောင်းပြန်ရွာရှိတယ် ..အဲ မောင်ရင်လေး စောစောက ပြောတဲ့ အိပ်မက်ရွာဆိုတာကိုတော့ ခုချိန်ထိ ဦးတို့လည်း မကြားဖူးဘူး၊ ပြီးတော့ ဒီတောပတ်ဝန်းကျင်မှာလည်း ဘာ ရွာမှ မရှိပါဘူး"

"မဟုတ်သေးဘူး ဦးကြီး၊ ကျွန်တော်ညက အိပ်မက်ရွာမှာ တည်းခိုခဲ့တာ၊ အဲဒီတစ်ရွာလုံး မီးတွေထိန်နေအောင် ထွန်း



www.burmeseclassic.com

www.burmeseclassic.com



ထားကြတယ်၊ ပြီးတော့ တစ်ယောက်မှ အိပ်လို့မရတဲ့ မအိပ်ပွဲတော်ဆိုတာကိုလည်း ဆိုင်းတွေဗုံတွေတီးပြီး ကျင်းပနေကြတယ်၊ အိပ်မက်ရွာဆိုတာ ရှိပါတယ်ဦးကြီး''

တစ်စုံတစ်ခုကို ကောင်းကောင်းသဘောပေါက်သွားသည့် ဦးကြီးက ခေါင်းတညိတ်ညိတ်လုပ်နေပြီးမှ စကားလမ်းကို လွှဲပြောလိုက်သည်။

''ဟုတ်ပါပြီလေ၊ အဲဒါဆိုရင်လည်း ရွာရောက်မှ ဆက်ပြောကြတာပေါ့၊ ကဲ နေမမြင့်ခင် တောထဲကနေ သွားကြစို့ရဲ့''

ဦးကြီးက သွားမည်ဟန်ပြင်တော့ သူ အလောတကြော တားမြစ်လိုက်မိ၏။

''ဟာနေကြပါဦး၊ ကျွန်တော့်မှာ လုပ်စရာတစ်ခု ရှိသေးလို့ပါ''

''မောင်ရင်လေးက ဘာလုပ်စရာ ကျန်သေးလို့လဲ''

''ကျွန်တော် အိပ်မက်ရွာက မိန်းကလေးတစ်ယောက်နဲ့ စကားပြောစရာတွေ ကျန်နေသေးလို့ ကျွန်တော့်ကို အိပ်မက်ရွာကို အရင်လိုက်ပို့ပေးပါလား၊ ပြီးမှ အားလုံး အတူတူ ပြန်ကြတာပေါ့''

''မောင်ရင်လေး ဦးကြီး ပွင့်ပွင့်လင်းလင်းပဲပြောတော့မယ်ကွယ်၊ ဒီနေရာမှာ မောင်ရင်ပြောတဲ့ရွာ တစ်ရွာမှ မရှိပါဘူး၊ ဦးကြီး အတွေ့အကြုံအရပြောရရင် ညက မောင်ရင်တွေ့ခဲ့တဲ့ရွာနဲ့ မိန်းကလေးတစ်ယောက်ဆိုတာ လုံးဝ လူသားတွေ မဖြစ်နိုင်ဘူးထင်တယ် မောင်ရင်''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မောင်ရင်လေး။ ဦးကြီးရဲ့ အဖေငယ်ငယ်တုန်း ကလည်း ဒီတောထဲမှာ မျက်စိလည်လမ်းမှားရင်းနဲ့ မောင်ရင် ကြုံတွေ့ခဲ့သလို အဖြစ်အပျက်မျိုး ကြုံတွေ့ခဲ့ဖူးတယ်လို့ ဦးကြီး ကြားဖူးတယ်၊ ဒီတော့ အကောင်းဆုံးက မောင်ရင် ညက ဖြစ်ပျက်ခဲ့တဲ့ကိစ္စတွေကို မေ့ဖျောက်ပြီး ရွာကို အေးအေး ဆေးဆေး ပြန်ကြတာ အကောင်းဆုံးပါပဲ"

"ဟာ မဟုတ်သေးပါဘူး ဦးကြီးရယ်၊ သူတို့တွေက လူသား စစ်စစ်တွေပါ၊ ပြီးတော့ ကျွန်တော့်ကိုလည်း ကောင်းကောင်း မွန်မွန် ဆက်ဆံကြပါတယ်။ ညစာတောင် ကျွန်တော် အဲဒီ ရွာမှာ စားခဲ့တာပါ၊ တကယ်ပါ ..ကျွန်တော်ပြောတာကို ယုံပါ"

"ယုံပါတယ် မောင်ရင်လေး၊ ယုံပါတယ်၊ ဘာဖြစ်လို့လဲဆို တော့ ဦးကြီးအဖေတုန်းကလည်း အဲဒီလိုပဲ ကြုံခဲ့ရလို့ပေါ့။ သူတို့တွေက လူတွေ မဟုတ်ကြဘူးကွဲ့။ ကျတ်တွေ၊ ရှင်းရှင်း ပြောရရင် မောင်ရင်လေး ညက တည်းခိုခဲ့တာ ကျတ်တွေ နေတဲ့ရွာပါ၊ ဒီလောက်ဆို မောင်ရင်လေး သဘောပေါက် လိုက်ပါတော့၊ သူတို့က လူတွေကိုတော့ ဒုက္ခဖြစ်အောင် မလုပ်ကြပါဘူး။ မောင်ရင့်ကိုလည်း ဒုက္ခဖြစ်နေမှန်းသိလို့ ကူညီလိုက်တာဖြစ်ပါလိမ့်မယ်ကွယ်၊ ကဲ ..အချိန်ရှိတုန်း သွားကြရအောင်ဟေ့"

ဦးကြီး စကားအဆုံးမှာတော့ သူ တကယ်ပဲ ဖဝေဖဝါ ဖြစ်နေ ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျတ်ရှာတဲ့။ ဖြစ်နိုင်ပါ့မလား။ သူ ညက အဖြစ်အပျက်တွေ မြင်ကွင်းတွေကို သူ ရနိုင်သလောက် ပြန်တွေးပြီး ပုံဖော်ကြည့်နေမိသည်။

လင်းချင်းတောက်ပနေသော ရွာတစ်ရွာ . . .

ဆိုင်းသံဗုံသံတွေအောက်မှာ ကလေးသူငယ်တွေ ပြေးလွှားဆော့ကစား . .

သစ်ရွက်တွေ အသက်မဲ့သေဆုံးနေသလို ငြိမ်သက်ခြောက်ကပ်မှုများနှင့် ဖိနပ်မစီးကြသော လူများ . .

စသဖြင့် သူ့မျက်ဝန်းတွေထဲမှာ ပြန်မြင်ယောင်လာခဲ့သည်။ နောက် သူမနှင့် ပြောခဲ့ရသော စကားများကိုလည်း ပြန်ကြားယောင်နေမိပြန်သည်။

"ဒါနဲ့ မိန်းကလေး၊ မိန်းကလေးတို့အိမ်မှာ ဘယ်သူမှလည်း မတွေ့ပါလား"

"ဘယ်တွေ့ပါ့မလဲရှင်၊ ဘယ်သူမှမ မရှိတာ"

. . . . . . . . . . . .

"ရှင် ဗိုက်တော်တော်ဆာနေပြီထင်တယ်၊ အရင် စားလိုက်ပါဦး"

"အင်း . . ဗိုက်ကတော့ ဆာနေပြီဗျ၊ ဒါနဲ့ မိန်းကလေးလည်း ကျွန်တော်နဲ့ အတူဝင်စားလေ"



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေ .. ရှင်တစ်ယောက်ပဲ စားပါ၊ ကျွန်မတို့မှာ လူတွေနဲ့ တစ်တန်းတည်းထိုင်စားဖို့ အခွင့်အရေးမရှိပါဘူး"

"ဗျာ"

............

"တကယ်ပြောတာပါရှင်၊ ရှင်နဲ့ ကျွန်မနဲ့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူးရှင်၊ ရှင် စိတ်ကူးယဉ်မနေပါနဲ့တော့"

"ဘာလို့ မဖြစ်နိုင်ရမှာလဲ မိန်းကလေးရယ်၊ ကျွန်တော့်ကို မယုံကြည်လို့လား၊ ဒါမှမဟုတ် ခုတွေ့ပြီး ခုပဲ ဒီစကားမျိုးပြောလို့ အထင်သေးနေတာလား မိန်းကလေး"

"ကျွန်မ ရှင့်ကို မယုံကြည်လို့လည်း မဟုတ်ပါဘူး၊ အထင်သေးလို့လည်း မဟုတ်ပါဘူးရှင်၊ တကယ်တော့ ရှင်နဲ့ကျွန်မက ပေါင်းစပ်လို့ကို မရနိုင်လို့ပါရှင်"

သူ ယခုတော့ စေ့စေ့တွေးပြီး ရေးရေးချင်း သဘောပေါက်စပြုလာခဲ့ပြီဖြစ်သည်။

BURMESE CLASSIC

ဒါဆို၊ သူ ညက တည်းခိုခဲ့တဲ့ အိပ်မက်ရွာက .. တကယ်ပဲ ကျတ်ရွာတစ်ရွာပေါ့၊ နောက်ပြီးတော့ သူနဲ့ ချစ်ခဲ့သောမိန်းကလေးကလည်း ...။

သူ ခေါင်းတွေ ချာချာပင်လည်သွားရသည်။ အမှန်တရားတစ်ခုဆိုပေမဲ့ သူ လက်မခံချင်သေး။ ညက ဆုံတွေ့ခဲ့ရသောမိန်းကလေးက တကယ်ပဲ အိပ်မက်တစ်ခုလိုပဲ တစ်ညတာ ဆုံစည်းခွင့်ပဲပြုခဲ့တာလား။



www.burmeseclassic.com

www.burmeseclassic.com



"ရှေ့တစ်ပြန်နှစ်ပြန်ဆိုရင် ရွာကို ရောက်တော့မယ်ဟေ့"

ဦးကြီးနှင့် ရွာသားတချို့၏ စကားတပြောပြောအသံတွေကို သူ ကြားနေရသည်။ သူကတော့ လူအုပ်ရဲ့နောက်ဆုံးမှာ တစ်ယောက်တည်း မကျေလည်နိုင်သေးသော အတွေးတွေဖြင့်သာ နှုတ်ဆိတ်ပြီး တိတ်တဆိတ်လိုက်ပါလာခဲ့ရသည်။

တကယ်တော့ သူ့အတွက် အိပ်မက်ရွာလေးနှင့် မိန်းကလေးက တကယ်ပဲ အိပ်မက်တစ်ခုလိုပါပဲ ...။

အိပ်မက်ဆိုသည့်အတိုင်း မှိုးလင်းသည်နှင့် အဖြစ်အပျက်၊ အကျိုးအကြောင်းနှင့် အရာအားလုံးဟာ ...

ပြေ

လျော့

လွင့်

ပျောက်

ပျက်

ပြယ် ...။

■ ■ ■

ဇာတ်လမ်းတစ်ပုဒ် ပြီးဆုံးသွားတဲ့အခါ

နောက်ထပ်ဇာတ်လမ်းတစ်ပုဒ်က အစပျိုးဖို့အတွက် ..

အဆင်သင့် ဖြစ်နေစမြဲပါပဲ ...။

***လေးစားကြိုးစားလျက်မှ ...,***

***မင်းတာခေတ်***



www.burmeseclassic.com

www.burmeseclassic.com



Ph - 09401667545

Facebook - မင်းတာခေတ်

Page - မင်းတာခေတ် ဝေဝန်ရေးနှင့် သူ၏
ပရိသတ်များ တွေ့ဆုံသွေးနွေးရာ ..



www.burmeseclassic.com